# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၍

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)**


၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၅ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၁၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး၊ ဗာတီကန်မြို့ပြနိုင်ငံ အစိုးရအဖွဲ့ အတွင်းရေးမှူး ဘုန်းတော်ကြီးတို့ တွေ့ဆုံ



**ရောမ မေ ၄**

အီတလီနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဗာတီကန်နန်းတော်၌ ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပုပ်ရဟန်းမင်းကြီးတို့ တွေ့ဆုံမှုအပြီးတွင် မြန်မာနိုင်ငံနှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် ကြေညာချက်ကို ထုတ်ပြန်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗာတီကန်မြို့ပြနိုင်ငံ အစိုးရအဖွဲ့ အတွင်းရေးမှူး ဘုန်းတော်ကြီး Pietro Parollin တို့သည် ဒေသစံတော်ချိန် နံနက် ၁၀နာရီတွင် တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❄

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ ဗာတီကန်နန်းတော်၌ ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်**

## တည်ငြိမ်မှုပျက်ပြားစေပြီး လူထုအတွင်း ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ သတင်းမှားနှင့် ကောလာဟလဖြန့်ချိမှုများ အထူးသတိပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ (၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်)**
**တည်ငြိမ်မှုပျက်ပြားစေပြီး လူထုအတွင်း ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ**
**သတင်းမှားနှင့် ကောလာဟလဖြန့်ချိမှုများ အထူးသတိပြုရေး**

၁။ လူမှုကွန်ရက်စာမျက်နှာ အချို့တွင် NLD သတင်းသီးသန့်၊ NLD Central News စသည့် အမည်တုများဖြင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်စပ်လျဉ်း၍ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ချိလာခဲ့ပြီး အင်တာနက်စာမျက်နှာအချို့တွင် ဆက်လက်ဖြန့်ချိနေသည်များ တွေ့ရှိရပါသည်။ အလားတူ ထိုသတင်းမှားများကိုအခြေခံ၍ ပြည်သူလူထုအတွင်း ကောလာဟလများပြန့်ပွားစေရန် ဆက်လက်ဖြန့်ချိခြင်းများ လုပ်ဆောင်လာခဲ့ပါသည်။

၂။ ဤဆောင်ရွက်ချက်များသည် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ရလဒ်နှင့်အညီ နိုင်ငံ့တာဝန်ကို ရယူထမ်းဆောင်လျက်ရှိသော နိုင်ငံတော်အစိုးရ လက်ထက် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာစေရန်၊ ကောလာဟလများ ကြီးထွားလာပြီး ပြည်သူများအကြား ကျိုးလန့်စာစားအခြေအနေများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ❖


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# အခွန်ဆောင်သောယဉ်ကျေးမှု ထွန်းကားရေး

အစိုးရတစ်ရပ်၏အသုံးစရိတ်ကို အခွန်ငွေမှရရှိသည်။ သယံဇာတထွက်ကုန်များအပေါ် အလွန်အကျွံမှီခိုနိုင်သော အစိုးရမျိုးမှတစ်ပါး ကျန်အစိုးရများသည် အခွန်ထမ်းပြည်သူများ၏ တာဝန်ကျေစွာ ထည့်ဝင်ကြသော အခွန်ဝင်ငွေအပေါ် အမှီပြု၍ အစိုးရလုပ်ငန်းများ လည်ပတ်ဆောင်ရွက်ကြရသည်။ ခေတ်ပေါ်လူ့အဖွဲ့အစည်းတိုင်းအတွက် အခွန်ထမ်းဆောင်မှုသည် ပုံမှန်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာသည်မှာ ကာလရှည်ကြာလှပြီဖြစ်ပါသည်။

ယခုတလောတွေ့ရသည့် သတင်းတစ်ခုအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အခွန်ပြေစာအမှတ်တံဆိပ်မကပ်သည့် စားသောက်ဆိုင် ၅၀၀ ကျော်ထံမှ ဒဏ်ကြေး ငွေကျပ်သန်း ၁၃၀ ကျော် ရရှိခဲ့သည်ဟုသိရသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ၂၀၁၅ ခုနှစ် မေလကစတင်၍ ပြေစာ၌ အခွန်အမှတ်တံဆိပ်မကပ်ပါက ဒဏ်ရိုက်သည့်စနစ်ကို စတင်ကျင့်သုံးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတစ်တိုင်းလုံးရှိ ဆိုင်ပေါင်း ၂၂၆၅ ဆိုင်သို့ အခွန်ပြေစာတံဆိပ်များ ဖြန့်ဝေထားသည်ဟုဆိုပါသည်။ ထို့ကြောင့် ဆိုင်ပေါင်း ၅၀၀ ကျော်က အခွန်ပြေစာအမှတ်တံဆိပ်မကပ်ခြင်းမှာ အရေအတွက်အားဖြင့် များပြားလှသည်ဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံ အာဆီယံသို့စတင်ဝင်ရောက်ခဲ့ပြီး မကြာမီ ၂၀၀၀ ပြည့်နှစ်အလွန်လောက်က အာဆီယံ၏အခွန်နှုန်းထားများနှင့် ညှိနှိုင်းရာတွင် မြန်မာနိုင်ငံတွင်ကောက်ခံသည့် အရပ်ရပ်အခွန်နှုန်းမှာ အာဆီယံအတွင်း အနိမ့်ဆုံးအဆင့်တွင်ရှိသည့်အတွက် အထူးတလည်အခွန်လျှော့ချရန် ညှိနှိုင်းခဲ့ရခြင်းမရှိဟုမှတ်သားမိခဲ့ပါသည်။ အခွန်ကောက်ခံမှုသမိုင်းတွင် "ကိုယ်စားပြုမှုမရှိလျှင် အခွန်ကောက်ခံခွင့်မရှိ"ဟူသော အဆိုတစ်ခုရှိခဲ့သည်။ ၎င်းမှာ အမေရိကန်တွင် ၁၇၇၃ ခုနှစ် ဒီဇင်ဘာလအတွင်းဖြစ်ပွားခဲ့သော "ဘော်စတွန်၊ တီးပါတီလှုပ်ရှားမှု"မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုလှုပ်ရှားမှုဖြစ်ပေါ်လာရသောအကြောင်းရင်းမှာ အင်္ဂလိပ်အစိုးရသည် အမေရိကန်ပြည်သူများ၏ ကိုယ်စားပြုရွေးချယ်ထားသော အစိုးရမဟုတ်ဘဲ ကုန်ပစ္စည်းများတွင် အခွန်တံဆိပ်ခေါင်းကပ်ရန် ဥပဒေပြဋ္ဌာန်းလိုက်ခြင်းကို ဆန့်ကျင်ရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

လက်ရှိအစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပသောရွေးကောက်ပွဲတွင် လူထုထောက်ခံမဲ ၈၀ ရာခိုင်နှုန်းခန့်ဖြင့် အနိုင်ရ၍ အစိုးရဖွဲ့နိုင်ခဲ့ခြင်းဖြစ်ရာ အစိုးရတွင် အခွန်ကောက်ခံပိုင်ခွင့် အပြည့်အဝရှိသလို ပြည်သူလူထုကလည်း ကျေကျေနပ်နပ်ဖြင့် ပေးဆောင်ရန် တာဝန်ရှိနေပါသည်။ အခွန်စနစ်တွင် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်ဟူ၍ရှိရာ ထိုအခွန်သုံးမျိုးတွင် ကုန်သွယ်လုပ်ငန်းခွန်က ပို၍အရေးကြီးပါသည်။ ၎င်းသည် သွယ်ဝိုက်ခွန်ဖြစ်သည်။ သွယ်ဝိုက်ခွန်၏သဘောမှာ အခွန်ပေးဆောင်ရန် တာဝန်ရှိသူသည် လုပ်ငန်းရှင်ဖြစ်ပြီး အခွန်ကျခံရသူသည် ဝယ်ယူစားသုံးသူဖြစ်သည်။ လုပ်ငန်းရှင်တို့၏ အိတ်ထဲမှ စိုက်ထုတ်ကျခံရသည့် အခွန်မျိုးမဟုတ်ဘဲ အများဆုံးကောက်ခံရရှိနိုင်သည့် အခွန်မျိုးဖြစ်သည်။ အလားတူ အခွန်ယိုဖိတ်မှုအများဆုံးရှိသည့် အခွန်အမျိုးအစားဟုလည်း ဆိုသည်။ လုပ်ငန်းရှင်တို့သည် သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန်ပေးသွင်းရန်ပျက်ကွက်ပါက ပြည်သူ့ဘဏ္ဍာငွေကို အလွဲသုံးစားပြုရာရောက်သည်။ လျှော့နည်း၍ ပေးသွင်းခဲ့လျှင်လည်း ပြည်သူ့ဘဏ္ဍာရန်ပုံငွေကို ခိုးယူခြင်းမည်ပါသည်။ ထိုသို့ အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ လျှော့နည်းပေးသွင်းခြင်းတို့ကို မသိကျိုးကျွန်ပြု၍ အရေးယူဆောင်ရွက်ခြင်းမရှိသည့် တာဝန်ရှိသူတို့သည်လည်း ပြည်သူ့ဘဏ္ဍာငွေကို အလွဲသုံးစားပြုခြင်း၊ ခိုးယူခြင်းအမှုကိစ္စကို အားပေးအားမြှောက်ပြုရာရောက်ပါသည်။ အခွန်တိမ်းရှောင်ရန် အပေးအယူပြုခြင်း၊ အခွန်လျှော့နည်းစည်းကြပ်ရန် အပေးအယူပြုခြင်းများသည် အဂတိလိုက်စားမှု လာဘ်ပေးလာဘ်ယူမှုတွင် အကျုံးဝင်ပါသည်။

ယခုနှစ်ဆန်းပိုင်းသတင်းများတွင် မော်တော်ကားအရောင်းစင်တာဖွင့်ထားသည့် ကုမ္ပဏီ ၇၀ သည် သုံးနှစ်ဆက်တိုက် အခွန်ဆောင်ရန် ပျက်ကွက်ခြင်း၊ ရန်ကုန်မြို့တွင် ရေဖိုးကောက်ခံရန်ကျန်ရှိမှုတွင် အများပြည်သူရေဖိုးကျပ်သန်း ၁၂၆၀ နှင့် ရေမီတာဖိုးငွေကျပ် ၉၀၆ သန်းရှိကာ နိုင်ငံခြားသားများ၏ ဟိုတယ်နှင့် နေအိမ်များမှ ကောက်ခံရန် ငွေကျပ် ၂၅၅ သန်းဖိုး ကျန်ရှိနေကြောင်း သိရသည်။ ထို့အပြင် ဌာနဆိုင်ရာအဖွဲ့အစည်း ၃၇ ခု၏ ရေဖိုးကြွေးကျန် ၅၃ သန်းရှိနေသည်။ အလားတူ ပန်းခြံများတွင် မြေငှားရမ်းခဈေးနှုန်းများသည် ကာလပေါက်ဈေးများနှင့်နှိုင်းယှဉ်ပါက အလွန်နည်းနေပြီး ကရဝိက် ဥယျာဉ်အတွင်းရှိ ကုမ္ပဏီကြီးတစ်ခုသို့ ငှားရမ်းခသည် ပြင်ပပေါက်ဈေးနှင့် နှိုင်းယှဉ်ပါက နိုင်ငံတော်မှ တစ်နှစ်လျှင် ငွေကျပ် ၂ ဘီလီယံနီးပါး နစ်နာနေ သည်ဟု ဆိုပါသည်။

အမှန်တကယ်မှာ အခွန်ထမ်းခြင်းသည် ဂုဏ်ရှိသောကိစ္စဖြစ်သည်။ အခွန်ထမ်းခြင်းသည် ခေတ်မီလူ့အဖွဲ့အစည်းတစ်ခု၏ ယဉ်ကျေးမှုလည်းဖြစ်သည်။ အခွန်ထမ်းခြင်းအားဖြင့် မိမိအကျိုးအပါအဝင် နိုင်ငံအကျိုး အများအကျိုးကိုပါ ဆောင်ရွက်ခြင်းဖြစ်ပေရာ အခွန်ထမ်းဆောင်သော ယဉ်ကျေးမှုတစ်ရပ်ထွန်းကားလာရေး ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## မြန်မာ-စင်ကာပူ ကုန်သွယ်ရေးသဘောတူစာချုပ်နှင့် အခွန်နှစ်ထပ်မစည်းကြပ်ရေးဆိုင်ရာသဘောတူစာချုပ်များကိစ္စ ဆွေးနွေး

**နေပြည်တော် မေ ၄**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် စင်ကာပူနိုင်ငံသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာနှင့် ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ဥပဒေရေးရာပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ (MoU) အရ ဆောင်ရွက်လျက်ရှိသော ဥပဒေရေးရာနှင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ စင်ကာပူနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူစာချုပ်နှင့် အခွန်နှစ်ထပ်မစည်းကြပ်ရေးဆိုင်ရာ သဘောတူစာချုပ်များကိစ္စ၊ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်ရေးအတွက် စင်ကာပူနိုင်ငံက လိုအပ်သည့်အခန်းကဏ္ဍမှ ပံ့ပိုးကူညီမည့်ကိစ္စ စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ရှမ်း၊ ကရင်နှင့် ပဲခူးတို့တွင် ဇွန်လအတွင်း ဖွဲ့စည်းမည်

ရန်ကုန် မေ ၄

**သတင်း - ရဲခေါင်ညွှန့်**
**ဓာတ်ပုံ - ဖိုးထောင်**

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၀) ကြိမ်မြောက် အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပသည်။ (အောက်ပုံ)**

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် တပ်မတော်ဘက်မှ ကရင်ပြည်နယ်တွင် မိုင်းရှင်းလင်းရေးကိစ္စ၊ JMC-L ရုံးများ ဇွန်လအတွင်း စတင်ဖွဲ့စည်းနိုင်ရေးကိစ္စ၊ JMC-S ရုံးများတွင် ဝန်ထမ်းများ ထပ်မံခန့်ထားနိုင်ရေးနှင့် နယ်ခြားစောင့်တပ် (BGF)အပါအဝင် ပြည်သူ့စစ်များ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ လိုက်နာနိုင်ရေးတို့ကို ဆွေးနွေးသည်။

JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရိုက "ဒေသန္တရ အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) ဖွဲ့စည်းဖို့ကို ရှမ်း၊ ကရင်နဲ့ ပဲခူးသုံးနေရာမှာ ဇွန်လမကုန်ခင် အရင်ဆုံးလုပ်မယ်။ ဒါပေမယ့် ဒါကို ပြည်နယ်အဆင့် JMC-S ကနေ လုပ်ရမှာဖြစ်တယ်။ ကျွန်တော်တို့ကတော့ ရှမ်းပြည်နယ်မှာ လင်းခေး၊ ကရင်ပြည်နယ်မှာ ဖာပွန်၊ ပဲခူးမှာတော့ မောဂလိမှာလုပ်ဖို့ ယာယီအကြံပြုတယ်။ ဒါပေမယ့် JMC-S ကနေ အစည်းအဝေးလုပ်တဲ့အချိန်မှာမှ ဆုံးဖြတ်မှာပါ" ဟု ပြောသည်။

ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L) ကို ဇွန်လမတိုင်မီ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖွဲ့စည်းနိုင်ရေး ဆွေးနွေးခဲ့ပြီး ဖွဲ့စည်းမည့်နေရာများနှင့်ပတ်သက်၍ တိုင်းဒေသကြီး / ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) က ဆုံးဖြတ်ရမည်ဖြစ်သည်။



ယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ (UPC)ကို တက်ရောက်နိုင်သည့် အဖွဲ့အစည်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး လက်ရှိအချိန်ထိ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရန် ဖိတ်ကြားထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုသာ အစိုးရအနေဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"ခွဲထွက်အဖွဲ့တွေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံကို တက်ခွင့်ရဖို့ ပြောတာတွေကို ရှင်းလင်းတယ်။ အခုထိ (NCA) ကို လက်မှတ်ထိုးဖို့ ဖိတ်ကြားထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကိုပဲ လက်ခံသေးတယ်။ အဲ့ဒီအဖွဲ့အစည်းတွေကနေ ထပ်ပြီး

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၄-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၇၅ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၉ ・ ၄၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ・ ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁၁ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၂ ・ ၉၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

❄ ရှေ့ဖုံးမှ

ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်တည်ထောင်နိုင်ခြင်းအတွက် ဝမ်းမြောက်ကြောင်း ပြောကြားကြသည်။

**နေ့လယ်စာသုံးဆောင်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရောမမြို့ရှိ မြန်မာသံရုံး၌ သံအမတ်ကြီးနှင့် ဇနီး၊ မြန်မာသံရုံးဝန်ထမ်းများ၊ ပညာတော်သင်များနှင့် အီတလီနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်သည်။

**မိန့်ခွန်းပြောကြား**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲ ၂ နာရီတွင် အီတလီလွှတ်တော်၌ Migration and Gender Equality ခေါင်းစဉ်ဖြင့် ကျင်းပသည့် နိုင်ငံတကာလွှတ်တော်အမတ်များညီလာခံသို့ အထူးဖိတ်ကြားထားသူအဖြစ် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ-အီတလီ ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ Vincenzo Scotti နှင့် အဖွဲ့အား မေ ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ရောမမြို့ရှိ ခေတ္တတည်းခိုသည့် Boscolo Hotel၌ တွေ့ဆုံခဲ့သည်။

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

တွေ့ဆုံစဉ် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တွေ့ဆုံ**

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီနိုင်ငံခြားရေးဝန်ကြီး Mr. Angelino Alfano နှင့် မေ ၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ရောမမြို့ရှိ အီတလီနိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

**ဆက်လက်ထောက်ခံ**

တွေ့ဆုံစဉ် မြန်မာ-အီတလီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် ဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေမှုများနှင့် အီတလီနိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များအပေါ် ဆက်လက်ထောက်ခံသွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဗာတီကန်မြို့ပြနိုင်ငံ အစိုးရအဖွဲ့ အတွင်းရေးမှူး ဘုန်းတော်ကြီး **Pietro Parollin** က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတကာလွှတ်တော်အမတ်များညီလာခံ၌ အဖွင့်မိန့်ခွန်းပြောကြားစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-အီတလီ ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ **Vincenzo Scotti** နှင့် တွေ့ဆုံဆွေးနွေးစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အီတလီနိုင်ငံခြားရေးဝန်ကြီး **Mr. Angelino Alfano** တို့ တွေ့ဆုံဆွေးနွေးစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံ (Holy See) တို့အကြား သံတမန်အဆက်အသွယ်ထူထောင်

**နေပြည်တော် မေ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံ (Holy See) တို့သည် အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရန် ဆန္ဒရှိကြသည့်အားလျော်စွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘက်မှ သံရုံးအဆင့်ဖြင့် လည်းကောင်း၊ ဗာတီကန်မြို့ပြနိုင်ငံဘက်မှ ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်ရုံးအဆင့်ဖြင့် လည်းကောင်း သံတမန်အဆက်အသွယ်ထူထောင်ရန် နှစ်ဦးနှစ်ဖက်သဘောတူညီခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် စတင်ထူထောင်ကြောင်း ပူးတွဲကြေညာချက်ကို ၂၀၁၇ ခုနှစ် မေ ၄ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး Pope Francis တို့ ဗာတီကန်နန်းတော်၌ တွေ့ဆုံမှုအပြီးတွင် ထုတ်ပြန်ကြေညာခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဗာတီကန်မြို့ပြနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၁၈ နိုင်ငံမြောက် သံတမန်အဆက်အသွယ်ထူထောင်သည့်နိုင်ငံဖြစ်သည်။

**(သတင်းစဉ်)**

# အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ တတိယအကြိမ်စည်းဝေး

**နေပြည်တော် မေ ၄**

အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ (National Transport Facilitation Committee-NTFC) ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့၌ မေ ၂၄ရက်မှ ၂၅ ရက်တွင် ကျင်းပရန်ရှိသော 2nd Joint Committee Retreat for GMS CBTA နှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ရန်ရှိသဖြင့် ဆွေးနွေးရမည့် ရည်ရွယ်ချက်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အဆင့်ဖြစ်မှုအနေအထားများကို သိရှိလိုသဖြင့်လည်းကောင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း အစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ကနဦးအကောင်အထည်ဖော် ဆောင်ရွက်ခြင်း (IICBTA) ကိုဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ မဟာမဲခေါင်ဒေသခွဲအတွင်း လူနှင့်ကုန်စည်များ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး မူဘောင်သဘောတူစာချုပ် (CBTA)အား အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် မူဘောင်သဘောတူစာချုပ်ပါ Protocol-1 ၏ လမ်းကြောင်းတိုးချဲ့ခြင်း၊ မော်တော်ယာဉ်ဝင်ခွင့်ပြုနိုင်မည့် လမ်းကြောင်း၊ လမ်း၊ တံတားနှင့် Border Control Facilities (BCF) တို့၏အသင့်ဖြစ်မှု အခြေအနေ၊ မော်တော်ယာဉ် ဝင်ခွင့်ပြုနိုင်မည့်လမ်းကြောင်း၊ နယ်စပ်ကုန်သွယ်မှုစခန်းများတွင် ကုန်စည်နှင့် သယ်ယူပို့ဆောင်ရေးယာဉ်များကို အဆင်ပြေမြန်ဆန်ချောမွေ့စွာ စစ်ဆေးမည့် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များကို မြဝတီနယ်စပ်စခန်းအပါအဝင် မူဆယ်နှင့် အခြားနယ်စပ် ဝင်/ထွက်ပေါက်များနှင့် နယ်စပ်ဖြတ်ကျော်စခန်းများ၌ ဆောင်ရွက်ရန်လိုအပ်သည်များကို တက်ရောက်လာကြသည့် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ခံဝန်ကြီးဌာနတို့က ဆွေးနွေးကြသည်။ ဆွေးနွေးမှုအပေါ် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ ***ရှေ့ဖုံးမှ***

၃။ ဤသို့ သတင်းမှားများ ဖြန့်ချိ၍ ကောလာဟလများဖြင့် နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားစေရန် ဆောင်ရွက်နေခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် သိသင့်သိထိုက်သော သတင်းအချက်အလက်များကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် လည်းကောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ခိုင်မာစေရေးအတွက် လည်းကောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် လည်းကောင်း နိုင်ငံတော်အစိုးရက ပြည်သူနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အရေးကြီးလှသော ယနေ့အချိန်အခါ၌ ပြည်သူများအနေဖြင့် အဖျက်အမှောင့်လုပ်ဆောင်သူများ၏ သတင်းမှားနှင့် ကောလာဟလများ ဖြန့်ချိနေမှုများကို အလွယ်တကူ ယုံကြည်ခြင်းမပြုဘဲ အထူးသတိပြုဆင်ခြင်နိုင်ကြပါရန် အသိပေးလျက် သတင်းထုတ်ပြန်အပ်ပါသည်။



သတင်းမှားများဖြန့်ချိလျက်ရှိသော NLD Central News (ယခင် NLD သတင်းသီးသန့်) အမည်ရှိ Facebook Page

# အရာထမ်းလောင်းအခြေခံသင်တန်း ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ အမှတ်စဉ် (၁)၏ ဘွဲ့နှင်းသဘင်ကျင်းပ

**နေပြည်တော် မေ ၄**

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သည့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma In Civil Service Management) အမှတ်စဉ် (၁) ၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဘွဲ့နှင်းသဘင်ခန်းမ၌ မေ ၄ ရက်တွင် ကျင်းပခဲ့ပြီး ဘွဲ့ရမောင်မယ် ၅၈ ဦးအား ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသူနှစ်ဦးအား စံပြသင်တန်းသားဆု၊ စာပေထူးချွန်ဆုနှင့် စာပေဂုဏ်ထူးဆုတို့ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၏ မိန့်ခွန်းမြွက်ကြားနေမှုကို ဗီဒီယိုဖြင့်ပြသခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်မှုနှင့်အညီ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တို့တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများကို ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် Old Public Administration မှ ယခုလက်ရှိ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ဒီမိုကရေစီစနစ်နှင့် လျော်ညီသော New Public Management, New Public Governance တို့ကို အထောက်အကူပြုစေမည့် New Public Service Delivery လုပ်ငန်းစဉ်ကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်မည့် ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပေးနေပြီဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများကို ထိရောက်စွာ လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ ပြည်သူ့ဝန်ထမ်းများအား ထိရောက်ထက်မြက်စွာ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် Semi-Regimental Training Approach အစား ပညာရေးနှင့်ကျွမ်းကျင်မှုအခြေပြု လေ့ကျင့်သင်ကြားရေး Education and Competency Training Approach အဖြစ်ပြောင်းလဲပြီး ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာနှင့် မဟာဘွဲ့များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် အကောင်အထည်ဖော်နေခဲ့ပြီဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများက လေ့ကျင့်ပေးလိုက်သည့် ပညာရပ်များမှာ တာဝန်ထမ်းဆောင်ရာတွင် အခြေခံကောင်းများရရှိရန်ဖြစ်ပြီး အရည်အချင်းပြည့်ဝ၍ စွမ်းရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာရန် ဆက်လက်ဆည်းပူးကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း။

မိမိတို့နှင့် သက်ဆိုင်သော ပညာရပ်ဗဟုသုတများသာမက နိုင်ငံ့ဝန်ထမ်းတိုင်း သိသင့်သိထိုက်သည့် ဘာသာရပ်နယ်ပယ်များကိုလည်း နှံ့နှံ့စပ်စပ်နားလည်သိရှိအောင် လေ့လာကြရန်လိုကြောင်း၊ အရင်းခံစိတ်ထား Mind-set တွင် ပြည်သူ့ဝန်ကို ထမ်းမည့်သူ၊ ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းဝန်ဆောင်ပေးမည့်သူ၊ ပြည်သူ့အတွက် အပြည့်အဝဆောင်ရွက်ပေးမည့် စိတ်ဓာတ်မျိုးထားရှိနိုင်ရေးနှင့် ပိုမိုကောင်းမွန်သော Service Delivery ပေးနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်စေရေးနှင့် အရည်အချင်းပြည့်ဝသောဝန်ထမ်းများ ပေါ်ထွက်လာမှသာလျှင် ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ပေါ်လာမည်ဖြစ်ပြီး ကောင်းမွန်သောအုပ်ချုပ်ရေး (Good Governance) ရှိမှသာ ကောင်းမွန်သော လူ့အဖွဲ့အစည်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု (Socioeconomic Development)ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း အပြန်အလှန်အားဖြင့် ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်မှသာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီးရှိ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများအနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တတည်းဟူသော စွမ်းရည်သုံးရပ် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အဂတိတရားကင်းစင်၍ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်သည့် ပြည်သူ့ဝန်ထမ်းများအဖြစ် လေ့ကျင့်သင်ကြားပေးလိုက်ပြီဖြစ်၍ ပြည်သူကို ထိရောက်ထက်မြက်စွာ ဝန်ဆောင်မှုပေးရာတွင် အရည်အသွေးရှိမှု(Quality)၊ သွက်လက်မြန်ဆန်မှု (Speed)၊ မဆိုင်းမတွလုပ်ဆောင်မှု (Responsiveness)နှင့် တာဝန်ယူမှုတာဝန်ခံမှု (Accountability) ရှိသည့် ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်ကြပြီး မိမိတို့ရဲ့ လုပ်ငန်းတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိသူများအဖြစ် အစဉ်ကြိုးပမ်းထမ်းဆောင်ရင်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားလာမည့် အဆင့်မြင့် နိုင်ငံ့တာဝန်များကို တိုးမြှင့်တာဝန်ယူထမ်းဆောင်နိုင်ပြီး တိုင်းပြည်အတွက် ဂုဏ်ယူအားထားရသော ဝန်ထမ်းကောင်းများဖြစ်လာစေရန် ဆန္ဒပြုပါကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ဦးဝင်းမော်၊ အဖွဲ့ဝင် ဦးသန်းထွန်း၊ ပါမောက္ခချုပ် ဦးညီညီစံနှင့် တာဝန်ရှိသူများ၊ အရာထမ်းလောင်းအခြေခံသင်တန်း ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာအမှတ်စဉ် (၁)မှ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂ ရက်မှ မေ ၄ ရက်အထိ ရက်သတ္တ ၁၆ပတ်ကြာဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ဝန်ထမ်းများ အသိဉာဏ်အမြော်အမြင်နှင့် အရည်အသွေးကောင်းများ အစဉ်ထက်မြက်စေရန် လေ့လာဆည်းပူး




ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁) ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တက်ရောက် အမှာစကားပြောကြားစဉ်

**ရန်ကုန် မေ ၄**

အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁) ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်ပြီး ဘွဲ့လွန်ဒီပလိုမာဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းသား/သင်တန်းသူ ၂၀ ကို ဘွဲ့လွန်ဒီပလိုမာဘွဲ့လက်မှတ် အပ်နှင်းပြီး ပါမောက္ခချုပ်က သင်တန်းသား/သင်တန်းသူ ၄၁ ဦးကို ဘွဲ့လွန်ဒီပလိုမာဘွဲ့လက်မှတ် အပ်နှင်းသည်။ ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသား/သင်တန်းသူ သုံးဦးအား စံပြဆု၊ စာပေထူးချွန်ဆုနှင့် စာပေဂုဏ်ထူးဆုတို့ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဘွဲ့နှင်းသဘင်အခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများကို ဖွင့်လှစ်နိုင်ခဲ့ပြီး ပထမအကြိမ် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ ချီးမြှင့်အပ်နှင်းခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် Old Public Administration မှ ယခုလက်ရှိ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့်လျော်ညီသော New Public Management New Public Governance တို့ကို အထောက်အကူပြုစေမည့် New Public Service Delivery လုပ်ငန်းစဉ်တို့ကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်မည့် ပြည်သူ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများကို ထိရောက်ထက်မြက်စွာ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် Semi-Regimental Training Approach အစား ပညာရေးနှင့် ကျွမ်းကျင်မှု အခြေပြုလေ့ကျင့်ရေး Educational Competency Training Approach အဖြစ်ပြောင်းလဲပြီး ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာနှင့် မဟာဘွဲ့များ ချီးမြှင့်အပ်နှင်းရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့ဝန်ထမ်းတစ်ဦးစီအတွက် အဓိကစံတန်ဖိုးများနှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေး အခြေခံအုတ်မြစ်များ ပြည့်စုံစေရန် လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အသိဉာဏ်အမြော်အမြင်နှင့် ပြည့်စုံမှု၊ တီထွင်ဖန်တီးနိုင်စွမ်းရှိမှု၊ ရှာဖွေစုံစမ်းလေ့လာသင်ယူနိုင်စွမ်းရှိမှု၊ ဝေဖန်ဆန်းစစ်ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်မှုစသည့် အရည်အသွေးကောင်းများ အစဉ်ထက်မြက်နိုင်စေရန် ဆက်လက်လေ့လာဆည်းပူးသွားကြရန်ဖြစ်ကြောင်း၊ အမျိုးသားရေးအမြင်ထက်မြက်ရှင်သန်ကြရန် လိုအပ်သလို ပါတီနိုင်ငံရေး လုံးဝကင်းစင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ငြိမ်းချမ်းသာယာရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန်ပြောကြားသည်။

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများက သင်ကြားပေးလိုက်သော ပညာရပ်များနှင့် အလေ့အကျင့်ကောင်းများကို လက်တွေ့နယ်ပယ်မှ အတွေ့အကြုံကောင်းများနှင့် ပေါင်းစပ်ပြီး အကျိုးရှိအောင် အသုံးပြုကြရန်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးပိုင်းတွင် ပြည်သူကို ဗဟိုပြုသည့်စနစ် ပြောင်းလဲကျင့်သုံးပြီး စီးပွားရေးကဏ္ဍတိုးတက်စေရန်နှင့်ပုဂ္ဂလိကကဏ္ဍတိုးတက်စေရန် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိနေရာ နိုင်ငံတော်အနေဖြင့် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership -PPP)ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသော ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်အတွက်ဂုဏ်ယူအားထားရသော ဝန်ထမ်းကောင်းများအဖြစ် ကျရာအခန်းကဏ္ဍကနေ၍ စိတ်စေတနာအပြည့်အဝထားရှိပြီး တက်ညီလက်ညီ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးပွား၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တက္ကသိုလ်အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးနှင့် တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဧည့်ပရိသတ်များ၊ ဘွဲ့ယူသင်တန်းသား/သူများနှင့် ယင်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူကာ ပြန်တမ်းဝင်အရာရှိ ရာထူးရွေးချယ်ခြင်းခံရသည့် သင်တန်းသား/သင်တန်းသူ ၅၅ ဦးနှင့် ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းများမှ သင်တန်းသား/သင်တန်းသူ ခြောက်ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂ ရက်မှ မေ ၄ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူမှုပရဟိတလုပ်ငန်းများ ဆောင်ရွက်ရန် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ငွေလှူ

**ရန်ကုန် မေ ၄**

လူမှုပရဟိတလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော စာရေးဆရာမ ဒေါ်သန်းမြင့်အောင်နှင့် ဆရာမ ဒေါ်ဖြူဖြူသင်းတို့အား နိုင်ငံအဝန်း ပရဟိတလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အလှူငွေကျပ်သိန်း ၂၅၀၀ စီဖြင့် အလှူငွေကျပ်စုစုပေါင်း သိန်း ၅၀၀၀ ကို မေ ၄ ရက်က မြောက်ဒဂုံမြို့နယ်ရှိ ဆရာမဒေါ်သန်းမြင့်အောင်၏ အောင်ဖောင်ဒေးရှင်းရုံးတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။




အလှူငွေ ပေးအပ်လှူဒါန်းပွဲသို့ အလှူရှင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အောင်ဖောင်ဒေးရှင်း၏ အုပ်ချုပ်သူ ဒေါ်သန်းမြင့်အောင်၊ NLD AIDS Center (NAC) HIV/AIDS ၏ အုပ်ချုပ်သူ ဒေါ်ဖြူဖြူသင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ခဲ့ကြပြီး ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက စာရေးဆရာမဒေါ်သန်းမြင့်အောင်အား ၎င်းဦးစီးသော အောင်ဖောင်ဒေးရှင်းနှင့် ၎င်း၏ပရဟိတလုပ်ငန်းများအတွက် လှူဒါန်းငွေကျပ် သိန်း ၂၅၀၀ ကို လည်းကောင်း၊ NLD AIDS Center (NAC) HIV/AIDS ပြုစုစောင့်ရှောက်ရေးဂေဟာဖွင့်လှစ်၍ ခုခံအားကျဆင်းမှု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဆရာမ ဒေါ်ဖြူဖြူသင်းအား လှူဒါန်းငွေကျပ် သိန်း ၂၅၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဒေါ်သန်းမြင့်အောင်နှင့် ဒေါ်ဖြူဖြူသင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ဒေါ်သန်းမြင့်အောင် ဖွဲ့စည်းတည်ထောင်ထားသည့် ပရဟိတလုပ်ငန်းများဖြစ်သော HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးသူငယ်များကို ပြုစုစောင့်ရှောက်နေသည့် သုခရိပ်မြုံဂေဟာ၊ ခိုကိုးရာမဲ့ နာမကျန်းဘိုးဘွားများအတွက် ဆည်းဆာရိပ်ဂိလာန ဘိုးဘွားရိပ်သာ၊ လူမှုဝန်းကျင်နှင့် ပရဟိတ သင်တန်းကျောင်းများအတွက် အနာဂတ်ပရဟိတခေါင်းဆောင်များ မွေးထုတ်သင်ကြားပေးရာ အောင်ဖောင်ဒေးရှင်း၊ ရုပ်ရှင်၊ ဂီတနှင့် စာပေနယ်ပယ်များရှိ ခိုကိုးရာမဲ့ သက်ကြီးဘိုးဘွားများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားသော အနုပညာဆည်းဆာရိပ်၊ မိဘမဲ့ကလေးငယ်များအတွက် ဖွင့်လှစ်ထားသည့် ရတနာဂေဟာ၊ အောင်မြေပရဟိတကျောင်းနှင့် အခြား ပရဟိတလုပ်ငန်းများအတွက် ရည်ရွယ်၍ အလှူငွေကျပ်သိန်း ၂၅၀၀ ကို ပေးအပ်လှူဒါန်းရခြင်းဖြစ်သည်။

စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က "ကျွန်မတို့ ပရဟိတသမားတွေဆိုတာ လိုအပ်တဲ့အချိန်၊ လိုအပ်တဲ့နေရာကို ရောက်ဖို့ အချိန်မရွေး ဖြည့်ဆည်းနေရတယ်။ အဲဒီလိုဖြည့်ဆည်းဖို့အတွက် ကျွန်မတို့မှာ စေတနာရှိရုံနဲ့မရပါဘူး။ မေတ္တာတရား၊ ရိုးဖြောင့်မှုရဲ့ အခြေခံစာရိတ္တအပြင် အဲဒါကို အရင်းတည်ပြီး အလှူရှင်ကပေးတဲ့ အလှူကို အလှူခံပုဂ္ဂိုလ်ဆီကို အရောက်ပို့ပေးရတာ ပရဟိတသမားတွေရဲ့အလုပ်ပါ၊ ကျွန်မမှာ လိုအပ်နေတဲ့ အထောက်အပံ့ဖြစ်တဲ့ ငွေကြေးကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက လှူဒါန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါကို ကျွန်မက ထိရောက်တဲ့နေရာမှာ ထိထိရောက်ရောက် အောင်အောင်မြင်မြင်နဲ့ လေးလေးနက်နက် သုံးစွဲမယ်ဆိုတာကို ကျွန်မ ကတိပေးပါတယ်" ဟု ပြောကြားခဲ့သည်။

အလားတူ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် ဆရာမဒေါ်ဖြူဖြူသင်း တည်ထောင်ထားသည့် အရှေ့ဒဂုံမြို့နယ်တွင် ဆောက်လုပ်နေသည့် ခုခံအားကျဆင်းမှုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးဂေဟာ အတွက် ရည်ရွယ်၍ အလှူငွေကျပ်သိန်း ၂၅၀၀ ကို လှူဒါန်းခဲ့သည်။

ဆရာမ ဒေါ်ဖြူဖြူသင်းက "ကျွန်မအနေနဲ့ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကို အထူးပဲကျေးဇူးတင်ပါတယ်၊ ဝမ်းလည်းဝမ်းသာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့လုပ်ခဲ့တဲ့ HIV/AIDS နဲ့ ပတ်သက်ပြီးတော့ ၂၀၀၂ ခုနှစ် ကနေ ၂၀၁၇ ခုနှစ်အထိ ၁၅ နှစ်ရှိပါပြီ။ ဒီ ၁၅ နှစ်တာကာလမှာ ဒီလှူဒါန်းမှုဟာ အများဆုံးရတယ်လို့ ပြောလို့ရပါတယ်။ ငွေကျပ်သိန်း ၂၅၀၀ ဆိုတာ မနည်းပါဘူး။ ကျွန်မတို့လုပ်ချင်တဲ့ကိစ္စတွေ အများကြီးလုပ်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကို အထူးပဲ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့နောက် အလှူငွေ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက "ကျွန်မတို့ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို စဉ်ဆက်မပြတ်အောင် ဆောင်ရွက်နေပါတယ်။ ဆရာမ ဒေါ်သန်းမြင့်အောင်နဲ့ ဆရာမ ဒေါ်ဖြူဖြူသင်းတို့လို ပြည်သူအတွက် ပရဟိတလုပ်ငန်းတွေကို အင်အားအပြည့်နဲ့ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေကို ကျွန်မတို့က တာဝန်ကျေတဲ့ ပြည်သူအနေနဲ့ ပံ့ပိုးကူညီခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့နောက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် တာဝန်ရှိသူများ၊ ဖောင်ဒေးရှင်းအဖွဲ့ဝင်များက ဆရာမ ဒေါ်သန်းမြင့်အောင်၏ ဆည်းဆာရိပ်၊ အနုပညာဆည်းဆာရိပ်၊ ရတနာဂေဟာ၊ အောင်မြေပရဟိတကျောင်းနှင့် ဆရာမ ဒေါ်ဖြူဖြူသင်း၏ NLD AIDS Center တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းသည် ဖောင်ဒေးရှင်း စတင်တည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ယနေ့အထိ ကဏ္ဍအသီးသီးတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် စုစုပေါင်းငွေကျပ် ၁၂၀ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သဲနိုင်ဦး(မြန်မာစာ)**

# သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ် ဗုဒ္ဓပူဇနီယပွဲတော်များ စည်ကားစွာကျင်းပမည်

**မြောက်ဦး မေ ၄**

ရခိုင်ပြည်နယ်၏ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ မြောက်ဦးမြို့၌ (၈၉)ကြိမ်မြောက် သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို မေ ၈ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီ ဗုဒ္ဓပူဇနီယပွဲတော်ကို ရခိုင်တွေရဲ့ ဒုတိယသင်္ကြန်လို့ ပြောကြတယ်။ ပွဲတော်ရဲ့အစနေ့ကို ကဆုန်လပြည့်နေ့မှာ ထုံးစံအတိုင်း သတ်မှတ်ထားပါတယ်။ ပွဲတော်ကာလမှာ ပဋ္ဌာန်းတရားပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲ၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ရခိုင်ရိုးရာလောင်းလှေပြိုင်ပွဲ၊ ရခိုင်ရိုးရာ ကျင်ကိုင်ပွဲနဲ့ ရခိုင်ရိုးရာယဉ်ကျေးမှုဇာတ်တွေကို ထည့်သွင်းကျင်းပမှာပါ။ ရခိုင်ရိုးရာလောင်းလှေ ပြိုင်ပွဲလုပ်တဲ့ ချောင်းထဲမှာ လာတဲ့ဧည့်သည်တွေက လောင်းလှေစီးပြီး အပြန်အလှန် ရေကစားကြလေ့ရှိတယ်။ အနုမကန်မှာ ရေကစားလေ့ရှိကြတယ်"ဟု ပွဲတော်ကျင်းပရေးကော်မတီဝင်များက ပြောကြားသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

❍ ကျော့ဖုံးမှ

၂၅ မိနစ်နောက်ပိုင်းတွင် ပြိုဆင်းကာ ဂိုးများဆက်တိုက်ပေးခဲ့ရသည်။

မြန်မာ့လက်ရွေးစင်နောက်ခံလူဟောင်း ဦးဇော်လင်းထွန်း-၂ ကိုင်တွယ်နေသည့် မဟာယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမား နှစ်ဦးအပါအဝင် လူစုံအသုံးပြုခဲ့ပြီး တက္ကသိုလ်အသင်းသည်လည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတွင် နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ရှစ်မိနစ်တွင် ဆင်မြူရယ်က မဟာအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၁၉ မိနစ်တွင် အောင်သန့်ဇော်က တက္ကသိုလ်အတွက် ချေပဂိုးသွင်းယူခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၂၆ မိနစ်တွင် ဖရိုင်းဒေးက မဟာအတွက် ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ဒုတိယဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် တက္ကသိုလ်အသင်းက ကစားကွက်ပျက်သွားခဲ့ပြီး ဂိုးများဆက်တိုက်ပေးခဲ့ရသည်။ မဟာယူနိုက်တက်အတွက် အနိုင်ဂိုးများကို ၃၈၊ ၄၅၊ ၄၈ မိနစ်တွင် ဆင်မြူရယ်၊ ၄၁ မိနစ်တွင် တိုးဆက်နိုင်၊ ၅၄ မိနစ်တွင် ဖရိုင်းဒေးက သွင်းယူခဲ့သည်။ မဟာအသင်းသည် ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ကျင်းပသောပွဲတွင် နေပြည်တော်နှင့်ဒဂုံအသင်းတို့ မိနစ် ၁၂၀ ပြည့်သည်အထိ တစ်ဂိုးစီ သရေကျနေသောကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ နေပြည်တော်အသင်းက လေးဂိုး-သုံးဂိုး စုစုပေါင်း ဂိုးရလဒ် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမအဆင့်အုပ်စုပွဲများ ပြီးဆုံးသွားပြီဖြစ်ပြီး ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁၀၊ ၁၁၊ ၁၇၊ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

# သောကအပူမီးများ ဖယ်ရှားလိုပါသည်

စံရွှေတိုး(သုတေသန)

**ရည်မှန်းချက်ဟူသည် နိမ်နင်းရန်အလွန်ခက်ခဲပါသည်။ လူတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုတွင်ဖြစ်စေ ရည်မှန်းချက်ရှိကြပါသည်။ ရည်မှန်းချက်ရှိသူတိုင်းသည်လည်း မည်မျှပင်ကြမ်းတမ်းခက်ခဲ၊ ပင်ပန်းဆင်းရဲကြပါစေ ရည်မှန်းချက်စွမ်းအားက ခေါင်းထောင်လာစမြဲပင်ဖြစ်သည်။ ရည်မှန်းချက်ကင်းမဲ့သူများက လမ်းပျောက်သူများဖြစ်နေတတ်ပြီး ရည်မှန်းချက်ရှိသူများသည် အကျပ်အတည်းနှင့် စိန်ခေါ်မှုများကို ခံနိုင်ရည်ရှိသည့်အပြင် ရည်မှန်းချက်အောင်မြင်ရေး အာရုံစူးစိုက်ထားကြပါသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ခိုင်မာသောရည်မှန်းချက်ရှိပါသည်။ ရည်မှန်းချက်တာဝန်များမှာ မီးဘေးလုံခြုံရေး၊ သဘာဝဘေးကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ ဖြစ်ပါသည်။ အဆိုပါရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်သည့်အခါ တစ်ခါတစ်ရံ မိမိတို့အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်သောအခြေအနေများနှင့် ရင်ဆိုင်ကြရပါသည်။ ဤအခြေအနေသည် လွန်စွာပြင်းထန်သော စိန်ခေါ်မှုဖြစ်သော်လည်း မီးသတ်တပ်ဖွဲ့ဝင်များမှာ ရင်ပေါင်တန်း၍ အပြုံးကိုယ်စီဖြင့် ရင်ဆိုင်လျက်ရှိနေကြသည်မှာ အံ့ဩစရာတော့မဟုတ်ပါ။ သူတို့တွင် ခိုင်မာသောရည်မှန်းချက်ကို ဆုပ်ကိုင်ရန် လူသားဆန်သောနှလုံးသားများ ပိုင်ဆိုင်ထားကြသူများဖြစ်သည်။**

**မီးသတ်တပ်ဖွဲ့မွေးဖွားလာခြင်း**

မြန်မာနိုင်ငံ၏ သမိုင်းနှင့်ယှဉ်၍ မီးသတ်အဖွဲ့အစည်း စတင်ပေါ်ပေါက်ခဲ့ကြောင်း တွေ့ရှိရသည့်အခါ အံ့ဩဖွယ်၊ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ ပထမမြန်မာနိုင်ငံတော်ကို စတင်တည်ဆောက်ခဲ့သော ပုဂံခေတ် အနော်ရထာမင်းစော လက်ထက်မှစတင်၍ မီးသတ်အဖွဲ့ စတင်ဖွဲ့စည်းထားခဲ့ပါသည်။ ပုဂံမင်းနေပြည်တော်ကို မီးဘေးမှကာကွယ်နိုင်ရန် ပုဂံခေတ်အခေါ် **'မီးကပ်သား'** ၆၆၃ ဦး စတင်ဖွဲ့စည်းခဲ့သည်။ ထိုမှ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်များအထိ မြန်မာဘုရင်များ မီးသတ်လုပ်ငန်းကို အလေးထားစီမံဆောင်ရွက်ခဲ့ကြသည်။ ထိုခေတ်အဆက်ဆက် ရှေးမြန်မာဘုရင်များ၏ မီးဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သော အမိန့်တော်ပြန်တမ်းများအား သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်းရေးသားသည့် The Royal Orders of Burma စာအုပ်တွင် တွေ့ရှိရသည့်အခါ ကြက်သီးများထသည်အထိ ဂုဏ်ယူမိခဲ့ပါသည်။

ကိုလိုနီခေတ်တွင် နယ်ချဲ့တို့က ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့၏အကျိုးစီးပွားကို မီးဘေးမှကာကွယ်ဖို့ မီးသတ်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။ ၁၉၀၀ ပြည့် လွန်နှစ်များတွင် ခေတ်ပညာတတ် မျိုးချစ်မြန်မာလူငယ်များမှ မိမိတို့ရပ်ရွာ၊ မိမိတို့ဒေသကို မီးဘေးမှကာကွယ်ရေးအတွက် မီးသတ်အဖွဲ့များ စတင်ဖွဲ့စည်းလာကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ မီးဘေးကာကွယ်ရေးကို ဆောင်ရွက်လာကြသည်။ ၁၉၄၃ ခုနှစ်တွင် အကွဲကွဲအပြားပြားဖြစ်နေသော မီးသတ်အဖွဲ့များ စနစ်တကျရှိစေရေးအတွက် ရန်ကုန်နေပြည်တော် မီးသတ်ဌာနအရာရှိချုပ် ဦးလှကျော်(ပထမဆုံး မီးသတ်ညွှန်ကြားရေးမှူး)မှ မီးသတ်ဌာနလက်စွဲစာအုပ်ကို ရေးသားထုတ်ဝေ၍ အဆိုပါစာအုပ်တွင် မီးသတ်သမားရည်ရွယ်ချက်နှင့် ကိုယ်ကျင့်ဝတ္တရားများ၊ မီးသတ်အဖွဲ့များဖွဲ့စည်းရန် စည်းမျဉ်းဥပဒေများ၊ မီးသတ်အဖွဲ့များ၏ အလုပ်ဝတ္တရားများနှင့် အခွင့်အာဏာများ၊ ဝတ်စားဆင်ယင်မှု သတ်မှတ်ချက်များမှသည် မီးသတ်ပညာရပ်များကို အခန်း(၂၄)ခန်းခွဲကာ စနစ်တကျ ရေးသားပြုစုထားခဲ့ပါသည်။ အဆိုပါ မီးသတ်ဌာနလက်စွဲစာအုပ်အား ရေးသားထုတ်ဝေနိုင်ရေးအတွက် ထိုခေတ်က ပြည်ထဲရေးဝန်ကြီး ဦးဘဝင်းက အထူးပင် ပံ့ပိုးကူညီခဲ့ပါသည်။

၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မီးသတ်အဖွဲ့အစည်းများစုစည်းကာ ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ် မီးသတ်အစည်းအရုံးကြီး ညီလာခံကို ကျင်းပနိုင်ခဲ့သည်။ အဆိုပါညီလာခံသို့ ၁၉ ခရိုင်မှ ကိုယ်စားလှယ်ပေါင်း ၁၉၇ ဦး တက်ရောက်၍ မီးသတ်လုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရေး စီမံဆောင်ရွက်နိုင်ခဲ့ကြပါသည်။ အဆိုပါညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ချီးမြှင့်၍ ဗိုလ်ချုပ်အောင်ဆန်းမှ မိန့်ခွန်းပြောကြားခဲ့ပါသည်။ ညီလာခံစတင်ခဲ့သည့် ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့မှစတင်၍ မီးသတ်တပ်ဖွဲ့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် စတင်မွေးဖွားလာခဲ့သည်မှာ ယနေ့ဆိုလျှင် (၇၁)နှစ်မြောက်ခဲ့ပြီဖြစ်ပါသည်။



မီးသတ်တပ်ဖွဲ့ဝင်များ မီးလောင်မှုနှင့် မတော်တဆဘေးအန္တရာယ်များ ဖြေရှင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေစဉ်

**မျက်မှောက်ခေတ်နှင့်မီးသတ်တပ်ဖွဲ့**

မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်လာသော အခြေအနေများက အလွန်လျင်မြန်လှသည်။ လူနေမှုပုံစံသစ်များ ပြောင်းလဲနေပြီဖြစ်သည်။ အသုံးပြုသောပစ္စည်းများလည်း ဆန်းကြယ်လာသည်။ မီးလောင်မှုနှင့် ဘေးဒုက္ခများ ပိုမိုပြင်းထန်လာသည်။ မိမိတို့ပတ်ဝန်းကျင်တွင်ရှိနေသော အသုံးအဆောင်ပစ္စည်းများမှာ ဓာတုဗေဒပစ္စည်းများဖြစ်ကြသည်။ ဈေးကွက်တွင် လူကြိုက်များစေရေးအတွက် ဓာတ်ကူပစ္စည်း(Catalyst)များ အသုံးပြု၍ လုပစွာဖန်တီးလာကြသည်။ ပေါ့ပါး၍ သက်သောင့်သက်သာဖြစ်စေသည်။ ထိုပစ္စည်းများမီးလောင်မှုဖြစ်ပွားပါက မီးခိုးလွန်စွာထွက်ရှိပြီး အဆိပ်အတောက်ပြင်းထန်စေသည်။ ဥပမာ-ဖယောင်းပုဆိုးအခင်းမီးလောင်လျှင် (HCL) (Hydrochloride) အဆိပ်ငွေ့ထွက်ရှိသည်။ ကားကူရှင်များ၊ ဆိုဖာထိုင်ခုံများ၊ နံရံကပ်ဆီလီကွန်ရေမြှုပ်များ မီးလောင်လျှင် (HCN) (Hydrogen Cyanide) အလွန်ပြင်းထန်သော အဆိပ်ငွေ့များ ထွက်ရှိသည်။ အလားတူပင် စီးပွားရေးဆိုင်ရာနှင့် စက်မှုဆိုင်ရာ အဆောက်အအုံများ ထုထည်ကြီးမားလာကြသည်။ အသုံးပြုသော အလုဆင်ပစ္စည်းများ၊ ကုန်ကြမ်း၊ ကုန်ချောများ၊ စက်ပစ္စည်းကိရိယာများ တွင်ကျယ်စွာ အသုံးပြုလာကြသဖြင့် ဘေးအန္တရာယ်လည်း မြင့်မားလာပါသည်။ ယခုဆိုလျှင် အထပ်မြင့် အဆောက်အအုံများလည်း မြို့ပြဆန်စွာ တည်ရှိလာနေပြီဖြစ်သည်။ ဤကဲ့သို့သော အခြေအနေများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မီးလောင်မှုနှင့် အခြားသော မတော်တဆမှုဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေကြပါသည်။

**မီးဘေးလုံခြုံမှုစနစ်များ**

လူနေအိမ်တစ်လုံးအား မီးဘေးလုံခြုံမှုရှိစေရေးအတွက် မီးလောင်မှုဖြစ်ပွားပေါ်ပေါက်စေနိုင်သော အကြောင်းတရားများကို သတိပြုဖော်ထုတ်ရပါမည်။ ဘုရားခန်း၊ ညှော်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း၊ရေချိုးခန်း၊ သန့်စင်ခန်းနှင့် မိမိအိမ်ပတ်ဝန်းကျင်တွင် မည်သည့်နေရာမှ မီးလောင်မှုစတင်ဖြစ်ပေါ်နိုင်သည်ကို ဦးစွာဖော်ထုတ်ရပါမည်။ ဥပမာ-ဘုရားခန်းတွင် ဖယောင်းတိုင်မီးပူဇော်မည်ဆိုပါက အပူခံခွက်ဖြင့် ပူဇော်ရမည်။ ဖယောင်းတိုင်လဲကျလျှင်ပင် ခွက်အတွင်းရှိနေစေရမည်။ ထိုသို့ မီးလောင်နိုင်မှုများကို စနစ်တကျ ဖော်ထုတ်ကြိုးကြပ်၍ မီးလောင်မှုဖြစ်ခဲ့လျှင်လည်း လျင်မြန်စွာငြိမ်းသတ်နိုင်ရေး မီးသတ်ဆေးဘူး ဆောင်ထားရမည်။ ညအချိန် မိသားစုဝင်များ အိပ်ပျော်နေချိန် မီးလောင်မှုဖြစ်ပါက လွတ်မြောက်ထွက်ခွာနိုင်မည့် နည်းလမ်းများကို မိသားစုဝင်အားလုံး ကြိုတင်လေ့ကျင့်ထားရမည်။ ထွက်ပေါက်လမ်းကြောင်းကို အနည်းဆုံး လမ်းကြောင်း နှစ်ခုဖြစ်အောင် စီမံထားရမည်ဖြစ်ပါသည်။

လူနေရပ်ကွက်အတွင်း မီးငြိမ်းသတ်ရန် ရေရရှိရေး စီမံထားရန် လိုအပ်ပါသည်။ မီးသတ်ယာဉ်များ အလွယ်တကူ သွားလာမောင်းနှင်နိုင်ရေး လမ်းအကျယ်၊ အပေါ်ခါတ်ကြိုး၊ တယ်လီဖုန်းကြိုး၊ သစ်ပင်၊ သစ်ကိုင်းများမှအစ ရှင်းလင်းစေရပါမည်။ မီးလောင်မှုကို ဟန့်တားထိန်းချုပ်ရန် မီးတားကွက်ရှိရပါမည်။ ဥပမာ-ပန်းခြံကဲ့သို့ နေရာလွတ်ရှိမှသာ မီးလောင်သည့်အခါ ပတ်ဝန်းကျင်ပြည်သူများ ဘေးကင်းနေရာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါသည်။

စီးပွားရေးနှင့် စက်မှုလုပ်ငန်းဌာန အဆောက်အအုံများတွင် အဆောက်အအုံ စတင်မဆောက်လုပ်မီကပင် (Fire Safety Tactic) မီးဘေးလုံခြုံမှုဆိုင်ရာ နည်းဗျူဟာနှင့် (Fire Safety Objectives) မီးဘေးလုံခြုံမှု ဦးတည်ချက်များ ကြိုတင်စီမံထားရပါမည်။ မီးဘေးကာကွယ်ရေးအတွက် (Passive Fire Protection) မီးကို ဟန့်တားခုခံသည့် ကာကွယ်ရေးစနစ်နှင့် (Active Fire Protection) မီးကို ထိန်းချုပ်ငြိမ်းသတ်မည့်စနစ်များ ပြီးပြည့်စုံစေရပါမည်။ ထို့ပြင် မီးဘေးလုံခြုံရေးကို စနစ်တကျစီမံခန့်ခွဲမည့် နည်းပညာရပ်ဆိုင်ရာ ဘာသာရပ်များ သင်ယူတတ်မြောက်ထားသူ (Fire Safety Manager) မီးဘေးလုံခြုံရေးတာဝန်ခံကို သတ်သတ်မှတ်မှတ် ခန့်ထားပေး၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။

**သောကအပူမီးများဖယ်ရှားလိုပါသည်**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူများ၏ မီးဘေးနှင့် အခြားမတော်တဆမှုဘေးအန္တရာယ်များ ကြုံတွေ့ရပါက ဖြစ်ပေါ်လာမည့် သောကအပူမီးများ ပြေလျော့စေရေးအတွက် မီးသတ်လုပ်ငန်းဆိုင်ရာနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာများကို စွမ်းအားပြည့် ကိုင်တွယ်ဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အလားတူ မီးသတ်ကား ဥသြသံကြားသည်နှင့် ပြည်သူတို့ရင်ထဲတွင် ပူပင်သောက ဖြစ်ကြရပါသည်။ မိမိလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေကြရသော်လည်း မိမိနေအိမ်နှင့်ပတ်ဝန်းကျင် မီးဘေးမှ ကင်းပါရဲ့လားဟု စိုးရိမ်သောက ဖြစ်ကြရသည်။ အထူးသဖြင့် ရန်ကုန်မြို့နေပြည်သူများ၏ သောကအပူကို ဖြေလျှော့နိုင်စေရေး အွန်လိုင်းမီဒီယာစနစ် Myanmar Fire Services Department မှ အချိန်နှင့်တစ်ပြေးညီ သတင်းပေးခြင်း၊ မီးလောင်မှုအခြေအနေအား Live လွှင့်ပေးခြင်းတို့ဖြင့် ပြည်သူတို့၏ စိတ်ကိုအေးငြိမ်းစေရန် ကြိုးပမ်းလျက်ရှိပါသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ ရင်ထဲတွင် ပြည်သူများ၏ သောကအပူကို မျှဝေခံစား၍ ပြည်သူနှင့်တစ်သားတည်း အတူရှိနေကာ မီးသတ်တပ်ဖွဲ့သမိုင်းအစဉ်အလာအတိုင်း ဘေးဒုက္ခ၏ သောကအပူမီးမှန်သမျှ ငြိမ်းအေးစေရန် ဖယ်ရှားပေးလိုတဲ့စိတ်ဖြင့် ကမ္ဘာတည်သရွေ့ အဓိဋ္ဌာန်ထားသူများဖြစ်ကြောင်း မေလ ၅ ရက်နေ့တွင် ကျရောက်မည့် (၇၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုအပ်ပါသည်။

## ပုဗ္ဗသီရိမြို့နယ်ရှိ မိတ်ဆွေကောင်းစာကြည့်တိုက်အတွက် ကွန်ပျူတာနှင့် စာအုပ်စာစောင်များ လှူဒါန်း

**နေပြည်တော် မေ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာအုပ်စု စက်ကုန်းကျေးရွာရှိ မိတ်ဆွေကောင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ကွန်ပျူတာနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဧပြီလနောက်ဆုံးပတ်က အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းဝင်းက တိုးတက်လာသည့် နည်းပညာခေတ်တွင် စာကြည့်တိုက်များသည့် ခေတ်နှင့်အညီ ရေရှည်ရှင်သန်နိုင်ရန် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ၊ အလှူရှင်နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နေမှု၊ စာကြည့်တိုက်များတွင် နည်းပညာများ ထည့်သွင်းဆောင်ရွက်နေမှု၊ စက်ကုန်းကျေးရွာ မိတ်ဆွေကောင်း စာကြည့်တိုက်အား လက်ရှိစံပြကျေးရွာကြည့်တိုက်တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဌာနဆိုင်ရာမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေမှု၊ ကလေးငယ်များ ကျောင်းစာအပြင် စာဖတ်သည့်အလေ့အထများ ဖြစ်ပေါ်ရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကလေးစာပေများ တိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုတို့နှင့်ပတ်သက်ပြီး ပြောကြားသည်။

ထို့နောက် မိတ်ဆွေကောင်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေက စာကြည့်တိုက်အတွက် လက်ရှိဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ယင်းနောက် စာကြည့်တိုက်အတွက် အလှူရှင်များက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ စာအုပ်စာစောင်များကို လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံပြီး အလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မွှေး**



# နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ

**နေပြည်တော်  မေ  ၄**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



သတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။

ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဦးစားပေးမူဝါဒ(၃)ရပ်၊ စာရင်းစစ်ကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊ စာရင်းနှင့် စာရင်းစစ်ပြပွဲကျင်းပခြင်း၊ အသင်းအဖွဲ့များနှင့် MoU ရေးထိုးဆောင်ရွက်မှု၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဝန်ထမ်းများ၏ အရည်အချင်း တိုးတက်မြင့်မားရေးအတွက် သင်တန်းပို့ချမှု၊ စစ်ဆေးရေးလုပ်ငန်းများနှင့် အစီရင်ခံတင်ပြမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အဓိက စံတန်ဖိုးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ သင်ကြားမှု၊ သင်ယူမှုပုံစံများ ပြောင်းလဲမှု၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်လှစ်မှု၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ စတင်ဖွင့်လှစ်မှု၊ နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့် နည်းဥပဒေများ ပြင်ဆင်ဆောင်ရွက်နေမှု၊ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ ဥပဒေအကြံဉာဏ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တရားစွဲဆိုခြင်းနှင့် အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဥပဒေအရာရှိများ အဂတိကင်းရှင်းရေး ဆောင်ရွက်နေမှု၊ ဥပဒေဘာသာပြန်လုပ်ငန်း ဆောင်ရွက်နေမှု၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများက **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဆောင်ရွက်ချက်များနှင့်** ပတ်သက်၍ ၂၀၁၅ - ၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်အတွင်း စာရင်းစစ်စစ်ဆေးတွေ့ရှိမှု၊ စာရင်းကွာဟမှုနှင့် မကိုက်ညီမှုများတွင် အရေးယူဆောင်ရွက်ခဲ့မှု၊ စာရင်းစစ်များ တိုင်ကြားခံရမှုများတွင် အရေးယူဆောင်ရွက်ခဲ့မှု၊ စာရင်းများစစ်ဆေးရာတွင် Counter စစ်ဆေးခြင်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်ချက်များနှင့်** ပတ်သက်၍ ပြည်သူ့ဝန်ထမ်းများ ရာထူး၊ ဌာနပြောင်းရွှေ့နေမှု၊ နိုင်ငံ့ဝန်ထမ်းများအား စစ်တမ်းကောက်ယူနေမှု၊ ဝန်ထမ်းအပြောင်းအရွှေ့များတွင် ပင်စင်လစာခံစားခွင့်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ သင်ကြားရေးစနစ်များ ပြောင်းလဲနေမှုတို့ကို လည်းကောင်း၊ **ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဆောင်ရွက်ချက်များ**နှင့်ပတ်သက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေး ဥပဒေကြမ်းဆောင်ရွက်ပြီးစီးမှု၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)အား ပြင်ဆင်ဆောင်ရွက်နေမှု၊ ဥပဒေအရာရှိများ အဂတိလိုက်စားမှု ကင်းရှင်းရေးအတွက် ဆောင်ရွက်နေမှု၊ တရားစီရင်ရေးစနစ် မှန်ကန်ရေးအတွက် ပါဝင်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း မေးမြန်းကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးဌာနများအား စာရင်းစစ်ဆေးနေသည့်အဖွဲ့များကို ပြန်လည်ပြောင်းလဲစစ်ဆေးရန် စီစဉ်ထား

နေပြည်တော်  မေ  ၄

**စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် Lima Declaration နှင့် Mexico Declaration အရ ဆောင်ရွက်ရာ၌ Financial Audit, Compliance Audit, Performance Audit (Value for Money Audit) ဟု ခေါ်သည့် သုံးစွဲသည့် ငွေကြေးသည် တန်ရာတန်ကြေးရမရ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး ပယောဂကင်းစွာ၊ ဘက်လိုက်မှုကင်းစွာ၊ ဓမ္မဓိဋ္ဌာန်ကျစွာ စစ်ဆေးခြင်းဖြစ်ရန်အတွက် လွတ်လပ်စွာ (Independent) စစ်ဆေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် Professional Ethics များဖြစ်သည့် Integrity, Competence, Diligence, Confidentiality, Public Interest တို့ကို လိုက်နာကျင့်သုံးဆောင်ရွက်ရပါကြောင်း စာရင်းစစ်ချုပ် ဦးမော်သန်းက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။**

စာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဦးစားပေးမူဝါဒ (၃)ရပ်မှာ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကောင်းမွန်လာစေရေး၊ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာစာရင်းစံ၊ နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်နိုင်စေရေးနှင့် စာရင်းပညာခေတ်မီ တိုးတက်ရေးတို့ဖြစ်ပါကြောင်း။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပြင်ဆင်**

ပြုပြင်ပြောင်းလဲမှုများအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပြင်ဆင်ခြင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပြင်ဆင်ခြင်း၊ The Public Accountants Default Act ရုပ်သိမ်းခြင်း၊ ပုဂ္ဂလိကကဏ္ဍတွင် နိုင်ငံတကာစာရင်းစံနှင့်အညီ ကျင့်သုံးရေးဆောင်ရွက်ခြင်း၊ အစိုးရငွေစာရင်းထားနည်းစနစ်ကို Cash Basis မှ Accrual Basis သို့ ကူးပြောင်းရန် ဆောင်ရွက်ခြင်း၊ CPA ဝင်ပေါက်တိုးချဲ့ဆောင်ရွက်ခြင်း၊ ယင်းအပိုင်းတွင် ယခင်က CPA သင်တန်းသို့ B.Com ဘွဲ့ရ၊ အမှတ်များသူ Fresh Graduate များကိုသာ တက်ရောက်ခွင့်ပြုသည့်စနစ်မှ ဝင်ပေါက်ချဲ့ထွင်ပေးသည့်အနေဖြင့် သင်တန်း အမှတ်စဉ်(၄၂)တွင် B.Com, B.Act, BBA ဘွဲ့နောက်ဆုံးနှစ်စာမေးပွဲတွင် မဟာတန်းတက်ရောက်ခွင့်ရသူ Fresh Graduate များနှင့် DA (ဒုတိယအပိုင်း) ထူးချွန်စွာအောင်မြင်သူများကို တိုက်ရိုက်တက်ရောက်ခွင့်ပေးခဲ့ပြီး ဘွဲ့တစ်ခုခုရရှိသူများကို ဝင်ခွင့်စာမေးပွဲဖြင့် ရွေးချယ်ပြီး သင်တန်းတက်ရောက်ခွင့်ပြုခဲ့ပါကြောင်း။

ထို့ပြင် ပြည်ပဘွဲ့ရမြန်မာနိုင်ငံသားများကို CPA အဖြစ်မှတ်ပုံတင်ခွင့်ပြုခြင်း၊ MICPA အသင်းကို AFA တွင် Primary Member အဖြစ် ပြောင်းလဲသတ်မှတ်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံစာရင်းကိုင်များအဖွဲ့ ASEAN Federation of Accountants တွင် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းကို Primary Member အဖြစ် ပြောင်းလဲသတ်မှတ်ခြင်းတွင် မြန်မာနိုင်ငံစာရင်းကောင်စီ သည် Professional Regulatory Authority နှင့် National Accountancy Body အဖြစ် ဆောင်ရွက်ခဲ့သဖြင့် အာဆီယံစာရင်းကိုင်များအဖွဲ့- AFA ၏ Primary Member အဖြစ် ပါဝင်ခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေနှင့် အာဆီယံစာရင်းကိုင်များအဖွဲ့တို့၏ ပြဋ္ဌာန်းချက်များအရ AFA Primary Member အဖြစ် မြန်မာနိုင်ငံ စာရင်းကောင်စီအစား မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းကို ပြောင်းလဲသတ်မှတ်ပေးရန်လိုအပ်လာခြင်းကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ သို့ တင်ပြ၍ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းကို Primary Member အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း။



ဦးမော်သန်း စာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

အသင်းအဖွဲ့များနှင့် MoU ရေးထိုးဆောင်ရွက်နိုင်မှုအနေဖြင့် နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံး (OAGN) နှင့် ပူးပေါင်းဆောင်ရွက်ရန်ငါးနှစ်သက်တမ်းရှိ MoU ရေးထိုးခဲ့ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် OAGN၊ World Bank၊ ADB၊ EU တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ဝန်ထမ်းများ၏ အရည်အချင်းတိုးတက်မြင့်မားရေးအတွက် သင်တန်းပို့ချရာတွင် CPA သင်တန်း၊ DA သင်တန်း၊ ဌာနတွင်း ကျွမ်းကျင်မှုသင်တန်း၊ အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ အလယ်အလတ်ဆင့် စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းများအပြင် အခြားဝန်ကြီးဌာနများတွင် ဖွင့်လှစ်သောသင်တန်းများ၊ ဗ.ဝ.တ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း၊ ဗ.ဝ.တ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အခြားဌာန၊ အဖွဲ့အစည်းများမှ ဖွင့်လှစ်သောသင်တန်းများတွင်လည်း သင်ခန်းစာများပို့ချနိုင်ခဲ့ပါကြောင်း။

ထို့ပြင် စာရင်းစစ်ချုပ်သည် နော်ဝေနိုင်ငံစာရင်းစစ်ချုပ်ရုံးနှင့် MoU ရေးထိုးခြင်း၊ UAE အဘူဒါဘီတွင် XXII INCOSAI Conference 2016 တက်ရောက်ခြင်း၊ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့တွင် IPSAS အကောင်အထည်ဖော်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခြင်း၊ ဂျပန်နိုင်ငံ၊ မတည်ရင်းနှီးငွေများစျေးကွက်ကိုင်တွယ်ဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုလေ့လာခြင်းများ ပြုလုပ်ခဲ့ပါကြောင်း။

စာရင်းစစ်ချုပ်ရုံးအနေဖြင့် စာရင်းစစ်ရုံး ၃၈ ရုံး၊ ဝန်ထမ်းအင်အား ၅၂၀၂ ဦးဖြင့် စစ်ဆေးရမည့်အဖွဲ့အစည်း ၁၅၁၇၇ ခုတို့အား ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ စည်းမျဉ်း၊ စည်းကမ်းလိုက်နာမှုစစ်ဆေးခြင်းနှင့် Economy၊ Efficiency၊ Effectiveness စသည့် လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းတို့ကို ပြုလုပ်ခဲ့ပါကြောင်း စာရင်းစစ်ချုပ် ဦးမော်သန်းက ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မေးမြန်းရာ စာရင်းစစ်ချုပ် ဦးမော်သန်းက ဖြေကြားသည်။

**ကိုယ်ကျင့်တရားသည် အဓိကဖြစ်**

**အဂတိတရားကင်းရှင်းရေး**နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် စာရင်းစစ်ပညာရှင်များ၏ ကျင့်ဝတ်များအနက် သမာဓိနှင့် ကိုယ်ကျင့်တရားသည် အဓိကဖြစ်ပါကြောင်း၊ သူ့ဘက်ကိုယ့်ဘက် မျှမျှတတရှိရန်နှင့် သန့်ရှင်းမှုရှိရန်လည်း လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုတွင် ငွေကြေးယူဆောင်ခြင်းတစ်ခုတည်းကို အဂတိဟုပြော၍ မရပါကြောင်း၊ ရုံးအဖွဲ့အစည်းတစ်ခုအတွင်း လူတစ်ဦး တစ်ယောက်ကို မျက်နှာသာပေး ဘက်လိုက်ခြင်းသည်လည်း အဂတိလိုက်စားမှု ဖြစ်ပါကြောင်း၊ မိမိဝန်ထမ်းများထဲမှ အဂတိလိုက်စားမှု သတင်းထွက်ပေါ်လာပါက မိမိတို့သည် တိုင်းပြည်ကောင်းကျိုးအတွက် လုပ်ဆောင်ရမည်ဟု အသိပေး စည်းရုံးလုပ်ဆောင်နေပါကြောင်း ဖြေကြားသည်။

**ဝန်ကြီးဌာနများအလိုက် တာဝန်ပေးစစ်ဆေး**

**စာရင်းစစ်ခြင်းများ အပြန်အလှန်စစ်ဆေးရန်ကိစ္စ** မေးခွန်းကို ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများအား စစ်ဆေးရန် စာရင်းစစ်ဆေးရေးအဖွဲ့ ရှစ်ဖွဲ့မှ ဝန်ကြီးဌာနများအလိုက် တာဝန်ပေးစစ်ဆေးပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍတွင် စာရင်းစစ်အဖွဲ့တစ်ဖွဲ့အား လေးနှစ်တာဝန်ပေးပြီးပါက ဆက်လက် တာဝန်ချထားခြင်းမရှိဘဲ အခြားအဖွဲ့ကို တာဝန်ပေး စစ်ဆေးရပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများအား စာရင်းစစ်ဆေးနေသည့် အဖွဲ့များကို ပြန်လည်ပြောင်းလဲစစ်ဆေးရန် စီစဉ်ထားပါကြောင်း ဖြေကြားသည်။

**ပြည်ထောင်စုဝန်ကြီးဌာနများ၏ ငွေကြေးသုံးစွဲမှုအား ပြန်စစ်ရန် ရှိ၊ မရှိ** နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီး ဌာနများ၏ ယခင် ငါးနှစ်တာကာလအတွင်း ဘဏ္ဍာရေးဆိုင်ရာ အသုံးပြုမှုများနှင့်စပ်လျဉ်းသည့် စာရင်းစစ်ချုပ်သုံးသပ်ချက် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ဆေးခြင်းများ ရလဒ်များကိုလည်း တင်ပြထားပါကြောင်း၊ ယခင် ငါးနှစ်တာကာလအတွင်း ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှု အစီရင်ခံစာအရ ဝန်ကြီးဌာနများ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များသည် ကောင်းမွန်၍ အောင်မြင်မှုများလည်း ရရှိခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြန်လည်စစ်ဆေးရန် လိုအပ်ပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် စာရင်းစစ်ဆေးရေး**နှင့်စပ်လျဉ်း၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်စာရင်းစစ်ဆေးမှုတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါကြောင်း၊ လာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ စာရင်းစစ်ဆေးမှု နည်းဗျူဟာကို ပြောင်းလဲထားပါကြောင်း၊ နည်းဗျူဟာအရ ယခုလာမည့် စာရင်းစစ်ဆေးမှုများတွင် ကဏ္ဍပေါင်းစုံအား ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် နိုင်ငံတော်ဘဏ္ဍာ(ဘတ်ဂျက်)အသုံးပြုမှုကို အဓိကထား စစ်ဆေးဆောင်ရွက်ရပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

# နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၄

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရည်မှန်းချက်မှာ ပြည်သူ့ဝန်ကို ထမ်းမည့်သူ၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့်သူဟူသည့် စိတ်ဓာတ်မျိုးထားရှိနိုင်ရေးနှင့် ပိုမိုကောင်းမွန်သော Service Delivery ပေးနိုင်သော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရေး ထိရောက်စွာလေ့ကျင့်ပျိုးထောင်ပေးရန်ဖြစ်ပါကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။**

**သင်ယူမှုပုံစံများ ပြောင်းလဲ**

ဆက်လက်၍ ဦးစောဗယ်လင်တိုင်းက ဗဟိုဝန်ထမ်းတက္ကသိုလ်သင်ကြားမှု၊ သင်ယူမှုပုံစံများ ပြောင်းလဲရာတွင် အခြေခံစစ်ပညာသင်ကြားခြင်း မပြုတော့ဘဲ စစ်ပညာပို့ချချိန်များ၌ စာပေပညာဘာသာရပ်ပို့ချချိန်များကို အစားထိုးပို့ချနိုင်ရေး ဆောင်ရွက်ခြင်း၊ ယခင်ဖွဲ့စည်းထားရှိသည့် ပညာရပ်ဌာနခြောက်ခုအနက် စစ်ပညာဌာနကို ချန်လှပ်ပြီး စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးပညာဌာန၊ နိုင်ငံရေးသိပ္ပံပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ ဥပဒေပညာဌာန စသည့်ပညာရပ်ဌာနငါးခုအပြင် အင်္ဂလိပ်ဘာသာပညာဌာနနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ဌာနတို့ကို တိုးချဲ့၍ စုစုပေါင်းဌာနခုနစ်ခု တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏သမိုင်း မှတ်တိုင်သစ်တစ်ခုအနေဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)နှင့် (အထက်မြန်မာပြည်)တို့တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) ကို တစ်ပြိုင်တည်း အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Civil Service Management (PGDCSM)သင်တန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ပြန်တမ်းဝင်အရာရှိစတင်ခန့်ဝင်ပေါက်များအတွက် ဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma)၊ အလယ်အလတ်အဆင့် အရာထမ်းများ (ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ)အတွက် အဆင့်မြင့်ဒီပလိုမာ (Advanced Diploma)နှင့် အဆင့်မြင့်အရာထမ်းများ (ညွှန်ကြားရေးမှူးနှင့်အထက်)အတွက် မဟာဘွဲ့(Master Degree) သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လတွင် အဆင့်မြင့်ဒီပလိုမာသင်တန်း (Advanced Diploma)နှင့် မဟာဘွဲ့သင်တန်း (Master Degree) များ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ပုဒ်မပေါင်း ၂၀ အား ပြင်ဆင်ခဲ့**

ထို့ပြင် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၅၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၂ ဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းခြင်းနှင့် အဆိုပါဥပဒေတွင် ပုဒ်မပေါင်း ၂၀ အား ပြင်ဆင်ခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အကျိုးရလဒ်များအနေဖြင့် ဝန်ထမ်း၏အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုအပေါ် မူတည်၍ ရာထူးတိုးမြှင့် ခံစားပိုင်ခွင့်ရှိကြောင်း ပွင့်လင်းမြင်သာစွာသိရှိစေပြီး ပင်စင်ခံစားရာတွင် နိုင်ငံတော်အတွက် လုပ်သက်နှစ် ၃၀ ကာလအထိ တာဝန်ကျေပွန်စွာဖြင့် ထမ်းရွက်ပေးခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများအား ၅၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဟူသော အသက်ကန့်သတ်ထားမှုကိုပယ်ဖျက်ခဲ့၍ ၎င်းတို့၏ မိသားစုပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများကိုရရှိစေပါကြောင်း။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကျိုးရလဒ်များအနေဖြင့် ရာထူးတိုးမြှင့်ခန့်ထားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုရှင်းလင်းစွာ ဆောင်ရွက်လာနိုင်ခြင်း၊ လုပ်သက်ခွင့်ကို နှစ်လအထိ ဆက်လက်စုဆောင်း ခွင့်ပြုမည်ဖြစ်သဖြင့်



ဦးစောဗယ်လင်တိုင်း အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဝန်ထမ်းများအနေဖြင့် ပြက္ခဒိန်နှစ်စတွင် လုပ်သက်ခွင့်ခံစားရန် အခက်အခဲမရှိနိုင်ခြင်းကြောင့် ဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့တွင် ထိရောက်စွာထောက်ကူပံ့ပိုးကူညီနိုင်ခြင်း၊ ဇနီးသည်ဝန်ထမ်းမဟုတ်သော အမျိုးသားဝန်ထမ်းများအတွက်လည်း ကလေးပြုစုစောင့်ရှောက်ခွင့်ရက်သတ္တနှစ်ပတ်ကို ခံစားခွင့်ရှိလာနိုင်ခြင်းတို့ကို ရရှိမည်ဖြစ်ပါကြောင်း ဦးစောဗယ်လင်တိုင်းက ပြောကြားသည်။

**တစ်ပြေးညီလိုက်နာကျင့်သုံး**

ဆက်လက်၍ ဒေသစရိတ် ခံစားခွင့်ရှိသော ဒေသများကို ဒေသဖွံ့ဖြိုးမှု၊ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းပေါ်မူတည်၍ ပြင်ဆင်သတ်မှတ်နိုင်စေရန် စကားရပ်ပြင်ဆင်ခဲ့သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အလွယ်တကူဆောင်ရွက်လာနိုင်ခြင်း၊ ဝန်ထမ်းများအား အကဲဖြတ်မှတ်တမ်းရေးခြင်း၊ တန်းစီဇယားများရေးဆွဲခြင်းတို့ကို ပုံစံများထည့်သွင်းသတ်မှတ်ပေးခြင်းဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအားလုံး တစ်ပြေးညီလိုက်နာကျင့်သုံး ဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို အခြေပြု၍ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရန် အကဲဖြတ်အမှတ်ပေးရာတွင် တစ်ပြေးညီ လိုက်နာကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဇန်နဝါရီ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၁၇ ကို ထုတ်ပြန်ခဲ့ပြီး ဗဟိုအဖွဲ့ရုံးများ၊ ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ ဖြန့်ဝေခဲ့ပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်ခြင်းဆိုင်ရာဆောင်ရွက်ချက်များအနေဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၆ ရက်အထိ ဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၂ ခု၊ ပြည်နယ်/ တိုင်းဒေသကြီး ၁၄ခု စုစုပေါင်း ၄၆ ခုမှ ဒုညွှန်မှူး ၅၅၅၄ ဦးနှင့် ညွှန်မှူး ၂၄၅၃ ဦး လက်ခံရရှိပါကြောင်း၊ ရာထူးတိုးမြှင့်ပေးရန်တန်းစီဇယားမှ ရာထူးတိုးမြှင့်ခြင်းတွင် ဒုတိယညွှန်ကြားရေးမှူးရာထူးအဆင့်မှ ညွှန်ကြားရေးမှူးရာထူးအဆင့်သို့ ဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၃ခုမှ ၁၅၇ ဦး၊ ညွှန်ကြားရေးမှူးရာထူးအဆင့်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးအဆင့်သို့ ဝန်ကြီးဌာန/ အဖွဲ့အစည်း၁၁ ခု မှ ၃၄ ဦး တန်းစီဇယားအား ကျော်လွှား၍ အထူးကိစ္စတစ်ရပ်ဖြင့် ရာထူးတိုးမြှင့်ပေးခြင်းအနေဖြင့် ဝန်ကြီးဌာန/အဖွဲ့အစည်းသုံးခုမှ ခြောက်ဦး ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန/ အဖွဲ့အစည်းများအတွက် အရည်အသွေးပြည့်ဝသည့် ပြန်တမ်းဝင်အရာထမ်းလောင်းများ ရွေးချယ်ပေးခြင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ၂၀၆၆ နေရာ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနလေးခုမှ ၁၁၂ နေရာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နေရာ ၅၀၊

*စာမျက်နှာ ၉ သို့*

# ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ပြင်ဆင်ရန် ဥပဒေကြမ်းအား ရှေ့နေချုပ်ရုံးသို့ ပေးပို့ထား

**နေပြည်တော် မေ ၄**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့၏ မျှော်မှန်းချက်များမှာ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းလာစေရေးအတွက် တရားမျှတမှု၊ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဥပဒေအရ ရပိုင်ခွင့်များ၊ အခွင့်အရေးများနှင့်တာဝန်များကို ကာကွယ်စောင့်ရှောက်ပေးပြီး ပြည်သူများလေးစားရသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန်၊ ဒေသတွင်း အကောင်းဆုံးလုပ်ဆောင်နိုင်သော စံပြအဖွဲ့အစည်းတစ်ခုဖြစ်လာစေရန်ဖြစ်ပါကြောင်း အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က ဥပဒေများစိစစ်ရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များအနေဖြင့် ဝန်ကြီးဌာနများမှ ပေးပို့သော ဥပဒေ(မူကြမ်း) ၁၂၂ ခု၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း (မူကြမ်း) ၁၅၈ ခု ကို စိစစ်အကြံပြုခဲ့ပါကြောင်း၊ ဥပဒေ ၈၈ ခုကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ခဲ့ပါကြောင်း။

တစ်နှစ်တာကာလအတွင်း အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာနှင့် သက်ဆိုင်သည့်ကိစ္စ ၅၇၄ ခု၊ အစိုးရဌာနနှင့် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ ချုပ်ဆိုသော စီးပွားရေးစာချုပ်စာတမ်း ၇၄၅ ခု၊ အထွေထွေ ဥပဒေအကြံဉာဏ်ပေးခြင်းကိစ္စ ၂၉၁ ခုတို့ကို စိစစ်အကြံပြုခဲ့ပါကြောင်း ပြောကြားသည်။

**နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်**

ထို့ပြင် ရာဇဝတ်မှုများကို တရားမစွဲမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါခြင်းများ ဆောင်ရွက်ပြီး အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုတွင် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားသည့် စာချွန်တော်အမိန့်လျှောက်ထားမှုများတွင် နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ



ဒေါ်နုနုယဉ် အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

ခုံရုံးတွင် နိုင်ငံတော်ဘက်မှလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ရုံးသဟာယအဖြစ်လည်းကောင်း လိုက်ပါဆောင်ရွက်ခြင်း၊ ရာဇဝတ်မှုများကို တရားစွဲဆိုခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ရာတွင် အမှုများ ကြန့်ကြာမှုမရှိစေရေးအတွက် အမှုမှအဓိကကျသည့် သက်သေများ ရုံးရှေ့ရောက်ရှိရန် ဆင့်ခေါ်ရေး၊ မလိုအပ်ဘဲ ရုံးချိန်းရက်ကိုခွာ၍ ချိန်းဆိုမှုမပြုရေးတို့ကို သက်ဆိုင်ရာတရားရုံး၊ တရားစွဲအဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ တရားမစွဲမီ ဥပဒေအကြံဉာဏ်များအား ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေနှင့်အညီ ကြန့်ကြာမှုမရှိစေဘဲ တရားစွဲအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အမှုရုပ်သိမ်းခြင်းကိုလည်း ကြန့်ကြာမှုမရှိစေရန် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

**၂၀၁၅ - ၂၀၁၉ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲ**

တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှု တိုးတက်မြင့်မားလာစေရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ၂၀၁၅ - ၂၀၁၉ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲခြင်း၊ ပြည်ပနည်းပညာများ ရယူရန်အတွက် JICA၊ KOICA၊ IDLO၊ MLAW Singapore တို့နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး UNDP၊ USAID တို့ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရသစ်လက်ထက်တွင် ဒိန်းမတ်သံရုံးနှင့် နားလည်မှုစာချွန်လွှာရေးထိုး၍ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

စွမ်းဆောင်ရည်မြင့်မားသော ဥပဒေအရာရှိများဖြစ်စေရန် လိုအပ်သော ဖြည့်ဆည်းဆောင်ရွက်မှုပေးရမည့် အချက်များ သိရှိစေရန်အတွက် ဆက်စပ်အဖွဲ့အစည်းများဖြစ်သော တရားစီရင်ရေးဆိုင်ရာအဖွဲ့များနှင့်တွေ့ဆုံ၍ စစ်တမ်းကောက်ယူပြီး သုတေသနပြု၍ သင်တန်းများပေးခြင်း၊ ဥပဒေအရာရှိများ၏ ပညာရပ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်များ ဖွံ့ဖြိုးစေရန်နှင့် အမှုများကြန့်ကြာမှုမရှိစေရေးအတွက် တစ်စုတည်း ပေါင်းစပ်ထားသော အမှုစီမံခန့်ခွဲမှုနှင့် စာရင်းဇယားကိန်းဂဏန်းအချက်အလက်အစီရင်ခံစာများကို နည်းပညာအသုံးပြုပြီးဆောင်ရွက်သော (Case Management) စနစ်ကို USAID နှင့်ပူးပေါင်း၍ Pilot Law Office များ ထူထောင်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း (၂၀၁၅- ၂၀၁၉)၏ ပထမ ဦးစားပေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာ ရေးသားပြုစုပြီးဖြစ်ပါ၍ ထုတ်ဝေဖြန့်ချိရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်းဖြစ်ပါကြောင်း အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မေးမြန်းရာ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်နှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်က အဆိုပါဥပဒေမူကြမ်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ နှစ်ကြိမ်ပေးပို့ခဲ့ပါကြောင်း၊ ရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကြံပြုချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဥပဒေမူကြမ်းရေးဆွဲရာတွင် နိုင်ငံတကာစံနှုန်းများအတိုင်း ရေးဆွဲသော်လည်း နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့် ကွဲပြားသည့်အချက်များ ပါဝင်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ကွဲလွဲချက်များကို ဝန်ကြီးဌာနသို့ အကြံပြုပြန်ကြားရာတွင်လည်း ထည့်သွင်းဖော်ပြထားပါကြောင်း၊ ယင်းဥပဒေကြမ်းအား ဝန်ကြီးဌာနအနေဖြင့် လွှတ်တော်သို့ ဆက်လက်ပေးပို့ဆွေးနွေးသွားမည်ကို သိရှိရပါကြောင်း ဖြေကြားသည်။

ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ပြင်ဆင်ရန် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ယင်းဥပဒေကို ပြန်လည်ပြင်ဆင်နိုင်ရန် ဥပဒေကြမ်းအား ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပါကြောင်း၊ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ လိုအပ်သည့် အကြံပြုချက်များကို ပြန်လည်ပေးပို့ထားပါကြောင်း၊ အကြံပြုချက်များတွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)အား အာမခံပေးရမည့် အမှုအဖြစ် သတ်မှတ်နိုင်သည်ကို စိစစ်အကြံပြုထားပါကြောင်း ဖြေကြားသည်။

**အဂတိတရားကင်းရှင်းရေး**

တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ရေးနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် တရားစီရင်ရေးကဏ္ဍတွင် ဥပဒေရုံးများ၌ အဂတိတရားကင်းရှင်းရေးအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ထားပါကြောင်း၊ ထို့ပြင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဥပဒေအရာရှိများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်စာအုပ်အား ရေးဆွဲထားပြီး မကြာမီထုတ်ဝေပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဥပဒေအရာရှိများ မြေပြင်ကွင်းဆင်းစစ်ဆေးရန်နှင့် စပ်လျဉ်း၍ ဥပဒေအရာရှိများ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် စီစဉ်နေပါကြောင်း၊ နိုင်ငံတကာဥပဒေအရာရှိများနှင့် တွေ့ဆုံဆွေးနွေးပွဲများ၌လည်း အဆိုပါကိစ္စနှင့် စပ်လျဉ်းသည့် အကြံပြုချက်များကို ရရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဥပဒေများအား ပြန်လည်လေ့လာသုံးသပ်လျက်ရှိပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

# အင္ဂမတန်းဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ပခုက္ကူမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်



**ပခုက္ကူ မေ ၄**

ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း(ပုဂံ)၌ ရောက်ရှိနေသည့် အင္ဂမတန်း ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ်အတွင်းရှိ ဘုရားများကို သွားရောက်ဖူးမြော်ပြီး အထင်ကရနေရာများအား လေ့လာခဲ့ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ဘက်စုံထူးချွန် ကျောင်းသားကျောင်းသူများသည် ပခုက္ကူမြို့ရှိ တန်ခိုးကြီးပခုက္ကူသီဟိုဠ်ရှင်ဘုရား၊ ရွှေမုဋ္ဌောဘုရား၊ ပုခန်းကြီး စည်သူရှင်သရက္ခန်ဘုရားများသို့ သွားရောက်ဖူးမြော်ကြပြီး ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီးကို သွားရောက်လေ့လာကြသည်။

ညပိုင်းတွင် ဘက်စုံထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ)၏ စခန်းသိမ်းပွဲအခမ်းအနားကို ဘက်စုံထူးချွန်လူငယ်အပန်းဖြေစခန်းအခြေချရာ မြနန်းဘုံ ROYAL EMERALD RIVER VIEW RESORT တွင် ကျင်းပသည်။

**နိုင်လင်းကြည်**

# နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များ တောင်ကြီးမြို့နယ်ရှိ အထင်ကရနေရာများ လေ့လာ၊ ညပိုင်းတွင် စခန်းသိမ်းပွဲကျင်းပ



**တောင်ကြီး မေ ၄**

နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များသည် ယနေ့တွင် ဟိုပုံးမြို့နယ်ရှိ ထမ်းဆန်းဂူအားလေ့လာကာ စူဠာမုနိဘုရားကြီးနှင့် မွေတော်ကက္ကူဘုရားတို့အား ဖူးမြော်ကြည်ညိုပြီးနောက် တောင်ကြီးမြို့မစျေးကို ဝင်ရောက်လေ့လာကြသည်။ ညပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ စခန်းသိမ်း ညစာစားပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဘက်စုံပညာထူးချွန်လူငယ်များသည် ယနေ့ နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ်ရှိ ထမ်းဆန်းဂူအား သွားရောက်လေ့လာကြသည်။

ထို့နောက် တောင်ကြီးမြို့ပေါ်ရှိ စူဠာမုနိ လောကချမ်းသာစေတီတော်နှင့် မွေတော်ကက္ကူဘုရားများသို့ သွားရောက်ဖူးမြော်ကြပြီး တောင်ကြီးမြို့ မြို့မစျေးကြီးအား ဝင်ရောက်လေ့လာကြသည်။

ညနေ ၆ နာရီတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဂုဏ်ပြုညစာစားပွဲနှင့် ၂၀၁၇ ခုနှစ် (အင်းလေးခေါင်တိုင်) ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်းသိမ်းပွဲကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဂုဏ်ပြုစကားပြောကြားပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ **(ဝဲပုံ)** ဘက်စုံပညာ ထူးချွန်လူငယ်မောင်မယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ညစာစားပွဲများ ကျင်းပပြီး ညပိုင်းတွင် တောင်ကြီးမြို့ အထက-၁၃ မီးပုံပွဲများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-ဇော်ဘီ**

# ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း ငွေဆောင်စခန်းသိမ်းပွဲနှင့် မီးပုံပွဲအခမ်းအနားကျင်းပ

**ငွေဆောင် မေ ၄**

၂၀၁၇ ခုနှစ် ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း(ငွေဆောင်) စခန်းသိမ်းပွဲနှင့် မီးပုံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေရှိ ပုလဲငွေဆောင် ဟိုတယ်သဲသောင်ပြင်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ငွေဆောင်စခန်းမှူး ဦးညွန့်စိုးက အချင်းချင်းစည်းလုံးညီညွတ်မှုကို ခိုင်မြဲအောင်ဆောင်ရွက်ပြီး နောင်တစ်ချိန် မိမိတို့ လျှောက်လှမ်းကြမည့် ဘဝလမ်းတစ်လျှောက်တွင် နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ လာရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့တိုင်းရင်းသားရိုးရာဝတ်စုံများကို အမြတ်တနိုးဝတ်ဆင်သည်ကို တွေ့ရသည့်အတွက် ဂုဏ်ယူမိကြောင်း၊ နောင်တစ်ချိန်တွင် မီးပုံပွဲကရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုများကိုအမှတ်ရပြီး တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးမှု တိုးပွားစေရန်ရည်ရွယ်၍ မီးပုံပွဲကိုကျင်းပရခြင်းဖြစ်ကြောင်းပြောကြားပြီး မီးပုံအား မီးညှိပေးကာ စခန်းပိတ်သိမ်းပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်သူဆရာ၊ ဆရာမများက ပါဆယ်ဂိမ်းကစားခြင်း၊ သီချင်းများသီဆိုခြင်း၊ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခြင်းတို့ ပြုလုပ်ကြပြီး မြန္မာ့သီချင်းကို စုပေါင်းသီဆိုခဲ့ကြကာ အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

ထို့ပြင် ယနေ့နံနက်ပိုင်းကလည်း ကျောင်းသား ကျောင်းသူများ ပညာဗဟုသုတတိုးပွားစေရန် IT ပညာရပ်ဆိုင်ရာ၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို ကျွမ်းကျင်ပညာရှင်များက ဟောပြောပို့ချခဲ့ပြီး ငွေဆောင်ကမ်းခြေ သမိုင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းဟောပြောခဲ့ကြသည်။

**သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-နေလင်း**



*စာမျက်နှာ ၈ မှ*

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန ၁၃ ခုမှ ၂၅၈ နေရာ စုစုပေါင်း ၂၄၈၆ နေရာ ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းစနစ် ပြုပြင်ပြောင်းလဲခြင်းအတွက် နိုင်ငံ့ဝန်ထမ်းများအား လေ့ကျင့်ရာတွင် ယခင်က Semi-Regimental Training Approach မှ Education and Competency Training Approach သို့ ပြောင်းလဲဆောင်ရွက်နိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းများ၏ အရည်အချင်းကို လိုက်၍ ချီးမြှင့်မြှောက်စားရေး၊ နိုင်ငံ့ဝန်ထမ်းများ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ နိုင်ငံ့ဝန်ထမ်းစနစ် ပြုပြင်ပြောင်းလဲရေး၊ မဟာဗျူဟာစီမံချက်များရေးဆွဲရေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော Curriculum, Syllabus များကို နိုင်ငံတကာအဆင့်မီ နောက်ဆုံးအခြေအနေနှင့်အညီ ဖြစ်စေရေး၊ ပြည်သူ့ဝန်ထမ်းများ အရည်အသွေးတိုးတက်စေရန် လေ့ကျင့်မှုနည်းစနစ် ပိုမိုအားကောင်းစေရေး၊ အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးအား ပိုမိုအထောက်အကူပြုပေးနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများ ပေါ်ပေါက်စေရေးတို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း ဦးစောဗယ်လင်တိုင်းက ပြောကြားသည်။

**ထို့နောက် သတင်းမီဒီယာများက ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မေးမြန်းကြရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။**

**အစိုးရသစ်လက်ထက် ဌာနဆိုင်ရာအပြောင်းအရွှေ့များ** နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် တပ်မတော်မှ ဌာနဆိုင်ရာသို့ ပြောင်းရွှေ့လာခြင်းသည် ယခုအချိန်တွင် မရှိသလောက်နည်းပါးသွားပြီဖြစ်ပါကြောင်း၊ သို့ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လိုအပ်ချက်အရ တောင်းခံလာပါကလည်း လိုအပ်သော အရည်အချင်းများနှင့်ကိုက်ညီသည့် တပ်မတော်သားများကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် စီစဉ်ပေးပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာနတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြောင်းရွှေ့ရပါကြောင်း၊ ထိုသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခြင်းကို အဆင့်ဆင့်တင်ပြရပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အဆုံးအဖြတ်ကိုလည်း ရယူရပါကြောင်း ဖြေကြားသည်။

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာသို့ ၂၂ ဦး ပြောင်းရွှေ့ခြင်း**နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ပြောင်းရွှေ့သည့် ရာထူးအဆင့်အတန်းမှာ ဗိုလ်ကြီး၊ ဗိုလ်မှူးများဖြစ်ပါကြောင်း၊ ၎င်းတို့၏ မိသားစုဘဝဆက်လက်ရပ်တည်နိုင်ရေးနှင့် စိတ်ခွန်အားပေးနိုင်ရေးအတွက် ယခင်အစိုးရလက်ထက်က စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုလည်း ရာထူးဝန်အဖွဲ့မှ ဆက်လက်ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ပြောင်းရွှေ့ရာတွင်လည်း ဝန်ကြီးဌာန သတ်မှတ်ချက်မထားဘဲ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့်ညှိနှိုင်း၍ လစ်လပ်သည့်နေရာများသို့စိစစ်၍ နေရာချထားပေးခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

**နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏အမြင် စစ်တမ်းကောက်ယူခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ဌာနအတွင်း မည်မျှယုံကြည်အားထားရသည်ကို သိရှိနိုင်ရန် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်သူ့ဝန်ထမ်းများအတွင်း စစ်တမ်းကောက်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ပြည်သူများအနေဖြင့် ဝန်ထမ်းများအပေါ် မည်သို့သဘောထားသည်ကို သိရှိလိုသည့်အတွက် စစ်တမ်းကောက်ယူရန် စီစဉ်နေပါကြောင်း၊ အဆိုပါ စစ်တမ်းကောက်ယူ မှုကို ၂၀၁၇ ခုနှစ်အတွင်း မိသားစု ၂၀၀၀ ခန့်မှ ကောက်ယူသွားရန် စီစဉ်ထားပါကြောင်း ဖြေကြားသည်။

**ဝန်ထမ်းပြောင်းရွှေ့မှုတွင် ပင်စင်ခံစားခွင့်**နှင့် စပ်လျဉ်း၍ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ဌာနပြောင်းရွှေ့တာဝန်ထမ်းဆောင်ရာတွင် မူလဌာနမှ ပင်စင်လစာခံစားခဲ့သည်များ ရှိသကဲ့သို့ မူလဌာနမှ ဝန်ထမ်းလုပ်သက်အား ဆက်လက်ပေါင်းယူ၍ ရောက်ရှိရာဌာနတွင် ပင်စင်ယူခြင်းဟူ၍ရှိပါကြောင်း ဖြေကြားသည်။

**ပြည်ထောင်စုနယ်မြေတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းကို ဖြေကြားရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီအတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်ဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ် အဆင့်များအတွက် သင်တန်းကျောင်းတစ်ခု ဖွင့်လှစ်နိုင်ရန် စီစဉ်ထားပါကြောင်း၊ အဆိုပါ သင်တန်းကျောင်းသို့ သင်တန်းသား ၂၀၀ ခန့် တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြည်သူ့ဝန်ထမ်းအရေးအတွက်**နှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးတွင် ပြည်သူ့ဝန်ထမ်းဦးရေ ကိုးသိန်းကျော် ရှိပါကြောင်း၊ ယခုအခါ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ စစ်ပညာဘာသာရပ်အား သင်ကြားပေးခြင်းမရှိဘဲ ပြည်သူ့ဝန်ထမ်းများအတွက် လိုအပ်သည့် ဘာသာရပ်များကိုသာ တိုးချဲ့သင်ကြားပေးလျက်ရှိပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

# မြောက်ကိုရီးယား၏ဝေဖန်ရှုတ်ချခြင်းကိုခံရပြီးနောက် တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနှင့် အိမ်နီးချင်းကောင်းအဖြစ်သာရှိလိုကြောင်း ပြောကြား

**ပေကျင်း မေ ၄**

မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး တင်းကျပ်သည့် ပိတ်ဆို့မှုများပြုလုပ်ရန် တရုတ်နိုင်ငံပိုင်မီဒီယာက တောင်းဆို ရေးသားထားမှုအပေါ် မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီက ပြုလေ့ပြုထမရှိသည့် ဝေဖန်ရှုတ်ချမှုမျိုး ရေးသားဖော်ပြခဲ့ပြီးနောက်တွင် တရုတ်နိုင်ငံသည် ၎င်းအနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် အိမ်နီးချင်းကောင်းများအဖြစ်သာရှိလိုကြောင်း ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယား၏ အဓိကမဟာမိတ်ဖြစ်သည့် တရုတ်နိုင်ငံအား မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်ကို ပိုမိုဟန့်တားထိန်းချုပ်ရေးလုပ်ဆောင်ရန် တိုက်တွန်းတောင်းဆိုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံနှင့် အိမ်နီးချင်းကောင်းပီသစွာ၊ ချစ်ခင်ရင်းနှီးစွာရှိနေသည့် တရုတ်နိုင်ငံ၏ရပ်တည်မှုသည် ခိုင်မာသေချာပြီး ရှုပ်ထွေးမှုကင်းကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂန်ရှောင်းကပေကျင်း၌ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်လျှော့ချရေးနှင့်ပတ်သက်သည့် သဘောထားကိုပြောင်းလဲခြင်းမရှိသည့်အပြင် ဆွေးနွေးမှုများပြုလုပ်ခြင်းဖြင့် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရေး ကြိုးပမ်းဆောင်ရွက်နေဆဲပင်ဖြစ်ကြောင်း ၎င်းကပြောသည်။

မြောက်ကိုရီးယားသည် စစ်အေးတိုက်ပွဲကို ချန်လုပ်ထားခဲ့ခြင်းမရှိသကဲ့သို့ ပြန်လည်ဖြစ်ပွားမှုကိုလည်းအလိုမရှိကြောင်း၊ ထို့အပြင် ၎င်းနှင့် ရန်သူများအကြား စွဲမြဲဆုပ်ကိုင်ထားသည့်ရန်ငြိုးကို ဝက်ဘ်ပေါ်တွင် ရောထွေးစွာ ရေးသားဖော်ပြထားကြောင်း ဂန်ရှောင်းကပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ဆွေးနွေးပွဲများဖြစ်မြောက်ရေး အကူအညီပေးရန် လိုလိုလားလားရှိနေသော်လည်း မတူကွဲပြားမှုများကို ဖြေရှင်းရန်မှာ အမေရိကန်နိုင်ငံအပေါ် လုံးဝမူတည်နေသည်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**



မြောက်ကိုရီးယားအာဏာရပါတီက ပြုလုပ်သည့် အခမ်းအနားတစ်ခုတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်းအား တွေ့ရစဉ်

## နှစ်ပေါင်း ၄၀၀၀ ခန့်ရှိ ဖာရိုဘုရင်၏ ဂူသင်္ချိုင်းဟောင်းအား ရှာဖွေတွေ့ရှိ

**ကိုင်ရို မေ ၄**

လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ခန့်ရှိမည်ထင်ရသော ဖာရိုဘုရင်၏ ဂူသင်္ချိုင်းတစ်ခုကို အီဂျစ်နိုင်ငံ လုဇာမြို့အထက်ပိုင်း စပိန်ရှေးဟောင်းသုတေသနလုပ်ငန်းခွင်တစ်နေရာတွင် တူးဖော်တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသန ဝန်ကြီးဌာနက ယမန်နေ့က ကြေညာခဲ့သည်။



အဆိုပါ ဂူသင်္ချိုင်းကို ဒါရာ အဘူနာဂါ ရှေးဟောင်းဂူသင်္ချိုင်းအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါတွေ့ရှိခဲ့သော ဂူသင်္ချိုင်းအရွယ်အစားမှာ အလျား သုံးမီတာနှင့် အနံ နှစ်မီတာရှိကြောင်း သိရသည်။ ထို့အပြင် ၎င်းကို အကျယ် ၃၀ စင်တီမီတာရှိသော စတုရန်းများဖြင့် ပိုင်းခြားထားကြောင်း ကြေညာချက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ဂူသင်္ချိုင်းကို စပိန်သုတေသန လုပ်ငန်းမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လုဇာအနောက်ဘက်ကမ်းရှိ ၁၈ ရာစု အစောပိုင်း မင်းဆက် ဒီဂျီဟွတ်နှင့် ဟာရီ၏ ကျောက်ဂူသင်္ချိုင်းတော်များတည်ရှိသည့် ဒါရာ အဘူနာဂါတွင် သုတေသနပြုနေခဲ့သည်မှာ ၁၆ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

အီဂျစ်နိုင်ငံသည် ရှေးအကျဆုံးယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိသည်နှင့်အညီ ထိုအမွေအနှစ် ထိန်းသိမ်းရေးတို့ကို အပြင်းအထန်လုပ်ဆောင်နေကြောင်း သိရသည်။ အီဂျစ်နိုင်ငံ၏ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာရေးအတွက် ဖာရိုဘုရင်၏ ရှေးဟောင်းသုတေသနဆိုင်ရာ လျှို့ဝှက်ချက်များနှင့် နိုင်ငံအတွင်းရှိ အခြားရှေးဟောင်းယဉ်ကျေးမှုများကို ဖော်ထုတ်ရန် တာဝန်ရှိသူများက ကြိုးစားဆောင်ရွက်လျက်ရှိသည်။ **(ဆင်ဟွာ)**

## အီရန်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၂၀ ကျော်ရှိလာ

**တီဟီရန် မေ ၄**

အီရန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကျောက်မီးသွေးတွင်း၌ ဖြစ်ပွားခဲ့သည့် ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ကျောက်မီးသွေးတွင်းလုပ်သားများ သေဆုံးမှုအရေအတွက်မှာ ၂၇ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။ လူ ၃၀ ကျော်တို့မှာကျောက်မီးသွေးတွင်းထဲ၌ ပိတ်မိနေဆဲဖြစ်သည်။

ဂိုလက်စတန်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ယင်းပေါက်ကွဲမှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူ ကျောက်မီးသွေးတွင်းလုပ်သား ၆၉ ဦးရှိကြောင်း အီရန်နိုင်ငံ မီဒီယာများကဖော်ပြခဲ့ကြသည်။

မြေအောက်၌ သတ္တုတွင်းလုပ်သား ၃၂ ဦးတို့ ပိတ်မိနေဆဲဖြစ်ကြောင်း မီဒီယာကဖော်ပြသည်။ တပ်မတော်နှင့် ကြက်ခြေနီတပ်ဖွဲ့အာဏာပိုင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြဆဲဖြစ်သည်။ ယမန်နေ့က ကျောက်မီးသွေးတွင်းထဲ၌ ဓာတ်ငွေ့များထူထပ်သိပ်သည်းနေခဲ့ပြီး နောက်ထပ်ပေါက်ကွဲမှုများဖြစ်ပွားနိုင်သည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ အထမမြောက်ဖြစ်ခဲ့သည်။

အီရန်နိုင်ငံတွင် ကျောက်မီးသွေးထုတ်ယူမှုသည် အဓိကအားဖြင့် နိုင်ငံ၏သံမဏိထုတ်လုပ်ရေးလုပ်ငန်းအတွက် သုံးစွဲရန်ဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်အကြာက အီရန်နိုင်ငံ ရက်ဇ်ပြည်နယ်အတွင်းရှိ ကျောက်မီးသွေးတွင်းတစ်ခု၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ဖူးပြီး လူရှစ်ဦးသေဆုံးခဲ့သည့်ဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## ဗြိတိန်ဘုရင်မကြီး၏ ကြင်ရာတော်မြို့စားကြီး တာဝန်မှအနားယူတော့မည်

**လန်ဒန် မေ ၄**

ဗြိတိန်နိုင်ငံ ဘုရင်မကြီး၏ ကြင်ရာတော် အေဒင်ဘာ့ဂ်မြို့စားကြီး ဖိလစ်သည် ယခုနှစ် ဆောင်းဦးရာသီတွင် အနားယူတော့မည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် တော်ဝင်အလုပ်များမှ အနားယူတော့မည်ဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်က မေ ၄ ရက်တွင် ပြောကြားခဲ့သည်။



ဘက်ကင်ဟမ်နန်းတော်တွင်ပြုလုပ်ခဲ့သည့် တော်ဝင်ဝန်ထမ်းများဆိုင်ရာ အရေးပေါ်အစည်းအဝေးတွင် ထိုဆုံးဖြတ်ချက်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်ကို ဗြိတိန်နိုင်ငံ ဘုရင်မကြီး အဲလိဇဘတ်၏ ကြင်ရာတော် မြို့စားကြီးဖိလစ်ကိုယ်တိုင်ဆုံးဖြတ်ခဲ့ကြောင်း သိရပြီး ယင်းဆုံးဖြတ်ချက်ကို ဘုရင်မကြီးက ထောက်ခံပေးခဲ့ကြောင်း သိရသည်။ မြို့စားကြီးသည် လာမည့် ဇွန်လတွင် အသက် ၉၆ နှစ်ပြည့်မည်ဖြစ်ကြောင်း နန်းတော်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**( ဆင်ဟွာ)**

## သေနတ်သမားများ၏ပစ်ခတ်မှုကြောင့် ဆိုမာလီဝန်ကြီးတစ်ဦး သေဆုံး

**မိုဂါဒစ်ရှူး မေ ၄**

အမည်မသိ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဆိုမာလီနိုင်ငံ ဆောက်လုပ်ရေးနှင့် ပြန်လည်တည်ထောင်ရေးဝန်ကြီး အဘာစ် အဘူဒါလီ ရှိတ် ဆီရာဂျီ သည် ယမန်နေ့က မိုဂါဒစ်ရှူးတွင် သေဆုံးခဲ့ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လုံခြုံရေးအရာရှိများက ထိုသို့ပစ်သတ်ခံရခြင်း နောက်ကွယ်က ဖြစ်နိုင်ခြေရှိသည့် အကြောင်းတရားများကို စုံစမ်းလျက်ရှိပြီး ဝန်ကြီး ဆီရာဂျီ သတ်ခံရသည့်ကိစ္စဖြင့် အစိုးရအရာရှိများကြား တင်းမာမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးအားသမ္မတနန်းတော်အနီးတွင် သေနတ်သမားများက ပစ်သတ်ခဲ့ကြောင်း ဆိုမာလီနိုင်ငံ သတင်းအချက်အလက်နှင့် အမျိုးသားရေးလမ်းညွှန်မှုဝန်ကြီး အဒူရာမန်အိုမာအိုစမန်က အတည်ပြုပြောကြားခဲ့သည်။

တိုက်ခိုက်မှုနှင့်ပတ်သက်၍ သံသယရှိသူသေနတ်သမား လေးဦးကို ဖမ်းဆီးထားကြောင်း ဆိုမာလီနိုင်ငံ အကြီးတန်းရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဆီရာဂျီသည် ဆိုမာလီ ဖက်ဒရယ်ပါလီမန်အတွင်း အသက်အငယ်ဆုံးအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး လွန်ခဲ့သော မတ်လက ဆောက်လုပ်ရေးနှင့် ပြန်လည်တည်ထောင်ရေးဝန်ကြီး ဖြစ်လာခဲ့သည်။

**(ဆင်ဟွာ)**

# လူရည်ချွန်တွေက နိုင်ငံတော်ရဲ့ကြီးလေးတဲ့တာဝန်တွေလည်း ထမ်းဆောင်နေရတယ် ဒီကလေးတွေကိုလည်း အဲ့ဒီလိုမျိုးဖြစ်အောင် နိုင်ငံတော်အနေနဲ့ ပြုစုပျိုးထောင်ပေးစေချင်ပါတယ်

ဆရာကြီးဦးစိုးမြင့်(လူရည်ချွန်ဟောင်းကြီး)

**တွေ့ဆုံမေးမြန်း-ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**

၂၀၁၇ ပညာသင်နှစ်အတွက် ဘက်စုံပညာထူးချွန်လူငယ် ၅၂၈ ဦးတို့သည် အသုတ်သုံးသုတ်ခွဲ၍ နဝမတန်းဘက်စုံပညာ ထူးချွန်လူငယ် ၁၇၆ ဦးသည် လူရည်ချွန်အပန်းဖြေစခန်းသုံးခုရှိသည့်အနက် အင်းလေးခေါင်တိုင်(ဟူပင်ဟိုတယ်) အပန်းဖြေစခန်း၌ တည်းခိုပြီး ဒေသန္တရဗဟုသုတများ လေ့လာခြင်း၊ ယဉ်ကျေးမှုများ အချင်းချင်းဖလှယ်ခြင်း၊ ဗဟုသုတများ မျှဝေခြင်းများဖြင့် ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံနေထိုင်ခြင်း၊ ဒေသခံတိုင်းရင်းသားတို့၏ နွေးထွေးစွာကြိုဆိုခြင်းတို့သည် မြင်ရသူတို့အတွက် လွန်စွာဝမ်းသာပီတိဖြစ်ကြရသည်။

ထို့နောက် လူရည်ချွန်ဟောင်းကြီးများ၏ ရင်းတွင်းပီတိစကားများ၊ ဆုံးမစကားများကိုလည်း ဤသို့ကြားသိခဲ့ရသည်-

**ဒေါက်တာမောင်မောင်လေး (မြန်မာစာပါရဂူဘွဲ့ရ ပါမောက္ခအငြိမ်းစား) လူရည်ချွန်ကျောင်းသားကြီး**

လူရည်ချွန်ဘဝက ၁၉၆၉ ခုနှစ်၊ ၁၉၇၀ ခုနှစ်၊ ၁၉၇၁ ခုနှစ်တွေမှာ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ်နဲ့ အရွေးခံခဲ့ရတဲ့ လူရည်ချွန်ဟောင်းလည်းဖြစ်ပါတယ်။ အခုအင်းလေးစခန်းကို ၁၉၆၉ ခုနှစ်က တစ်ကြိမ်၊ ၁၉၇၁ ခုနှစ်က တစ်ကြိမ်၊ ဒီကနေ့ ရောက်ရှိတာဆိုလို့ရှိရင် သုံးကြိမ်ရှိပါပြီ။ သုံးကြိမ်မြောက်နဲ့ ဒုတိယအကြိမ်မြောက် ဘယ်လောက်ကွာသလဲဆိုရင် နှစ်ပေါင်း ၄၆ နှစ်ကွာပါတယ်။ ကျောင်းသားဘဝရောက်ခဲ့တဲ့ လူရည်ချွန်စခန်းကို ပြန်ပြီးရောက်လာတဲ့အချိန်မှာတော့ ကိုယ်နဲ့အတူရခဲ့ကြတဲ့ ကျောင်းသားကျောင်းသူတွေကို ပြန်ပြီးတော့ သတိရမိပါတယ်။ အဲ့ဒီတုန်းက လူငယ်လေးတွေဟာ ကျောင်းသားဘဝနဲ့ ပါလာကြပေမယ့် ဒီကနေ့မှာတော့ နယ်ပယ်အသီးသီးဖြစ်တဲ့ ဘာသာရေး၊ သာသနာရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ နိုင်ငံအုပ်ချုပ်ရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ စီမံခန့်ခွဲရေးစတဲ့ နယ်ပယ်အသီးသီးမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါပြီ။ ဆရာ့အနေနဲ့ကတော့ ဒီစခန်းကို ပြန်ရောက်လာတဲ့အခါမှာ အင်မတန်မှဝမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်ရောက်ဖူးတဲ့နေရာလေးကို ပြန်ရောက်လို့ဝမ်းသာရတာတစ်ပိုင်းဖြစ်သလို ကိုယ့်လိုပဲထူးချွန်တဲ့ မျိုးဆက်သစ် ပညာရည်ချွန်ကျောင်းသားတွေ တွေ့ရတဲ့အတွက်ကြောင့်မို့လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရတယ်။ ဂုဏ်ယူတယ်ဆိုတာက ဒီလိုပညာထူးချွန်တဲ့ကလေးတွေကို တွေ့ခွင့်ရတယ်။ အနာဂတ်အတွက် ပခုံးပြောင်းတာဝန်ယူကြမယ့် သူတို့လေးတွေရဲ့ အနာဂတ်လုပ်ရပ်တွေကို မျှော်မှန်းပြီးတော့ ဝမ်းသာကြည်နူးနေတာပါ။

ဆရာ့အနေနဲ့ကတော့ ဒီကနေ့ပင်စင်ယူတဲ့အထိအောင် ပညာရေးနဲ့ပတ်သက်တဲ့ တာဝန်တွေကို ထမ်းဆောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ကျင်းပတဲ့ တက္ကသိုလ်ဝင်တန်းမှာလည်းပဲ စာစစ်မှူးချုပ်တာဝန်နဲ့ ငါးနှစ်တိုင်တိုင်၊ တွဲဖက်စာစစ်မှူးချုပ်အဖြစ်နဲ့ နှစ်နှစ် တိုင်တိုင် စုစုပေါင်း ခုနစ်နှစ် ကြီးမားတဲ့ တာဝန်ထမ်းဆောင်ခဲ့သလို စာစစ်တဲ့တာဝန်ကိုတော့ နှစ်ပေါင်း ၃၀ ကျော်လောက် စာစစ်ပေးခဲ့ပါတယ်။

ဆရာကိုယ်တိုင်ကလည်း ကျမ်းတစ်စောင်တင်ပြီးမှာ ဒေါက်တာဘွဲ့ရခဲ့သလို ဆရာ့လက်ထက် သက်တမ်းတစ်လျှောက်လုံးမှာလည်းပဲ ကျမ်းပြု ၈၃ ယောက်ပါရဂူဘွဲ့ရအောင် မွေးထုတ်ပေးခဲ့ပါတယ်။ ဒီအတွက်လည်း ဝမ်းသာကျေနပ်ပါတယ်။

**ဆရာကြီးဦးစိုးမြင့်(တက္ကသိုလ်စိုးစံ)၊ လူရည်ချွန်ဟောင်းကြီး စီးပွားရေးလုပ်ငန်းရှင်**

ဆရာကတော့ လက်ရှိမှာ စီးပွားရေးလုပ်ငန်းရှင်ပါ။ လက်ရှိမှာတော့ သောက်ရေသန့်စက်ရုံနဲ့ ဂုဏ်ကြီးရှင်ကုမ္ပဏီရဲ့ အုပ်ချုပ်မှုဒါရိုက်တာအနေနဲ့ တာဝန်ယူထားပါတယ်။ ဒါက ဆရာကြီးရဲ့ အသက်မွေးဝမ်းကျောင်းပါ။ တခြားနိုင်ငံတော်ရဲ့ မူဝါဒအဖွဲ့အစည်း နှစ်ခုဖြစ်တဲ့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတာဝန်နဲ့ မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌ တာဝန်တွေကိုလည်း ထမ်းဆောင်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကတော့ ၂၀၁၀-၂၀၁၃ မှာ တာဝန်ထမ်းဆောင်တာပါ။ အခုလက်ရှိကတော့ မြန်မာနိုင်ငံစာကြည့်တိုက်များ ကော်မတီဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဗဟိုအလုပ်အမှုဆောင်နဲ့ ၁၉၆၄-၁၉၈၈ လူရည်ချွန်အဖွဲ့ရဲ့ အလုပ်အမှုဆောင်တာဝန်ထမ်းဆောင်နေပါတယ်။

၁၉၆၄-၁၉၈၈ လူရည်ချွန်အဖွဲ့ရဲ့အလုပ်အမှုဆောင်လုပ်တယ်ဆိုတာက ဆရာကြီးတို့ တာဝန်တစ်ရပ်ကို ထမ်းဆောင်တာပါ။ တာဝန်တစ်ရပ် ထမ်းဆောင်တယ်ဆိုတာက လူမှုရေးအရလိုက်နာရမယ့် တာဝန်ဝတ္တရား၊ နောက်တစ်ခုက ဥပဒေအရ လိုက်နာရမယ့် တာဝန်ဝတ္တရား အဲ့ဒါမျိုး နှစ်ခုရှိတယ်။ အဲ့ဒီနှစ်ခုထက် လူရည်ချွန်တွေက ပိုပြီးမြင့်တဲ့ (ကိုယ်ကျင့်တရားမြင့်မားတဲ့သူတွေသာ) ကိုယ့်အသိစိတ်ဓာတ်နဲ့ တာဝန်ဝတ္တရားမျိုးကို လူရည်ချွန်တွေက ထမ်းဆောင်နေတာပါ။

**ဆရာမကြီး ဒေါ်အေးမြတ်နွယ် (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရ၊ သုံးထပ်ကွမ်းလူရည်ချွန်ဟောင်းကြီး)**

ဆရာမကြီးတို့ ဒီအင်းလေးစခန်းကို ဘာကြောင့်လာရလဲဆိုရင် ၁၉၇၄ ခုနှစ်က အင်းလေးမှာ ခုနစ်တန်းကျောင်းသူဘဝနဲ့ အခုကလေးတွေလိုပဲ ရောက်ခဲ့ပါတယ်။ အဲဒီအချိန်က နောင်တစ်ချိန်ဘာတွေဖြစ်လာမယ်ဆိုတာ ဘယ်သူမှမသိခဲ့ကြပါဘူး။ ဒါကြောင့် လူရည်ချွန်ကလေးတွေကိုလည်း ဆရာမကြီးတို့ ဘဝဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြောပြချင်လွန်းလို့ အင်းလေးကို လာခဲ့တာပါ။ လူရည်ချွန်တွေကိုမှာချင်တာကတော့ ဘယ်လောက်ပဲအခက်အခဲတွေ ကြုံနေပါစေ စိတ်ဓာတ်ကျမသွားဘဲ ရောက်တဲ့အရပ်မှာ ဆက်ကြိုးစားနေကြဖို့ မှာလိုပါတယ်။ ဒီကလေးတွေနဲ့ တွေ့ချင်လို့ အလုပ်တွေ မအားတဲ့ကြားက ဖျက်ပြီးတော့ လာခဲ့တာပါ။ အခုလို ကလေးတွေနဲ့ တွေ့ရတာလည်း အလွန်ကို ဝမ်းသာပါတယ်။

**မောင်ကောင်းခန့်ဇော်(နှစ်ထပ်ကွမ်းလူရည်ချွန်)၊ အထက(၁) သဃ်္ဃန်းကျွန်း၊ ရန်ကုန်**

ကျွန်တော်က ၂၀၁၆၊ ၂၀၁၇ မှာ နှစ်ကြိမ်ဆက်တိုက် လူရည်ချွန်ရရှိခဲ့တာဖြစ်ပါတယ်။ ဧပြီ ၂၇ ရက်မှာ ရန်ကုန်ကနေ ကျွန်တော်တို့ စထွက်ပြီးတော့ ဧပြီ ၂၈ ရက်မှာ မန္တလေးစုရပ်ကို ရောက်ပါတယ်။ ဧပြီ ၂၉ ရက် မနက်အစောထပြီး မဟာမြတ်မုနိဘုရားကြီးကို ဖူးမြော်ပြီးတော့ အင်းလေးခေါင်တိုင်ကို ထွက်ခွာလာပါတယ်။ အင်းလေးခေါင်တိုင်မရောက်ခင် လမ်းမှာ တိုင်းရင်းသားဝတ်စုံဝတ်ထားသူတွေ၊ ဘင်ခရာအဖွဲ့တွေနဲ့ ကြိုဆိုကြတော့ အလွန်ပီတိဖြစ်ပါတယ်။ ဒီလိုတွေ့ရတာဟာ ကျွန်တော်တို့ကို အသိအမှတ်ပြုတယ်။ ကျွန်တော်တို့ ကြိုးစားထားတာ အရာရောက်တယ်လို့ ထင်ပါတယ်။

ဒီနေ့ ဟောပြောပွဲမှာ အိုဇုန်းလွှာအကြောင်းတွေ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုအကြောင်းတွေကို ဟောပြောတာဟာ ကျွန်တော်တို့အတွက် ဗဟုသုတ များစွာရပါတယ်။ နောက်ပြီး ပိုပြီးထဲထဲဝင်ဝင်သိလာရပါတယ်။ ဒီလူရည်ချွန်ခရီးဟာ ကျွန်တော့်အတွက်တော့ တစ်သက်လုံးမေ့မှာမဟုတ်ပါဘူး။ လာမယ့်နှစ်အတွက်လည်း သုံးထပ်ကွမ်း လူရည်ချွန်ဖြစ်ဖို့ အစွမ်းကုန်ကြိုးစားသွားပါမယ်။

**နန်းခိုင်မြမြဖူး (ကရင်ပြည်နယ် ဘားအံမြို့ အထက-၁)**

ဒီကို လူရည်ချွန်အဖြစ်နဲ့ လာရောက်အပန်းဖြေတာဖြစ်ပါတယ်။ ဒီဒေသဟာ ဒေသန္တရဗဟုသုတွေလည်း အများကြီးရရှိပါတယ်။ အင်းလေးတိုင်းရင်းသား တိုင်းရင်းသူတွေရဲ့ အင်းလေးရက်ကန်းပညာတွေ၊ လူနေမှုဘဝတွေကို လေ့လာရမှာဖြစ်တဲ့အတွက်လည်း အလွန်ဝမ်းသာမိပါတယ်။ ဒီဗဟုသုတတွေကို နိုင်ငံတော်အတွက် နောင်တစ်ချိန်ချိန်မှာ ပြန်လည်အသုံးချသွားမှာဖြစ်ပါတယ်။

**ပန်းဝတ်ရည်(နှစ်ထပ်ကွမ်းလူရည်ချွန်)**
**(စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် အထက-၁ )**

ဒီအင်းလေးခေါင်တိုင်စခန်းကို ပထမဦးဆုံးရောက်ဖူးတာပါ။ တွေ့ဖူးသမျှ ပတ်ဝန်းကျင်တွေထဲမှာမှ အလှဆုံးပတ်ဝန်းကျင်လို့ ခံစားရတဲ့အတွက် ဝမ်းသာမိပါတယ်။ လူရည်ချွန်သူငယ်ချင်းတွေအများကြီးနဲ့ တစ်စုတစ်စည်းတည်းလာရတဲ့အတွက် အလွန်ကို ပျော်ရွှင်ပါတယ်။ ပြီးတော့ တစ်ချိန်က လူရည်ချွန်ကျောင်းသားကြီးတွေနဲ့ တွေ့ရတာလည်း အလွန်ဝမ်းသာမိပါတယ်။

**မောင်ကောင်းစည်ဖြိုး(ရန်ကုန်တိုင်းဒေသကြီး အထက -၂ တောင်ဥက္ကလာ)**

ကျွန်တော်တို့ကို ခေါင်တိုင်စခန်းမရောက်ခင် ကလောမှာ စတင်ကြိုဆိုပါတယ်။ ဘင်ခရာအဖွဲ့တွေနဲ့ ကြိုဆိုကြတာ အလွန်ပျော်ပါတယ်။ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူတွေ၊ ဒေသခံ ဆရာမတွေနဲ့ ဒေသခံ ကျောင်းသား ကျောင်းသူလေးတွေက ပန်းကုံးတွေနဲ့ ကြိုဆိုကြတာ အလွန်ကို ပျော်ပါတယ်။ ကျွန်တော်က အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်ပါတယ်။ နောင်တစ်ချိန်မှာ ကျွန်တော်တို့နိုင်ငံကြီးကို အာဆီယံနိုင်ငံတွေထဲက အတိုးတက်ဆုံးနိုင်ငံဖြစ်အောင် အင်ဂျင်နီယာတစ်ယောက်အနေနဲ့ ပါဝင်ဆောင်ရွက်သွားမယ်လို့ မျှော်လင့်ထားပါတယ်။



ဒေါက်တာမောင်မောင်လေး



ဦးစိုးမြင့်



ဒေါ်အေးမြတ်နွယ်



မောင်ကောင်းစည်ဖြိုး



နန်းခိုင်မြမြဖူး



ပန်းဝတ်ရည်

---

*စာမျက်နှာ ၂ မှ*

ခွဲထွက်လာတဲ့ အဖွဲ့တွေကိုတော့ UPC ကို တက်ရောက်ဖို့ အစိုးရလက်မခံသေးဘူးဆိုတဲ့သဘော ဖြစ်သွားတာပေါ့” ဟု ဒေါက်တာရွှေခါးရဲက ပြောသည်။

ဆွေးနွေးပွဲတွင် တပ်မတော်အနေဖြင့် မိုင်းရှင်းလင်းရေးကိစ္စကို ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး သဘောတူညီချက်ရရှိပါက တိုင်းရင်းသားလက်နက်အဖွဲ့အစည်းများဖြင့် ပူးတွဲဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

JMC-U အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က “တပ်မတော်ရဲ့သဘောထားကတော့ မိုင်းတွေကို တပ်မတော်ကပဲ ဦးဆောင်ပြီးတော့ ပြန်ပြီးတော့ ရှင်းလင်းပေးသွားမယ်။ အဲဒါမှမဟုတ်ရင် ပြည်ပကနေပြီး မိုင်းရှင်းလင်းရေးနဲ့ ပတ်သက်ပြီး အထောက်အပံ့ပေးချင်တယ်ဆိုရင် နည်းပညာထောက်ပံ့ပေးမယ့် ပစ္စည်းဆိုရင် လက်ခံသွားပါမယ်။ ရှင်းလင်းတာကတော့ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ ပူးပေါင်းပြီးရှင်းလင်းသွားဖို့ ဒီသဘောထားလေးကို KNU ဘက်မှာ ပြန်လည်ဆွေးနွေးမယ်ဆိုတာ ဆွေးနွေးဖြစ်ပါတယ်။ အထူးသဖြင့် ကရင်ပြည်နယ်မှာ စတင်ဆောင်ရွက်ဖို့ ဆွေးနွေးပါတယ်” ဟု ပြောသည်။

တပ်မတော်၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိသည့် နယ်ခြားစောင့်တပ်(BGF) နှင့် ပြည်သူ့စစ်များအား စစ်ဘက်ဆိုင်ရာကျင့်ဝတ်အရ လိုက်နာမှုများထားရှိရန် ဆွေးနွေးခဲ့ပြီး တပ်မတော်အနေဖြင့် အမိန့်နာခံရေး(Command Understanding) ဆောင်ရွက်ထားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် JMC ၏ (၁၀)ကြိမ်မြောက် အစည်းအဝေး ဒုတိယနေ့တွင် ပြည်နယ်အဆင့် JMC-S ကိုယ်စားလှယ်များကလည်း လုပ်ငန်းဆောင်ရွက်ချက်အခြေအနေနှင့် စိန်ခေါ်မှုများ၊ ဝန်ထမ်းလိုအပ်ချက်များကို တင်ပြခဲ့ပြီး JMC-S ဝန်ထမ်းလိုအပ်ချက်များ ခန့်ထားပေးနိုင်ရေးအတွက် နှစ်လအတွင်း လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

JMC သည် တပ်မတော်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား စစ်ဘက်ဆိုင်ရာအချက်များကို ဆွေးနွေးရန်၊ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်နေချိန်တွင် အောက်ခြေ၌ တိုက်ပွဲများမဖြစ်ပွားစေရန်၊ တိုက်ပွဲများလျှော့ချနိုင်စေရန်၊ တပ်မတော်နှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ပြဿနာကိုဖြေရှင်းနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကို တပ်မတော်ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။

## ခေတ်စနစ်သစ်တိုင်းဟာ စိန်ခေါ်မှုများ၊ အခက်အခဲများနဲ့ စိတ်ဝင်စားဖွယ်ဖြစ်သော်လည်း အဓိကကတော့ အခက်အခဲများပဲ ဖြစ်ပါတယ်။ ယင်းခက်ခဲတဲ့ လုပ်ငန်းစဉ်များကို အတူတကွ လုပ်ဆောင်ဖို့ မိတ်ဆွေများရှိပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း ဥရောပသမဂ္ဂအနေနဲ့ ဆုံးဖြတ်ထားပြီးဖြစ်

✻ *ကျော်ဖုံးမှ*

မိမိတို့ရဲ့ယနေ့တွေ့ဆုံဆွေးနွေးမှုများမှာ နွေးထွေး၊ ပွင့်လင်း၊ အကျိုးရှိပြီး စိတ်ဝင်စားဖွယ် ကောင်းခဲ့ပါတယ်။ ယင်းတွေ့ဆုံဆွေးနွေးမှုတွင် ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအတွက် မည်သည့်အကောင်းဆုံးနည်းလမ်းများဖြင့် ဆက်လက်အားပေးကူညီပံ့ပိုးပေးသွားနိုင်မည်ကို ဆွေးနွေးခဲ့ကြပါတယ်။ ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးစာချုပ်ဖြစ်တဲ့ NCA တွင် လက်မှတ်ရေးထိုးခွင့်ရတဲ့ အနည်းငယ်သော နိုင်ငံတကာ အသိသက်သေများအနက်မှ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့ မိမိတို့အနေဖြင့် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို သက်ဝင်ယုံကြည်သူများအားလုံး ပါဝင်ရန်လိုအပ်ပြီး မြန်မာပြည်သူများ လက်ဝယ်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မည်ကဲ့သို့ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်မည်ကို ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြီးခဲ့သည့် ဆယ်စုနှစ်များနှင့် မကြာမီလများအတွင်းက ခက်ခဲတဲ့ အခြေအနေများတွင် ဒေါ်အောင်ဆန်းစုကြည်က ထူးခြားပြောင်မြောက်စွာ ပြသခဲ့တဲ့ အချိန်၊ စွမ်းအား၊ ယုံကြည်ချက်နဲ့ နိုင်ငံရေးခေါင်းဆောင်မှုတို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် ဥရောပသမဂ္ဂအနေနဲ့ နိုင်ငံရေးအရသာမက ဘဏ္ဍာငွေကြေးအရပါ တတ်စွမ်းသမျှ အားလုံးသောနည်းလမ်းများ၊ ခွန်အားများဖြင့် ပံ့ပိုးကူညီပေးလျက်ရှိပြီး ဆက်လက်၍လည်း ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ လာမည့်ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသို့ သွားရောက်မယ့် ကော်မရှင်နာ Stylianides မှလည်း မိမိတို့ရဲ့တွေ့ဆုံဆွေးနွေးမှုကို တက်ရောက်ခဲ့တဲ့အတွက် ၎င်းရဲ့ခရီးစဉ် ကြိုတင်ပြင်ဆင်ရန် အခွင့်အလမ်းလည်းရခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်မယ့် သဘောထားအမြင်များနဲ့ နိုင်ငံရေး လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးခဲ့ပါတယ်။ မိမိတို့အနေနဲ့ စိုးရိမ်မကင်းဖြစ်ရတဲ့ကိစ္စဖြစ်ပြီး လူမှုအသိုင်းအဝိုင်းအားလုံးအတွက် အဓိက လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်လျက်ရှိတဲ့ ရခိုင်ပြည်နယ်အခြေအနေများကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ဒီအချက်တွေဟာ ရှေ့ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသို့ သွားရောက်မယ့် ကော်မရှင်နာ Stylianides ရဲ့လုပ်ငန်းစဉ်များရဲ့ တစ်စိတ်တစ်ဒေသလည်း ဖြစ်ပါတယ်။

ဥရောပသမဂ္ဂမှ အာဆီယံနှင့် ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများ၊ နယ်ပယ်အသီးသီးတွင် မိမိတို့ရဲ့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရန်နှင့် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် နိုဝင်ဘာလတွင် လက်ခံကျင်းပရန်ရှိပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ သဘာပတိအဖြစ် ဆောင်ရွက်မယ့် ဥရောပသမဂ္ဂမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြမယ့် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကိစ္စရပ်တို့ ပါဝင်တဲ့ ကျယ်ပြန့်တဲ့ ဒေသတွင်းကိစ္စရပ်များကိုလည်း ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ပါတယ်။ အေဆမ်အစည်းအဝေးဟာ မိမိတို့ ပြန်လည်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။ မိမိပြောခဲ့သလို ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံရဲ့ အဓိကမိတ်ဖက်ဖြစ်သလို ခေတ်သစ်မြန်မာနိုင်ငံမှာနေထိုင်တဲ့ မြန်မာပြည်သူများကို မိမိတို့ရဲ့ခိုင်မာတဲ့ ချစ်ကြည်ရင်းနှီးမှုကို ပြသနိုင်မယ့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။

ခေတ်စနစ်သစ်တိုင်းဟာ စိန်ခေါ်မှုများ၊ အခက်အခဲများနဲ့ စိတ်ဝင်စားဖွယ်ဖြစ်သော်လည်း အဓိကကတော့ အခက်အခဲများပဲ ဖြစ်ပါတယ်။ ယင်းခက်ခဲတဲ့ လုပ်ငန်းစဉ်များကို အတူတကွ လုပ်ဆောင်ဖို့ မိတ်ဆွေများရှိပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း ဥရောပသမဂ္ဂအနေနဲ့ ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်။ တစ်ခါတစ်ရံ မိမိတို့ရှေ့မှာ ကြမ်းတမ်းတဲ့ အခိုက်အတန့်များနဲ့ ကြုံတွေ့နိုင်ပေမယ့် ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့ ဦးတည်ချက်လမ်းကြောင်းများဟာ နိုင်ငံတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ ခိုင်မာစေရေးနဲ့ အထောက်အကူပေးရေး၊ လေးစားမှု၊ ချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ အားပေးမှုများနဲ့ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို သိရှိခြင်း စတဲ့ရည်မှန်းချက်များနဲ့ အတူတူဖြစ်ပါတယ်။

ဒီနေ့ မိမိတို့နှင့် အဆွေတော်တို့ အတူတူရှိခြင်းကို ဂုဏ်ယူမိပြီး ကျေးဇူးတင်ရှိပါတယ်။

**မေးခွန်း။ ။ မိမိအနေနဲ့ နှစ်ဦးစလုံးကို မေးမြန်းလိုပါတယ်။ အဆင့်မြင့်ကိုယ်စားလှယ်အနေနဲ့ ရခိုင်ကိစ္စနဲ့ပတ်သက်ပြီး ဘာတွေလုပ်ဆောင်ဖို့ တိုက်တွန်းအားပေးခဲ့သလဲ၊ နောက်ပြီး သူမရဲ့အကြံပြုချက်များအနက် မည်သည့်အချက်များကို သူမအနေနဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်သွားနိုင်မည်ကို သိရှိလိုပါကြောင်း။ ဒီကိစ္စနဲ့ စပ်လျဉ်းပြီး ဆွေးနွေးချက်များမှ မည်သည့်အဓိကအချက်များကို ပြန်လည်ပြောကြားနိုင်ပါသလဲ။**

အဖြေ။ ။ ဒေါ်အောင်ဆန်းစုကြည် ပြောကြားချက်အပေါ် မိမိအနေနဲ့ အပြည့်အဝထောက်ခံပါတယ်။ မိမိတို့အနေနဲ့ အဓိကအရေးကြီးတဲ့ အချက်ကတော့ အသိုင်းအဝိုင်းအားလုံး လူမှုဘဝအခြေအနေ တိုးတက်ကောင်းမွန်လာစေရေးကို အရေးကြီးကိစ္စရပ်အဖြစ် သတ်မှတ်ထားပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ကိစ္စရပ်များအပါအဝင် မည်သည့်အကြမ်းဖက်မှုပုံစံမျိုးကိုမဆို မိမိတို့အနေနဲ့ အစဉ်ရှုတ်ချကြောင်း ဦးစွာပြောကြားလိုပါတယ်။ မိမိတို့အနေနဲ့ ယင်းလုပ်ရပ်အပေါ် ပြစ်တင်ရှုတ်ချခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်မှုများအပေါ် လူသိရှင်ကြား ပြစ်တင်ရှုတ်ချခဲ့တဲ့ ပထမဆုံး နိုင်ငံတကာအဖွဲ့အစည်းဟာ မိမိတို့ ဖြစ်မယ်လို့ ယူဆပါတယ်။ အသိုက်အဝန်းအားလုံးအနေနဲ့ ၎င်းတို့ရဲ့ လူမှုဘဝ တိုးတက်မြင့်မားလာစေရေးကို မြင်တွေ့လိုတယ်လို့ မိမိတို့အနေနဲ့ ယုံကြည်ပါတယ်။ အာနန်အစီရင်ခံစာမှာ ဖော်ပြထားတဲ့ အကြံပြုချက်များကို အကောင်အထည်ဖော်ဖို့အတွက် မြန်မာနိုင်ငံမှ အာဏာပိုင်များကို မည်ကဲ့သို့ ပိုမိုကောင်းမွန်အောင် ကူညီပံ့ပိုးပေးသွားရမည်ကို မိမိတို့ အဓိကဆွေးနွေးခဲ့ပါတယ်။ ယင်း ဆောင်ရွက်ချက်များဟာ မိမိတို့အတွက် လမ်းပြမြေပုံ ဖြစ်ပါတယ်။ အာနန်အစီရင်ခံစာပါ ဖော်ပြအကြံပြုချက်များနဲ့ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဆုံးဖြတ်ချက်နဲ့ ထောက်ခံမှုများအပေါ် ကျေးဇူးတင်မိပါတယ်။ ဒါဟာ ရှေ့ဆက်လုပ်ဆောင်သွားရမယ့် လမ်းကြောင်းလို့လည်း ယုံကြည်ထားပါတယ်။ မိမိတို့အနေနဲ့ ကူညီပံ့ပိုးပေးသွားရန် အသင့်ရှိပြီး လူသားချင်း စာနာထောက်ထားမှု အကူအညီများအပါအဝင် လက်တွေ့ကျတဲ့ နည်းလမ်းများဖြင့် အစီရင်ခံစာပါ အစီအမံများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် ဥရောပသမဂ္ဂအနေနဲ့ ကူညီပံ့ပိုးပေးနိုင်ပါတယ်။

**မေးခွန်း။ ။ ယခုမေးခွန်းကတော့ နှစ်ဦးစလုံးနဲ့ သက်ဆိုင်ပါတယ်။ ရိုဟင်ဂျာများရဲ့အခြေအနေကို နိုင်ငံတကာစုံစမ်းစစ်ဆေးမှု လုပ်ဆောင်ရန် တောင်းဆိုနေမှုများနှင့် စပ်လျဉ်းပြီး သင်တို့ရဲ့ရပ်တည်ချက်ကို သိရှိလိုပါတယ်။**

အဖြေ။ ။ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်မှန် ရှာဖွေဖော်ထုတ်ရေးအဖွဲ့စေလွှတ်ဖို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ဟာ မိမိတို့အကြား သဘောထားအမြင် အယူအဆကွဲလွဲနေတဲ့ ပြဿနာအနည်းငယ်ထဲမှ တစ်ခုဖြစ်နိုင်တယ်လို့ ပြောနိုင်ပါတယ်။ တကယ်တော့ အခြားကွဲလွဲတဲ့ အချက်ရယ်လို့လည်း မမြင်မိပါဘူး။ မိမိတို့ ယခင်ကတည်းက ပြောကြားခဲ့သလိုပါပဲ။ ဒီကိစ္စဟာ အတိတ်ကဖြစ်ပျက်ခဲ့တဲ့ အချက်အလက်တွေကို ဖော်ထုတ်ဖို့ အထောက်အကူပြုနိုင်တယ်လို့ ယုံကြည်ပါတယ်။ ရှေ့ဆက်အတူတကွ လက်တွဲဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာကိုလည်း အပြည့်အဝ သဘောတူပါတယ်။ မိမိတို့ နားလည်တာကတော့ အချက်အလက်မှန် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ဟာ အတိတ်ကဖြစ်ရပ်တွေကို အမှန်ဖော်ထုတ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန်ဖြစ်ပြီး အနာဂတ်ကိုရှေးရှုဆောင်ရွက်ရန် လိုအပ်ကြောင်းနဲ့ ကိုဖီအာနန်အစီရင်ခံစာထဲမှာပါတဲ့ အကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း သဘောတူခဲ့ကြပါတယ်။ **(သတင်းစဉ်)**

▲ *ကျော်ဖုံးမှ*

လတ်တလောမှာတော့ ကျွန်တော်တို့ ဘူးသီးတောင်မြို့အထွက်မှာ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်မယ့် မြေနေရာကို Savey လုပ်ထားပြီးပါပြီ။ System ဓာတ်အားရလို့ ဓာတ်အားခွဲရုံတည်ဆောက်ပြီးတာနဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်းထဲကိုလွှဲပြီး ပြည်သူကို အဆင်သင့် မီးတန်းပေးရုံပါပဲ”ဟု လက်ထောက်မန်နေဂျာက ပြောသည်။

ယခုအခါ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့ပေါ် ရပ်ကွက်များတွင် ၁၉၅၅ ခုနှစ် ဝန်းကျင်မှစတင်ကာ ၅၀၀ ကေဗွီနှင့် ၄၀၀ ကေဗွီ မီးစက်ကြီးများဖြင့်မောင်းကာ ပြည်သူလူထုအား လျှပ်စစ်မီးပေးလျက်ရှိသည်။ ဘူးသီးတောင်မြို့ပေါ်အနေဖြင့် ယခုလတ်တလော ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီခွဲအထိ တစ်နေ့ငါးနာရီကြာ မီးပေးလျက်ရှိရာ ပြည်နယ်အစိုးရထောက်ပံ့မှုအနေဖြင့် ယခင်က နေ့စဉ်လေးနာရီမီးပေးခဲ့သော်လည်း မျှားမကြာမီကာလတွင် အခြေအနေအရပ်ရပ်ကြောင့် ခရိုင်ရုံးမှ လျှပ်စစ်မီး တစ်နာရီပိုပေးနိုင်ရန် ခရိုင်ရုံးမှ ကူညီထောက်ပံ့ပေးသဖြင့် ယခုအခါ ငါးနာရီကြာ ပြည်သူများအား မီးသုံးစွဲခွင့် နေ့စဉ်ပေးလျက်ရှိသည်။ ၆၆ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးပါက ပြည်သူများအား မီးသုံးစွဲခွင့် ယခုထက်ပိုမိုပေးနိုင်မည်ဖြစ်သည်။ ထိုသို့ပေးနိုင်ရန်လည်း ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများကို မြို့ပေါ်ရပ်ကွက်များတွင် အဆင်သင့်ဆွဲထားပေးပြီးဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ဆီမှာ ဖွံ့ဖြိုးမှုနောက်ကျတာက လျှပ်စစ်မီးမရလို့လည်းပါ ပါတယ်။ တခြားမြို့နယ်တွေ ကျွန်တော်တို့ ဘူးသီးတောင်မြို့လောက်တောင် ဖွံ့ဖြိုးမှု မရှိသေးဘူး မီးရနေတယ်။ တကယ်သာ လျှပ်စစ်မီးကို အခြားမြို့တွေလို ၂၄ နာရီ မဟုတ်တောင် အခုထက် အချိန်တိုးပြီး လျှပ်စစ်မီးရရင် ကျွန်တော်တို့မြို့ကတော်တော်လေးကို ဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာရှိပါတယ်”ဟု ဘူးသီးတောင်မြို့ပေါ်မှ ဒေသခံတစ်ဦးဖြစ်သည့် ဦးကျော်သာမောင်က ပြောသည်။

ယခုအခါ ဘူးသီးတောင်မြို့တွင် Transformer သုံးလုံးဖြင့် မီတာအလုံးပေါင်း တစ်ထောင်ကျော်ကို မီးစက်ကြီးများဖြင့် မီးပေးလျက်ရှိပြီး မျှားမကြာမီ System ဓာတ်အားလိုင်းမှ ဓာတ်အားများပို့လွှတ်နိုင်ပြီး ၆၆ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးပါက ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့ပေါ်နေ ပြည်သူများ လျှပ်စစ်မီး ယခုထက် အပြည့်အဝ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။



ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက အဆင်သင့်ပို့လွှတ်ပေးနိုင်သော ၁၁ ကေဗွီ ဓာတ်အားကြိုးများကို တွေ့ရစဉ်
ဓာတ်ပုံ-မောင်မောင်သန်း



### နာရေးကူညီမှုအသင်းအား အရေးပေါ်လူနာတင်ယာဉ်လှူဒါန်းခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်လုံးဆိုင်ရာ သခ်ါရဓမ္မ နာရေးကူညီမှုအသင်းနှင့်သွေးလှူရှင်များအသင်းအား သဒ္ဓါတရားအားကောင်းစွာဖြင့် မမိနိုင်က အရေးပေါ်လူနာတင်ယာဉ် လှူဒါန်းမှုကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ကျော်က အလှူရှင်အား ဂုဏ်ပြုလက်မှတ်ပြန်လည်ပေးအပ်ခဲ့ပါသည်။


### ပြည်နယ်ပညာရေးမှူးရုံး
### ရခိုင်ပြည်နယ်၊ စစ်တွေမြို့
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား/သူများအတွက် အခမဲ့ထောက်ပံ့ပေးနိုင်ရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် နိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**လေ့ကျင့်ခန်းစာအုပ်အရည်အသွေး**

(က) စာအုပ်အရွယ်အစား - (၆ဒသမ၂၅×၈ဒသမ၂၅)လက်မ
(ခ) လိုင်းအရေအတွက် - (၂၂)လိုင်း (အနည်းဆုံး)
(ဂ) အဖုံးစက္ကူ - 180gsm Duplex Board(Color)၊ သဘာဝဘေးပညာပေး(Color)
(ဃ) အတွင်းစက္ကူ - 60gsm indo 1kWoodfree
(င) စာမျက်နှာ - 80 pages

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၅-၂၀၁၇ရက် ညနေ၄နာရီ
**တင်ဒါတင်သွင်းမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးဌာန၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၆၄၉
ရခိုင်ပြည်နယ်ပညာရေးမှူးရုံး၊ စစ်တွေမြို့၊ ဖုန်း-၀၉-၂၅၉၂၆၆၆၀၁၊ ၀၉-၄၂၁၇၁၄၈၈

## ဆိုင်ကယ်နှင့် မော်တော်ယာဉ်မျက်နှာချင်းဆိုင်တိုက်မိ ဆိုင်ကယ်စီးလာသူ နှစ်ဦးစလုံးသေဆုံး

**နေပြည်တော် မေ ၄**

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် တစ်ဖက်ယာဉ်ကြောအတွင်းသို့ရောက်ရှိသော မော်တော်ဆိုင်ကယ်နှင့် လမ်းမှန်မျက်နှာချင်းဆိုင်မှလာသောကားတို့ တိုက်မိကာ မော်တော်ဆိုင်ကယ်စီးသူ နှစ်ဦးစလုံးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၄ နာရီ ၅၅ မိနစ်က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဈေးအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်း၌ ပျဉ်းမနားဘက်မှ သိုက်ချောင်းဘက်သို့ ရဲတပ်သား မိုးပွင့်ဖြူ (၁၉ နှစ်) အထွေထွေတာဝန် ရေဆင်း ရွှေတွင်းကုန်း ရဲစခန်းဝင်းနေသူမောင်းနှင်ပြီး နောက်မှရဲတပ်သား ခင်သီရိလှိုင် (၂၀ နှစ်) လိုက်ပါလာသော ၅၀ယ/---- TARYAN CZI 125 ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောအတွင်းရောက်ရှိကာ မျက်နှာချင်းဆိုင်မှ လာသော ကိုညွန့်ဝင်း (၄၆ နှစ်)မောင်းနှင်သည့် ယာဉ်အမှတ် 6B/---- နစ်ဆန်း ထရပ်ကားယာဉ်နှင့်တိုက်မိသဖြင့် ရဲတပ်သား မိုးပွင့်ဖြူတွင် ဒဏ်ရာများရရှိကာ နေရာတွင်ပင်သေဆုံးခဲ့ပြီး နောက်မှလိုက်ပါသူ ရဲတပ်သား ခင်သီရိလှိုင်တွင် ဒဏ်ရာများရရှိကာ ခုတင်(၁၀၀၀)နေပြည်တော်ဆေးရုံကြီးသို့ ပို့ဆောင်စဉ် ရရှိထားသော ဒဏ်ရာများကြောင့် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ရွှေတွင်းကုန်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## မျက်နှာချင်းဆိုင်ယာဉ်တိုက်၊ တစ်ဦးသေ၊ လေးဦးဒဏ်ရာရ

**တပ်ကုန်း မေ ၄**

နေပြည်တော် တပ်ကုန်းနှင့် အမြန်လမ်းဆက်သွယ်သည့်ကွန်ကရစ်လမ်း မိုင်တိုင် (၁၁/၁)အိုင့်ကျယ်ကျေးရွာအနီးတွင် မေ ၄ ရက်က ယာဉ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိသည်။ အမြန်လမ်းဘက်မှ တပ်ကုန်းသို့မောင်းနှင်လာသည့် မြေသယ် ခြောက်ဘီးယာဉ်သည် မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း ဖြိုးဝေဇာ မောင်းနှင်လာသည့် 8C/ ---- လိုက်ထရပ်ယာဉ်၏ ယာဉ်ကြောအတွင်း ဝင်ရောက်တိုက်မိခဲ့ရာ ဖြိုးဝေဇာ သည်နေရာတွင် သေဆုံးသွားပြီး ဒဏ်ရာရရှိသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးသုံးဦးတို့အား တပ်ကုန်းခုတင် ၁၀၀ ဆေးရုံသို့ပို့ဆောင် ကုသလျက်ရှိပြီး ထွက်ပြေးသွားသည့် မြေသယ်ယာဉ်မောင်းအား စုံစမ်းဖော်ထုတ်နေကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

## တာမွေမြို့နယ်၌ ရေခဲမုန့်ရောင်းသောယာဉ် ရုတ်တရက်မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၄**

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက် မာလာနွယ်လမ်းအမှတ် ၁၁၃၈ ရှေ့လမ်းဘေးတွင် မေ ၄ ရက် မွန်းလွဲ ၁ နာရီ ၁၀မိနစ်ခန့်က 2L/ ---- လိုက်ထရပ် ရေခဲမုန့်ရောင်းသည့်ယာဉ် ရပ်တန့်ထားရာ ရုတ်တရက်မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါနေရာသို့ တာမွေမြို့နယ် ခေတ္တရဲမှူး ဒုရဲမှူးခင်စိုးနှင့် ပျံလွှားမီးတန်းယာဉ် တာဝန်ကျ ဒုရဲအုပ်သန်းမော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးကျော်လွင်ဦး ဦးစီးသော သန္တေမီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ခြောက်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ ယာဉ်မီးလောင်မှုကို စစ်ဆေးရာ ကားတွင်းပါလာသူ သီဟအောင် (၂၀ နှစ် )မှာ ကားပေါ်တွင်ပါရှိသော မီးစက်အား နှိုးထားပြီး ရေခဲမုန့်ပုံးများကို အအေးပေးထားစဉ် မီးစက်မှာ အပူလွန်ကဲပြီး မီးထလောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသဖြင့် သီဟအောင်အား ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှလှ**

## စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ ယမန်နေ့ ညပိုင်းက ဆိုလာပြားအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက် မင်းဘာကြီးလမ်းနေ ဒေါ်နူလီမာဟာ၏ နေအိမ်၌ ယမန်နေ့ ည ၉ နာရီ ၁၀ မိနစ်ခန့်က ဆိုလာပြားအပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကာ ည ၉ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုအား အသေးစိတ်စစ်ဆေးပြီး အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၃၆ စီး၊ သွင်းကုန် ၅၂၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၆၆၄ သန်းခန့် ဖမ်းဆီးရမိပြီး မေ ၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးရမိခဲ့သည့် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သော အရက်၊ ဘီယာနှင့်တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆ ဒသမ ၇၃၃၅ သန်းခန့်အား သိမ်ဇရပ်-မုပွလင်လမ်းဆုံအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းဘေးမြေကွက်လပ်တွင် ဖျက်ဆီးရေး ဘုတ်အဖွဲ့ဖြင့် စနစ်တကျဖျက်ဆီးခဲ့သည်။**(အောက်ပုံ)** **(သတင်းစဉ်)**





## ယာဉ်စက်ချွတ်ယွင်းသဖြင့် ရပ်တန့်၍ ပြင်ဆင်နေသူများအား ကားတိုက်ခံရ

**နေပြည်တော် မေ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၀၃/၀-၁)ကြားတွင် မေ ၃ ရက် ည ၁၀ နာရီခွဲခန့်က ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှ နေပြည်တော်သို့ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နေသူ မင်းခန့်ကျော်(၂၁နှစ် ) မောင်းနှင်လာသော 2K/---- တိုယိုတာဟိုင်းအေ့စ်ယာဉ်က ကွန်ကရစ်လမ်းအစပ်၌ စက်ချွတ်ယွင်း၍ ရပ်တန့်ထားသည့် မကွေးမြို့နေ ဦးသက်အောင်(၅၀ နှစ်)မောင်းနှင်သည့် 4G/---- နန်းထိုက်တော်ဝင် ယာဉ်၏ဝဲဘက် နောက်ဘီးကို ပြင်ဆင်နေသော ဦးသက်အောင်ပါ လေးဦးတို့အား တိုက်မိခဲ့ရာ ဦးသက်အောင်နှင့် ဝင်းမော်(၂၂ နှစ်)တို့တွင် ဒဏ်ရာများ ရရှိသေဆုံးသွားပြီး ကိုဖိုးဇော်(၂၃ နှစ်) နှင့် ကိုချစ်မိုးအောင်(၂၃ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် တပ်ဖွဲ့ပိုင် ယာဉ်ဖြင့် ဖြူးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း မင်းခန့်ကျော်နှင့် ဦးသက်အောင်တို့နှစ်ဦးအား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


မင်္ဂလာကုမ္ပဏီလီမိတက်
ရန်ကုန်၊ မန္တလေး၊ ပြည်၊ ပဲခူး၊ တောင်ငူနှင့် မကွေးမြို့ရှိ
အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက်
အောက်ပါဝန်ထမ်းများအလိုရှိသည်။ ဖုန်း - ၂၄၆၇၆၂၊ ၂၄၆၇၆၃
(ပြည်တွင်း၌သာခန့်ထားရန်)
(မြန်မာကျပ်ငွေဖြင့် ညှိနှိုင်းလစာသတ်မှတ်ပေးပါမည်။)
(ဝန်ထမ်းများအတွက်အစားအသောက်နှင့်နေထိုင်ရေးအတွက်ကိုကုမ္ပဏီမှစရိတ်ငြိမ်းစီစဉ်ပေးပါမည်။)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် ရန်ကုန်၊ မန္တလေး၊ ပြည်၊ ပဲခူး၊ မကွေးနှင့် တောင်ငူမြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်-

(က) မန်နေဂျာ/ဒု-မန်နေဂျာ — ကျား (၅)ဦး
- အသက် (၃၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- M.P.A. M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လ/ထမန်နေဂျာ(စီမံ/ကြီးကြပ်)(ပြသ) — ကျား/မ (၆)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) လျှပ်စစ်/လေအေးစက်၊ ပြစက် — ကျား (၆)ဦး
- အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I(M.P),(E.P),(E.C)၊ စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးစက် ဘာသာရပ်၊ Electrical (သို့) Mechanical ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာအခြေခံတတ်မြောက်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်းလျှော့ပေါ့ စဉ်းစားပေးမည်။

(ဃ) တန်းပြ ရောင်း/သိမ်း — ကျား/မ (၁၀)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(င) မုန့်ဆိုင်အရောင်း — ကျား/မ (၆)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(စ) လုံခြုံရေး/ယာဉ်ရပ်နားစခန်း — ကျား (၁၀)ဦး
- အသက်(၂၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း (သို့) ရဲမှုထမ်းဟောင်းများဦးစားပေးမည်။

(ဆ) သန့်ရှင်းရေး — ကျား/မ (၁၀)ဦး
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(ဇ) ထမင်းချက် — မ (၃)ဦး
- အသက်(၂၃)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဈ) ယာဉ်မောင်း (Driver) — ကျား (၃)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း(၃)နှစ်ရှိရမည်။
- ကားကြီး၊ ကားလေးမောင်းနိုင်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီးမူးယစ်မှုန်ဝါးမှုကင်းစင်သူဖြစ်စေရ။
- အိမ်ထောင်မရှိသူ (လူပျို)ဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။

(က) ရုံးအတွင်းရေးမှူး (Office Secretary) — ကျား/မ (၄)ဦး
- အသက်(၂၁)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။
- အင်္ဂလိပ်ဘာသာစကားအရေးအဖတ်ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ခ) Marketing Staff — ကျား/မ (၄)ဦး
- အသက်(၂၁)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။
- အင်္ဂလိပ်ဘာသာစကားအရေးအဖတ်ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။
- ရုပ်ရှင်ဇာတ်ကားများကိုစိတ်ဝင်စားသူဖြစ်ရမည်။

(ဂ) ကွန်ပျူတာကျွမ်းကျင်သူ — ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(ဃ) စာရင်းကိုင်/စာရင်းစစ် — ကျား/မ (၆)ဦး
- အသက်(၂၁)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- CPA,DA,LCCI III တစ်ခုခုအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(င) ဟိုတယ်ဧည့်ကြို (Receptionist) — ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကားရေးနိုင်၊ ပြောနိုင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(စ) Hotel Waiter — ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဆ) Housekeeping — ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဇ) Hotel Cook/ Assistant Cook — ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူ ဖြစ်ရမည်။ လျှောက်ထားလိုသူများသည် (၁၂ . ၅ . ၂၀၁၇) ရက်နောက်ဆုံးထား၍ ပတ်စပို့ဓါတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံချက် မူရင်းများနှင့်အတူ လိုအပ်သော အထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃၊သိမ်ကြီးဈေး (D) ရုံ ရွှေတိဂုံဘုရားလမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

(စနေနေ့နှင့်တနင်္ဂနွေနေ့များတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။)
(ယခင်လျှောက်ထားပြီးသူများ ပြန်လျှောက်ရန်မလိုပါ။)

- မန်နေဂျာ၊ ဒု-မန်နေဂျာ၊ လျှပ်စစ်/လေအေးစက်၊ ပြစက်၊ ရောင်း/သိမ်း၊ ရုံးအတွင်းရေးမှူး၊ ဧည့်ကြို၊ Waiter, Housekeeping, Hotel Cook, Marketing Staff စာရင်းကိုင်၊ ကွန်ပျူတာဝန်ထမ်း လျှောက်ထားသူများအား(၁၃ . ၅ . ၂၀၁၇) ရက် (စနေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း၊
- လ/ထမန်နေဂျာ၊ တန်းပြ၊ မုန့်ဆိုင်အရောင်း၊ လုံခြုံရေး ကားပါကင်၊ ယာဉ်မောင်း (Driver) ထမင်းချက်၊ သန့်ရှင်းရေး ဝန်ထမ်းလျှောက်ထားသူများအား (၁၄. ၅. ၂၀၁၇)ရက် (တနင်္ဂနွေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ရန်ကုန်မြို့။)

## လူပျောက်ကြော်ငြာ

ကိုမျိုးမင်းအောင်(ခ)အောင်ချေ ၁၁/ရဗန(နိုင်)၀၄၃၇၅၆ အသက်(၃၈)နှစ်သည် ၂၉-၄-၂၀၁၇ရက် (၀၀း၄၈)နာရီခန့်တွင် ပျောက်သွားပါသဖြင့် တွေ့ရှိပါက ဖုန်း ၀၉-၄၅၁၃၂၁၉၃၁၊ ၀၉-၂၅၄၀၁၉၃၂၉၊ ၀၉-၉၇၁၁၈၈၇၀၀၊ ၀၉-၉၇၅၅၄၅၅၉၅ သို့ ဆက်သွယ်ပေးပါရန် လေးစားစွာ အကူအညီတောင်းအပ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈၈/၃၀၉၆ Kan Baw Za C/T(KBZ-01) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၉/ကဆန(နိုင်)၀၅၉၁၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

## ဖခင်အမည်မှန်

ထီးချိုင့်မြို့ အထက နဝမတန်း(သိပ္ပံ)မှ ကျောင်းဝင်အမှတ် ခ/၂၈၆၂ မသင်းသင်းထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးလှကွန်း ၅/ကနန(နိုင်)၀၅၁၂၁၀ ဖြစ်ပါကြောင်း။**ဦးလှကွန်း**

## မွေးသက္ကရာဇ်အမှန်

ဦးခွန်ဝင်းကြည်၏သမီး ကျုံးဒိုးမြို့ (အထက)နဝမတန်းမှ နန်းပန်းဝါ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၅-၂၀၀၂ရက် ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၂၂၇၉ Hino Profie Fw1kxH ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းယုဝေ ၁၄/ကပန(နိုင်)၀၄၂၆၄၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/1652 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၃)၊ ပဒေသာရပ်၊ ဦးပိုင်အမှတ် ၁၂၇၊ မြေယာအမှတ် ၁၂၇၊ မြေ ဧရိယာ သုည ဒသမ ၁၁၀ဧကဟု အမည်တွင်သော မြို့ဂရန်မြေကွက်အား ဒေါ်နန်းမြမုံ ၉/မမန(နိုင်)၀၂၈၀၉၀က ၄င်း၏ အမည်ဖြင့် ဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် အောက်ပါလိပ်စာသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နန်းမြမုံ**
**အမှတ်(၅-၂၄)၊ ပဒေသာမြို့သစ်၊**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့**

## တင်ဒါပိတ်ရက်တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ကုန်ကြမ်းပစ္စည်းများတင်ဒါစနစ်ဖြင့်ဝယ်ယူရန် ၉-၄-၂၀၁၇ရက်မှ ၂-၅-၂၀၁၇ရက်အထိ ခေါ်ယူခဲ့ရာ ၂-၅-၂၀၁၇ရက်တွင် တင်ဒါဖောင်များ အပြီးတင်သွင်းရန် သတ်မှတ်ခဲ့ပါသည်။

၂။ သို့သော် တင်ဒါတင်သွင်းလိုသည့် လုပ်ငန်းရှင်များ ပိုမိုအချိန်ရရှိအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် မူလသတ်မှတ်ထားသည့် ၂-၅-၂၀၁၇ ရက်အစား ၉-၅-၂၀၁၇ရက်သို့ ရက်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ရန်ကုန်ပညာရေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ ဆိုင်ခန်းများနှင့် လေ့ကျင့်ရေးအထက်တန်းကျောင်း ကမာရွတ်နယ်မြေနှင့် လှိုင်နယ်မြေရှိ ဆိုင်ခန်းများအား ငှားရမ်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။ တင်ဒါတင်သွင်းပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာနတွင်ရယူပြီး ၂၆-၅-၂၀၁၇ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရန်ကုန်ပညာရေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာန၊ ဖုန်း-၅၂၇၀၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၅)လမ်း၊ အမှတ် ၁၁၈၁/B ပေါ်တွင် ဆောက်လုပ်ထားသော ခြောက်ထပ်တိုက်၏တတိယထပ် အကျယ်အဝန်းပေ(၂၁×၅၂)ရှိ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး တရားဝင်လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်သန်း LL.B,D.M.A,D.B.L,D.M.L,D.I.L,D.A(Psy), WIPO,D.L.P(Switzerland)**
**High Court Advocate & Legal Advisor**
**နေအိမ်-အမှတ်(၄၀)၊ ပိတောက်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၄၂၀၀၃၊ ၀၉-၇၉၉၂၂၆၀၃၀**




## INVITATION FOR BIDS (IFB)

The Republic of the Union of Myanmar
Modernization of Public Finance Management
*Credit No. 54020-MM/Grant No. TF017910*
IFB No: MPFMp-ICB-IS2S-C2-IS218

**IFB Title: Supply, Implementation and Support of a CORE Banking System (CBS) and related linkages for Myanma Economic Bank.**

1. The Government of the Republic of the Union of Myanmar has received financing in the amount of Credit for US$30 million from the World Bank and a Grant for US$25 million from UK and Australian governments towards the cost of Modernization of Public Finance Management Project (MPFMp) and it intends to apply part of the proceeds to payments under the agreement(s) resulting from this IFB: **Supply, implementation and support of a CORE Banking System (CBS) and related linkages for Myanma Economic Bank.**
2. The Ministry of Planning and Finance of the Republic of the Union of Myanmar as the implementing agency for the project now invites sealed bids from eligible Bidders for the **Supply, implementation and support of a CORE Banking System (CBS) and related linkages for Myanma Economic Bank.** Myanma Economic Bank serves as the implementing agency for the project and for the specification, customization, supply, implementation, commissioning and handover of the above system and linkages. **The details of the scope of supply, implementation, and support for the CORE Banking Systemand related linkages are available in the bid document.**
3. Bidding will be conducted using the International Competitive Bidding (ICB) Two stage Bidding procedures specified in the World Bank's *Guidelines: Procurement under IBRD Loans and IDA Credits* and is open to all Bidders from eligible source countries as defined in the Guidelines that meet the minimum qualification criteria:
   (a) **Bidder's Financial Capability**
   The Bidder shall furnish documentary evidence that it meets the following financial requirement(s): average Annual Turnover within the last three (3) years of not less than **USD 7,500,000;** and access to financial resources such as lines of credit, etc. of at least **USD 1,000,000.**
   (b) **Bidder's Experience and Technical Capacity**
   During the past five (5) Years, the Bidder must have completed at least two (2) successful contracts involving the supply, implementation and support of an integrated CBS and components of the system and related linkages, and preferably at least one of them was in a developing country environment similar to that of Myanmar; such contract shall have the value greater than 50% of the value of the Bid. The Bidder shall also provide the name and contact information of the user.
   **More information on qualification of bidders is specified in the bidding documents.**
4. Interested eligible Bidders may obtain further information from Ministry of Planning and Finance of the Republic of the Union of Myanmar and inspect the bidding documents at the address given below from 09:30 – 12:30 and 13:30 - 16:30 hours, Monday to Friday, except pubic holidays. As an alternative, the set of bidding document may be sent to interested Bidders upon submission of a written application to Ministry of Planning and Finance of the Republic of the Union of Myanmar by email: mmt.budget@gmail.com, cc zawnaing652011@gmail.com, sukumarshep@gmail.com.
   **A pre-bid meeting will be held on 31 May 2017 at 14.00 hours at the address mentioned in the bid document.**
5. First stage bids must be delivered/submitted to the address below on or before **28 June 2017 at 14:00 hours Myanmar time.** Electronic submission of bids is not allowed. **Late bids will be rejected.** Bids will be opened immediately thereafter in the presence of the Bidders' representatives who choose to attend at the address below.
6. All bids must be accompanied by a Bid Securing Declaration in the format given in the Bid document.
7. **Address for bid submission:**
   Attention: Mr Zaw Naing
   Address: Ministry of Planning and Finance, Building Number (26), Nay Pyi Taw, Myanmar

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၆၃ နှင့်ဆက်သွယ်သည့်**
**၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၆**

ဒေါ်သက်သက်ဇော် **နှင့်** ၁။ ဒေါ်ခင်ဖြူဖြူ
၂။ ဒေါ်ခင်သိန်းသိန်း
၃။ ဒေါ်နှင်းကြည်
၄။ ဦးသန်းထွန်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး၄၊ ၇ ကွက်၊ ၃ လမ်း၊ အမှတ် ၆၄ နေ (၁)တရားရှုံး ဒေါ်ခင်ဖြူဖြူ (ယခုနေရပ်လိပ်စာမသိ) ရန်ကုန်မြို့ တာမွေမြို့သစ်၊ ရေအိုးစဉ်ရပ်ကွက်၊ အမှတ် ၂၈နေ (၂)တရားရှုံး ဒေါ်ခင်သိန်းသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၆၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သက်သက်ဇော်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် မေ ၂၄ ရက် (၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ် မေ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## TRADE MARK CAUTION

**FAIR DEAL COMPANY LIMITED,** of No. 39 (A)/ 40, Yan Naing Swe 2nd Street, Thaketa Industrial Zone, Thaketa Township, Yangon Region, The Republic of the Union of Myanmar, is the Owner of the following Trade Mark:-

# LIFE PLUS

**Reg. No. 4642/2017**

in respect of "Retail business Entity for Health-care and Fast-moving consumer goods (FMCG Products)".

Fraudulent imitation or unauthorised use of the said Trade Mark will be dealt with according to law.

Win Mu Tin
M.A., H.G.P., D.B.L., M.A (Business Law)
for **FAIR DEAL COMPANY LIMITED**
P. O. Box 60, Yangon

## အမည်မှန်

ဦးကြာလင်း၏သမီး မဝါဝါအောင်၏ အမည်မှန်မှာ မနန်းအေးစန္ဒာမိုး ဖြစ်ပါကြောင်း။

**မနန်းအေးစန္ဒာမိုး**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအား ထောက်ပံ့နိုင်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် | ကျသင့်ငွေ(ကျပ်သန်း) |
|---|---|---|---|
| (က) | စောင်(လ ၈၀"×န ၆၆") | ၁၀၀၀၀ ထည် | ၂၆·၅၀၀ |
| (ခ) | တဘက်(လ ၅၄"×န ၂၇") | ၂၅၀၀၀ ထည် | ၅၅·၀၀၀ |
| (ဂ) | စတီးလ်ဇလုံ(၂၁စီအမ်) | ၁၀၀၀၀ လုံး | ၆·၆၀၀ |
| (ဃ) | လေးထောင့်ပလတ်စတစ်ပုံး (အဖုံး+လက်ကိုင်ပါ လ ၁'၈·၅"၊ န ၁'၃"၊ မ ၁') (ဘေးနှစ်ဖက်တွင် ဌာနLogoနှင့် စာတန်းများ ဖော်ပြပေးရမည်ဖြစ်ပါသည်။ | ၄၀၀၀၀ ပုံး | ၂၈၀·၀၀၀ |
| (င) | ဂေါ်ဇီလာဆပ်ပြာ | ၂၅၀၀၀ တောင့် | ၈·၀၀၀ |
| (စ) | နှစ်ယောက်အိပ်ပလတ်စတစ်ဖျာ | ၃၀၀၀၀ ချပ် | ၁၈၀·၀၀၀ |
| (ဆ) | စတီးလ်ပန်းကန်ပြား(အချင်း၉") | ၈၀၀၀၀ ချပ် | ၈၀·၀၀၀ |
| (ဇ) | ပလတ်စတစ်ရေချိုးခွက်(အချင်း၈") | ၃၀၀၀၀ ခွက် | ၁၅·၀၀၀ |

၂။ တင်ဒါလျှောက်လွှာများနှင့် ပတ်သက်၍အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၈-၅-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) တင်ဒါပုံစံပိတ်မည့်ရက် - ၁၉-၅-၂၀၁၇ရက် ၁၆း၀၀နာရီ
(ဂ) တင်ဒါပုံစံ(၁)စောင်ဈေးနှုန်း - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)
(ဃ) တင်ဒါရောင်းချမည့်နေရာ - ရုံးအမှတ်(၂၃)၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

၃။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၄၀၄၃၁၇၊ ၀၆၇-၄၀၄၃၉၅၊ ၀၆၇-၄၀၄၃၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အမည်ပြောင်း

ဦးကုလား ၉/ဝတန(နိုင်)၁၂၂၆၄၃၏သား မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ညောင်အုပ်ဖီး အထက(ခွဲ)တက္ကသိုလ်ဝင်တန်း (အောင်)မှ မောင်ဒွေးကိုအား မောင်နန္ဒအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နန္ဒအောင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မောင်အောင်ကျော်ကျော်ဦး ကျောင်းဝင်အမှတ် ၃၈၈၄ ၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းနိုင် ၁၂/ဒဂတ(နိုင်)၁၁၇၅၃၈ ဖြစ်ပါကြောင်း။

**ဦးတင်ထွန်းနိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ ထီးလှိုင်ရှင်အိမ်ရာစီမံကိန်း၊ (၄)ခန်းတွဲ(၅)ထပ် တိုက်အမှတ်(၂၃)၊ အခန်းအမှတ်(၄၀၂)ကို ဒေါ်ညွှန့်ရီ ၁၂/ဗဟန(နိုင်)၀၃၈၁၂၃ အမည်ဖြင့် ဝယ်ယူခွင့်ရရှိခဲ့ရာ တိုက်ခန်းတန်ဖိုးငွေအား အကျေပေးသွင်းခဲ့ပြီး တိုက်ခန်းမှတ်ပုံတင်စာအုပ် ထုတ်ယူပြီးဖြစ်ပါသည်။ ၄င်းတိုက်ခန်းမှတ်ပုံတင်စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တိုက်ခန်းမှတ်ပုံတင်စာအုပ်မိတ္တူမှန် ပြန်လည်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၆၇)

# သတင်းမီဒီယာကျင့်ဝတ်နှင့် ဥပဒေ



ဦးဟန်ညွန့် (ဥပဒေ)

**သတင်းထောက်အချို့**

ယခုအခါ သတင်းမီဒီယာလောကသားများဖြစ်ကြသော သတင်းထောက် အချို့သည် သတင်းမီဒီယာကျင့်ဝတ်နှင့်မညီဘဲ ဥပဒေမဲ့လုပ်ရပ်များကို လုပ်ဆောင်နေကြကြောင်း ခိုင်လုံသော သတင်းများရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ သတင်းမီဒီယာ ကျင့်ဝတ်ဖောက်ဖျက်မှုများနှင့် ဖောက်ဖျက်ကျူးလွန်သူများကို မိမိတို့အသင်းအဖွဲ့အစည်းအလိုက် သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ စီမံဆောင်ရွက်မှုများကို အဆင့်ဆင့်ပြုလုပ်ကာ စည်းကမ်းထိန်းသိမ်းကြပ်မတ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း စသည်ဖြင့် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီက သတင်းအဖွဲ့အစည်း အသီးသီးသို့ မေတ္တာရပ်ခံစာကို ၂၅-၄-၂၀၁၇ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။

**ထုတ်ပြန်ခဲ့ရသည့် အကြောင်းရင်း**

(၁) သတင်းရင်းမြစ်များထံမှ ခြိမ်းခြောက်ငွေတောင်းယူမှုများ ဖြစ်ပွားနေကြောင်း

(၂) တရားဝင်ခွင့်ပြုချက်မရှိသော ယူနီဖောင်းများကို ဝတ်ဆင်၍ သတင်းထောက်အသွင်ယူခဲ့ကြောင်း

(၃) သတင်းထောက်အဆောင်အယောင်ပြ၍ ဥပဒေမဲ့ ပြုလုပ်မှုဖြင့် အဖမ်းအဆီးခံရကြောင်း စသည်စသည်ဖြင့် တွေ့မြင်သိရှိရ၍ သက်ဆိုင်ရာအဖွဲ့အစည်း အလိုက် စိစစ်ကြပ်မတ်ပေးပါရန်လည်း တင်ပြချက်များ ရှိခဲ့ပါသည်။ ဤအခြေအနေ များကြောင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သက်ဆိုင်ရာသတင်း အဖွဲ့အစည်းအသီးသီးသို့ အထက်ပါအတိုင်း မေတ္တာရပ်ခံစာထုတ်ပြန်ခဲ့ရခြင်း ဖြစ်ပါ သည်။

**သတင်းမီဒီယာဆိုသည်မှာ**

သတင်းမီဒီယာဆိုသည်မှာ "သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြန့်ချိခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ ရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်း၊ အချက်အလက်၊ ရုပ်ပုံဒီဇိုင်း စသည့် အသွင်သဏ္ဌာန်များအသုံးပြုကာ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာ တာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့်လုပ်ကိုင်သည့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများကို ဆိုသည်"ဟု သတင်းမီဒီယာဥပဒေပုဒ်မ ၂(က)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။


သတင်းမီဒီယာဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂။)

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်)

သတင်းမီဒီယာနည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

သတင်းမီဒီယာကျင့်ဝတ်

(၂၀၁၄ ခုနှစ်၊ မေလ ၃ရက်)

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

၁၃၆/၁၃၈၊ အခန်း (A + C)၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း- ၀၉-၄၄၈၀၂၆၃၂၆၊ Email; mmpresscouncil@gmail.com

၂၀၁၆ခုနှစ်၊ ဇက်တင်ဘာလ


**သတင်းမီဒီယာသမားဆိုသည်မှာ**

သတင်းမီဒီယာသမားဆိုသည်မှာ "သတင်းမီဒီယာနှင့် စပ်လျဉ်းသော လုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်သူကို ဆိုသည်"ဟုလည်း သတင်းမီဒီယာဥပဒေပုဒ်မ ၂ (ခ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

**သတင်းမီဒီယာကျင့်ဝတ်ရေးဆွဲပြီး**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ သတင်းမီဒီယာသမားများလိုက်နာရမည့် တာဝန်ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို ဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်ဖြစ်သည့်အတွက် အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိသော သတင်းစာဆရာများ၏ တုံ့ပြန်ချက်၊ အကြံပြုချက်များကို အခြေပြု၍ သတင်းမီဒီယာကျင့်ဝတ်ကို အပြီးသတ် တည်းဖြတ်ရေးဆွဲခဲ့ပြီး ဖြစ်ပါသည်။

**တိကျမှု၊ဘက်မလိုက်မှု၊မျှတမှု**

တိကျမှု၊ ဘက်မလိုက်မှု၊ မျှတမှုများကို အခြေခံရမည်။ သတင်းရင်းမြစ်ကို ကာကွယ်ရမည်။ သတင်းမီဒီယာ အမျိုးအစားအလိုက် အညွှန်းပြရမည်။ အများပြည်သူအကျိုးစီးပွားကို ကာကွယ်ရမည်။

**ဥပဒေမဲ့လုပ်ရပ်များ**

မတရားမှုပြုခြင်း၊ ငွေညှစ်ခြင်း၊ အယောင်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကာယိန္ဒြေထိပါးခြင်း၊ အတင်းအကျပ်ပြုလုပ်ခြင်း၊ သင်းဖွဲ့စည်းမျဉ်းများ ဖောက်ဖျက်ခြင်း၊ ဥပဒေမဲ့များပြုလုပ်ခြင်းတို့သည် ကျင့်ဝတ်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ဥပဒေနှင့်ဆန့်ကျင်သည်။ ပြည်သူရွံမုန်းသည်။ သတင်းမီဒီယာလောက သိက္ခာကျသည်။ အသင်းအဖွဲ့နာမည်ပျက်သည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်သည်။ ဘယ်သူဘယ်ဝါဖြစ်ကြောင်း ထင်ရှားသည်။ ဖုံးကွယ်ထား၍မရ။ ဖုံးကွယ်ထားလျှင်လည်း ခဏသာခံသည်။ ကြာရှည်မခံ။ ပြည်သူမကြည်ဖြူ။ ဥပဒေကခွင့်မလွှတ်။ မည်သူကမျှလည်း ခွင့်လွှတ်မည်မဟုတ်။ ထို့ကြောင့် ဥပဒေမဲ့ မပြုလုပ်ကြပါနှင့်။

**သတင်းသမားက ပို၍ထင်ရှားသည်**

ဥပဒေမဲ့လုပ်သလား။ ဥပဒေမဲ့လုပ်သူများစွာရှိမည်။ သို့သော် သတင်းသမားက ပို၍ ထင်ရှားသည်။ သတင်းလောကသား မဟုတ်လား။ ပို၍ ပို၍ သတိထား။ စဉ်းစားကြပါ။ သုံးသပ်ကြပါ။ ဝေဖန်ကြပါ။ ထိန်းသိမ်းကြပါ။ ဥပဒေ၏ အထက်တွင် မည်သူမျှမရှိပါ။ မိမိအဖွဲ့အစည်းအလိုက် တစ်ဖွဲ့ချင်း၊ တစ်ဦးချင်း၊ ရေကိုခြား၍ အသားမထင်သကဲ့သို့ စည်းလုံးကြပါ။ ညီညွတ်ကြပါ။ သတင်းမီဒီယာလောက၏ ကောင်းသတင်းအဖုံဖုံကိုသာ ပြည့်စုံစေချင်သည်ပါ။

**သတင်းသမား အမှားမကင်း**

မည်သူမျှ အမှားမကင်း။ သတင်းသမား အမှားမကင်းနိုင်ပါ။ သို့သော်ငြား အမှားနည်းကြစေချင်သည်။ ပြုပြင်စေချင်သည်။ ဝိုင်းထိန်းကြစေချင်သည်။ မှားပြီးသူများလည်း သံဝေဂရစေချင်သည်။ ကျန်သူများက သင်ခန်းစာယူစေချင်သည်။

**ဥပဒေမဲ့လုပ်သလား။ ဥပဒေမဲ့လုပ်သူများစွာရှိမည်။ သို့သော် သတင်းသမားက ပို၍ ထင်ရှားသည်။ သတင်းလောကသား မဟုတ်လား။ ပို၍ ပို၍ သတိထား။ စဉ်းစားကြပါ။ သုံးသပ်ကြပါ။ ဝေဖန်ကြပါ။ ထိန်းသိမ်းကြပါ။ ဥပဒေ၏ အထက်တွင် မည်သူမျှမရှိပါ။ မိမိအဖွဲ့အစည်းအလိုက် တစ်ဖွဲ့ချင်း၊ တစ်ဦးချင်း၊ ရေကိုခြား၍ အသားမထင်သကဲ့သို့ စည်းလုံးကြပါ။ ညီညွတ်ကြပါ။ သတင်းမီဒီယာလောက၏ ကောင်းသတင်းအဖုံဖုံကိုသာ ပြည့်စုံစေချင်**

**စာအုပ်ငယ်ဖြန့်ဖြူး**

သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာနည်းဥပဒေများ၊ သတင်းမီဒီယာကျင့်ဝတ်၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီအကြောင်း စုပေါင်းရိုက်နှိပ်ထားသည့် စာအုပ်ငယ်ကိုလည်း သတင်းလောကသားများသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။ သတင်းကိစ္စရပ်များကို ဆက်သွယ်နိုင်ရန် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီရုံး၏ လိပ်စာ(အမှတ်-၁၃၆၊၁၃၈)အခန်း (A+C) ၃၅လမ်း၊ (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်ကိုပါ ဖော်ပြပေးထားသည်။ တယ်လီဖုန်း အမှတ်မှာ-၀၉-၄၄၈၀၂၆၃၂၆ ဖြစ်ပြီး E-mail မှာ mmpresscouncil@gmail.com ဖြစ်ပါသည်။

**တစ်ခုတည်းသောအဖွဲ့အစည်း**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် စာနယ်ဇင်းသမားများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။

(သတင်းမီဒီယာဥပဒေပုဒ်မ ၁၂)

**ကျင့်ဝတ်များကိုဖောက်ဖျက်ခြင်းမပြုရ**

သတင်းမီဒီယာသမားသည် သတင်းရယူရာတွင် ဥပဒေပါတာဝန်နှင့် ကျင့်ဝတ်များကို ဖောက်ဖျက်ခြင်း မပြုရကြောင်းနှင့် သတင်းသမား၏ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း သတင်းမီဒီယာဥပဒေပုဒ်မ ၃၃တွင် ပြဋ္ဌာန်းထားပါသည်။ သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း တာဝန်မှာ သတင်းမီဒီယာကောင်စီ၏ လုပ်ငန်းတာဝန် ဖြစ်ပါသည်။

**သတင်းမီဒီယာကျင့်ဝတ်**

သတင်းမီဒီယာကျင့်ဝတ် (Media code of Conduct) များကို လိုက်နာရန် တာဝန်ရှိသော သတင်းသမားများ (မိမိတို့၏ကျင့်ဝတ်)ကို မိမိတို့သိရှိပါသလား။ နားလည်ပါသလား။ လိုက်နာပါသလား။ ကျင့်ဝတ်စာအုပ်များကို အမြဲလက်စွဲအဖြစ်ကိုင်စွဲပါသလား။ ကျင့်ကြံပါသလား။ နေ့စဉ်အလုပ်စတင်လုပ်ပြီဆိုသည်နှင့် ကျင့်ဝတ်သည် ပထမ၊ ကျင့်ဝတ်သည် ဒုတိယ၊ ကျင့်ဝတ်သည် တတိယဟု သတိရပါသလား။ လက်တွေ့ဘဝတွင် ကျင့်ဝတ်နှင့်ညီညွတ်သော သတင်းသမားများအား ပြည်သူတို့က လေးစားသည်။ ချစ်ခင်သည်။ လက်တွဲမဖြုတ်။ ကျင့်ဝတ်မှသည် တရားဥပဒေဆီသို့ ဆက်လက်စို့။

သတင်းလောကသားအားလုံး ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွနှင့် အဖွဲ့အစည်းအလိုက် ကျရာနေရာမှာ တာဝန်ကျေစေချင်သည်ပါ။

**အသင်း အဖွဲ့အစည်းဆိုင်ရာဥပဒေ**

အသင်းမျိုးစုံ ဖွဲ့နိုင်သည်။ အဖွဲ့အစည်း မျိုးစုံဖွဲ့နိုင်သည်။ သို့သော် ဥပဒေမဲ့ ဖွဲ့ချင်တိုင်းဖွဲ့၍မရ။ မှတ်ပုံတင်ရမည်။ စည်းမျဉ်းရှိရမည်။ ပြည်ထဲရေးဝန်ကြီးဌာနက ချမှတ်ထားသော စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာရမည်။ ပျက်ကွက်မှုမရှိရ။ ပျက်ကွက်လျှင်၊ ဖောက်ဖျက်လျှင် အသင်းဝင်အဖြစ်က ထွက်ရမည်။ ထုတ်ပယ်ခြင်းခံရမည်။ အသင်းအဖွဲ့အစည်းများအဖြစ် ရပ်တည်၍ မရတော့။ သူ့ဥပဒေ၊ သူ့နည်းဥပဒေ၊ သူ့စည်းမျဉ်း၊ သူ့ကျင့်ဝတ်တွေ ရှိပြီးသား။ ထုတ်ပြန်ပြီးသား။ ဥပဒေကို မသိ၍ဟု ထုချေ၍ မရ။ ဥပဒေကို နားမလည်၍ဟု ထုချေခြင်းကို လက်မခံ။ သတင်းသမားများ သိပြီးသားပါ။ နားလည်ပြီးသားပါ။ ဥပဒေမဲ့ ပြုမိလျှင် ဥပဒေ၏ ပြစ်ဒဏ်ကို ကျခံကြရလိမ့်မည်မှာ အသေအချာ။

**ဝိုင်းထိန်းကြပါ**

သတင်းမီဒီယာလောကသားများဖြစ်ကြကုန်သော (သတင်းထောက်များအပါအဝင်) ညီအစ်ကိုမောင်နှမများအားလုံးသည် သတင်းမီဒီယာကျင့်ဝတ်ကို ညီညီညွတ်ညွတ်လိုက်နာကြပါ။ ဝိုင်းထိန်းကြပါ။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး အပုပ်မခံကြပါနှင့်။ မိမိတို့အသင်း တစ်သင်းချင်းအလိုက်၊ တစ်ဖွဲ့ချင်းအလိုက် အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများ၊ မျက်နှာစုံညီဝေဖန်သုံးသပ်ပွဲများ ပြုလုပ်ကြပါ။ မိမိကိုယ်မိမိဝေဖန်ရေး ပြုလုပ်ကြပါ။ ပြည်သူ့အသံနာခံကြပါ။ ပြည်သူ့ဝေဖန်မှုရယူကြပါ။ ဥပဒေမဲ့ မလုပ်ကြနှင့်။ ဥပဒေမဲ့ လုပ်သူကို အရေးယူကြပါ။ သန့်စင်ကြပါ။ ပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ဖွဲ့ချင်း၊ ကိုယ့်အချင်းချင်း ကောင်းသတင်း မင်္ဂလာကြိုဆိုပါသည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကလည်း သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်မည်ဖြစ်ပါသည်။

**စေတနာ**

သတင်းထောက်ဘဝကို ကျောင်းသားဘဝမှ စတင်၍ ခုံမင်စွာ ကြည်နူးထမ်းဆောင်ခဲ့ပြီး ယနေ့တိုင်ဘဝတူ (သတင်းမီဒီယာ လောကသားများနှင့်အတူ) ဆိုးတူ ကောင်းဖက်၊ လက်တွဲလျက်၊ "သတင်းမီဒီယာကျင့်ဝတ်နှင့် တရားဥပဒေ" ပေါင်းစပ်မှု ကို ရှေးရှုတွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ----။

## ဇနဖြူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကျင်းပ

ဇနဖြူ မေ ၄

ရေဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဇနဖြူမြို့နယ် တောင်ပေါ်ကျောင်းတိုက် ရာပြည့်ဗိမာန်၌ ဧပြီ ၃၀ ရက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ် တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ခိုင်မျိုးလွင်က ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ဘဏ္ဍာနှစ်အလိုက် စီမံကိန်းကျေးရွာ ၄၄ ရွာယူနစ်၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက တွေ့ကြုံရသည့်အားသာချက်၊ အားနည်းချက် အခက်အခဲများကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဇနဖြူမြို့နယ်၌ ကျေးရွာပေါင်း ၅၈ ရွာမှ ကျေးရွာသူ/သားများအနေဖြင့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်း စသည့် လုပ်ငန်းများအလိုက် လုပ်ကိုင်လျက်ရှိရာ ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေမှ စုစုပေါင်း ငွေကျပ် ၁၅၄၀ သန်းခန့် ပြန်လည်ထုတ်ချေး၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်သန္တာထွေး(ပြန်/ဆက်)

# သင့်အလုပ်စားပွဲပေါ်တွင် သစ်ပင်စိုက်ပါ



## ကြည်လွင်မြင့်(မုဒြာ)

လူနှင့်အလုပ် အမြဲတွဲဖက်နေသည်။ အလုပ်လုပ်ခြင်းသည် လူ့ဘဝရှင်သန်နေခြင်းပင်ဖြစ်သည်။ ကာယအလုပ်ဖြင့် ဘဝရှင်သန်နေသူများရှိသကဲ့သို့ ဉာဏအလုပ်ဖြင့် စားပွဲတွင် ထိုင်နေပြီး အလုပ်လုပ်နေကြရသူများလည်း ရှိကြသည်။ ကာယလုပ်အားဖြင့် အလုပ်လုပ်နေရသူများမှာ အလုပ်ချိန်ကြာလာလျှင် ခန္ဓာကိုယ်ပင်ပန်းမှုကို ခံစားကြရသည်။ စားပွဲတွင်ထိုင်ပြီး အလုပ်လုပ်သူများမှာလည်း အများထင်သကဲ့သို့ မသက်သာကြပါ။ အလုပ်စားပွဲတွင် အထိုင်ကြာလာသည်နှင့်အမျှ စိတ်ပင်ပန်းလာရသည်။ ခန္ဓာကိုယ်မှာလည်း မသက်သာ။ အညောင်းမိလာပြီး ခေါင်းအုံ ဇက်ထိုး၊ အကြောတက်စသော ရောဂါများ ရလာလေ့ရှိသည်။ အလုပ်စားပွဲတွင် တစ်ပုံတစ်ပင်ရှိနေသော ပန်းစရာများကြားမှ ဖြေဖျောက်စရာ သစ်ပင်ကလေး တစ်ပင်အကြောင်း ပြောပါရစေ။

အကြောတက်ခြင်းအတော်များများတွင် ဇက်ကြောတက်ခြင်းသည် အဖြစ်အများဆုံးဖြစ်သည်။ အလုပ်ချိန် နှစ်နာရီ ထက်ကျော်ပြီး စာကြည့်၊ စာရေးခြင်းတွင် အာရုံစိုက်ရလျှင် ဇက်ထဲမှ တောင့်တင်းပြီး ကြာလျှင် ကိုက်ခဲလာခြင်းကို ဇက်ကြောတက်သည်၊ ဇက်ကြောထိုးသည်ဟု ပြောလေ့ရှိကြသည်။ ဇက်ကြောတက်ရောဂါ အချိန်ကြာလာလျှင် မျက်စိအာရုံကြောများကိုပါ ထိခိုက်ပြီး မျက်စိမှုန်လာတတ်သည်။

ဇက်ကြောတက်မှုစ၍ မျက်စိမှုန်လာသူများသည် မျက်စိဆရာဝန်နှင့် စမ်းသပ်ပြီး မျက်မှန်တပ်လိုက်သောအခါ အမြင်ကြည်လင်သွားသဖြင့် တစ်ခဏအားဖြင့် ဇက်ကြောရောဂါသည် သက်သာသွားသလိုလိုရှိသော်လည်း နောက်ပိုင်းတွင် တက်မြဲ ပြန်တက်လာသည်ကို တွေ့ရလေ့ရှိပါသည်။ ထို့ကြောင့် မျက်စိဆရာဝန်ကြီးများကလည်း အနီးကြည့် (စာကြည့်) တစ်နာရီကြည့်ပြီးတိုင်း အဝေးသို့ (၁၀) ခန့် လှမ်းကြည့်သင့်သည်။ ဖြစ်နိုင်လျှင် အဝေးမှစိမ်းလန်းစိုပြည်သောနေရာကို ကြည့်ရလျှင် မျက်စိအာရုံကြောများ လျော့စေမည်ဟု ဆိုသည်။ အစိမ်းရောင်သည် မျက်စိသာမက စိတ်ကိုပါ လန်းဆန်းစေနိုင်ပါသည်။
စိတ်ချမ်းသာမှုကို လူတိုင်းလိုချင်ကြသည်။

အလုပ်ရှုပ်နေလျှင် စိတ်ရှုပ်လာသည်။ စိတ်ရှုပ်ခြင်း၏နောက်တွင် ပင်ပန်းနွမ်းနယ်ခြင်းသည် ရောက်လာစမြဲဖြစ်သည်။ လူပင်ပန်း၊ စိတ်ပင်ပန်းဟုပြောလေ့ရှိကြသော်လည်း တကယ်တမ်းမှာ စိတ်ပင်ပန်းခြင်းကသာ လူကိုပင်ပန်းစေခြင်းဖြစ်သည်။ မပြီးပြတ်နိုင်သော အလုပ်များကို လုပ်ရသောအခါ၊ အလုပ်နှင့်အချိန် မမျှသောအခါ အချိန်မီမပြီးမည်စိုး၍ စိတ်ပူပန်မှုဖြစ်စေသည်။ ပူပန်ရဖန်များသောအခါ စိတ်ပင်ပန်းလာလေသည်။ အနောက်တိုင်း စိတ်အထူးကုဆရာဝန်ကြီးများ ပြောလေ့ရှိသော 'စိတ်ကျရောဂါ' ဟူသည်မှာ မနိုင်ဝန်ထမ်းရသူများတွင် အများဆုံး ဖြစ်လေ့ရှိသော ရောဂါဖြစ်သည်။

အလုပ်ရှုပ်၊ ပင်ပန်းနွမ်းနယ်သူများအတွက် အနားယူခြင်းဖြင့် သက်သာစေနိုင်မည်ဟု ထင်ရသော်လည်း နောက်ပိုင်းတွင် စိတ်မအေးစရာ အလုပ်တာဝန်ကျန်ခဲ့သူများအတွက် လူကအနားယူနေသော်လည်း စိတ်ကအလုပ်ထဲမှာ ပြန်ပြန်ရောက်နေသဖြင့် တကယ်တမ်း အနားမရသလို ဖြစ်နေတတ်ပါသည်။

အချို့သော ငွေကြေးတတ်နိုင်သူများသည် တစ်နှစ်လျှင်တစ်ကြိမ် ခရီးထွက်ပြီး အနားယူအပန်းဖြေလေ့ရှိကြသည်။ အထူးသဖြင့် ရှုခင်းသာယာသောနေရာများ၊ ပင်လယ်ကမ်းခြေများတွင် အနားယူလေ့ရှိကြသည်။ အုန်းပင်များစိမ်းစိုပြီး သာယာလှပသောကမ်းခြေ၌ ဒီရေတက်ချိန်တွင် ပြေးတက်လာသော ရေလှိုင်းကလေးများ၏ ကမ်းသို့ရိုက်ခတ်သံနှင့် ဒီရေဖုံးလွှမ်းသွားသော သဲသောင်ပြင်တို့၏အလှမှာ ရောက်ဖူးသူတို့မှသာ ခံစားတတ်မည်ဖြစ်သည်။ ထိုအချိန်မျိုးတွင် အရာအားလုံး၊ သောကအားလုံးကို မေ့ထားပြီး စိတ်လွတ်ကိုယ်လွတ် အပန်းဖြေနိုင်လျှင် အကောင်းဆုံးပင်ဖြစ်သည်။

ကျွန်တော်၏မိတ်ဆွေအရာရှိကြီး တစ်ဦး၏ရုံးခန်းသို့ အလုပ်ကိစ္စတစ်ခု အကူအညီတောင်းရန်သွားသောအခါ သူမှာအလွန်အလုပ်ရှုပ်သူဖြစ်ကြောင်း တွေ့ရသည်။ သူ့ရှေ့တွင် လက်မှတ်ထိုးစရာတွေကလည်း တစ်ပုံတစ်ပင်ရှိနေသည်။ ဖုန်းတွေကလည်း မနားတမ်း၊ တွေ့လိုသူတွေကလည်း အခန်းပေါက်ဝတွင် တန်းစီစောင့်နေသည်ကို တွေ့ရသည်။ သို့သော် သူ့ကိုကြည့်ရသည်မှာ အလုပ်ရှုပ်နေသော်လည်း စိတ်ရှုပ်နေပုံမပေါက်။ တက်ကြွရွှင်လန်းလျက်ပင်ရှိသည်။

'လာ . . .ထိုင်သူငယ်ချင်း . . . . မတွေ့ရတာကြာပြီကွာ၊ ဘာအကူအညီလိုလဲ . . . လမ်းကြုံလို့ ဝင်လာတာလား . . . . ' စသည်ဖြင့် ပဋိသန္ထာရစကားကိုဆိုသည်။ ပြုံးပြုံးရွှင်ရွှင် မျက်နှာထားရှိသည်။

ကိုယ်လိုအပ်သည့် ကိစ္စများကို ပြောပြသည့်အခါ သူတတ်နိုင်တာကို ကူညီပေးသည်။ သူမတတ်နိုင်သည့် ကိစ္စများကိုတော့ မတတ်နိုင်ကြောင်းနှင့် မည်သို့မည်ပုံ လုပ်ဆောင်ရမည်၊ မည်သူ့ထံသွားရမည်၊ မည်သည့် အချက်အလက်တွေလိုသည် စသည်ဖြင့် လမ်းညွှန်ပေးပါသည်။

သည်လောက်အလုပ်များသည့်ကြားမှ ကိုယ့်လိုအပ်ချက်ကို အချိန်ယူပြောကြားပေးသည့် သူငယ်ချင်းကို ကျေးဇူးတင်လှပါသည်။ နယ်မှ လာခဲ့ခြင်းဖြစ်သော်လည်း သူ့ကို လက်ဆောင်ပေးရန်လည်း ကိုယ့်မှာဘာမှ မပါလာပါ။ နယ်မှ သူငယ်ချင်းများအကြောင်း၊ ဆွေမျိုးများအကြောင်း သူမေးသမျှ၊ စပ်မိသမျှ ပြောပြီးနောက် နှုတ်ဆက်ပြီး ပြန်ခဲ့ပါသည်။ ရာထူးကြီးသော်လည်း ဘဝ မမေ့တတ်သည့် သူငယ်ချင်းနှင့်တွေ့ခဲ့ရပြီး အပြန်တွင် ကျေနပ်ပီတိများစွာ ဖြစ်မိပါသည်။

ထိုသူငယ်ချင်းအခန်းတွင် ထူးခြားချက်နှစ်ခုတွေ့ခဲ့ရပါသည်။ တစ်ခုမှာ သူ့အလုပ်စားပွဲပေါ်မှ သစ်ပင်စိုက်ထားသော ပန်းအိုးငယ်တစ်ခု။ နောက်တစ်ခုမှာ သူ့နောက်ဘက်နံရံတွင် ချိတ်ဆွဲထားသော အလျားတစ်ပေခွဲ အနံတစ်ပေခန့်ရှိသော ဓာတ်ပုံတစ်ပုံ ဖြစ်သည်။

သူ့စားပွဲပေါ်မှ ပန်းအိုးငယ်လေးမှာ ဘွန်ဆိုင်းပင်ကဲ့သို့ အမျိုးအမည်မသိ အပင်ပုကလေးဖြစ်သည်။ စိမ်းစိုနေသော သစ်ရွက်များဖြင့် ဝေဆာနေပြီး အမြင့်မှာ ရှစ်လက်မခန့်သာ မြင့်သည်။ စားပွဲပေါ်တွင် နေရာမယူလွန်းဘဲ လှပစိမ်းစိုနေသော သစ်ပင်ကလေးဖြစ်သည်။ ဤသစ်ပင်ကလေးကို မြင်လိုက်ရချိန်တွင် စိတ်ထဲတွင် လန်းဆန်းသွားသလို ခံစားရမိပါသည်။ (ဤ သစ်ပင်ကလေးကို သဘောကျလွန်း၍ သူငယ်ချင်းကို ခွင့်တောင်းပြီး ကျွန်တော်၏ ဖုန်းဖြင့် ဓာတ်ပုံရိုက်ယူခဲ့ပါသည်။) သူ၏ဘယ်ဘက်ရှိ နံရံပေါ်တွင် ချိတ်ဆွဲထားသော ဓာတ်ပုံမှာ ချောင်းသာကဲ့သို့ ကမ်းခြေတစ်နေရာတွင် သူ့မိသားစုနှင့် အပန်းဖြေနေသော ဓာတ်ပုံဖြစ်ပုံရပါသည်။

ဓာတ်ပုံထဲတွင်ပါသူအားလုံး ပြုံးရွှင်နေကြပြီး မြေးအရွယ်ကလေးငယ်လေးများ ပါပါသည်။ နောက်ခံ ခပ်လှမ်းလှမ်းမှာ ဘန်ဂလိုအိမ်တစ်လုံးနှင့် အုန်းပင်စိမ်းစိမ်းများ တန်းစီလျက်ရှိပြီး အားလုံးမှာ ဘောင်းဘီရှည်၊ ဘောင်းဘီတို၊ မျက်နှာသုတ်ပဝါ၊ တဘက်ထည်များနှင့် ရေကူးရာမှ ပြေးတက်လာပြီး အေးနွေး၊ ချမ်းနေတုန်း စုပေါင်းရိုက်ထားသော ဓာတ်ပုံနှင့်တူပါသည်။

သူ့ကိုစပ်စုပြီး မမေးမိသော်လည်း ဤဓာတ်ပုံကိုကြည့်လိုက်ရသည်နှင့်ပင် ကိုယ်ပါ ထိုဓာတ်ပုံထဲ ရောက်ရှိသွားပြီး အေးသွားသလို၊ ချမ်းသွားသလို ဖီလင် (feeling) တစ်ခုဝင်လာပါသည်။ သူအလုပ်များပြီး စိတ်ပင်ပန်းသောအခါတွင် ဤဓာတ်ပုံကို မော့ကြည့်လိုက်ပါက ချောင်းသာသို့ တစ်ဖန်ပြန်ရောက်သွားရသလို ဖြစ်လေမလားဟု စိတ်ထဲတွင် တွေးမိပါသည်။

ဤသူငယ်ချင်းရုံးခန်းမှ ပြန်လာပြီးနောက် သူနှင့် ဆန့်ကျင်ဘက်မိတ်ဆွေတစ်ဦးကို သွားသတိရမိသည်။ ဂေါက်သီးလေ့ကျင့်ရေးကွင်းတစ်ခုတွင် ဖြစ်သည်။ မိတ်ဆွေဆရာဝန်ကြီးတစ်ဦးနှင့်အတူ ဖြစ်သည်။

ဂေါက်သီးလေ့ကျင့်ရေးကွင်းမှာ ရှေ့တွင် ကိုက်ငါးရာခန့် ရှည်လျားကျယ်ပြန့်သော မြက်ခင်းစိမ်းစိမ်း ကွင်းပြင်ကြီးရှိပြီး နောက်ခံမှာ တောင်တန်း၊ တောင်ကုန်းမြင့်များဖြင့် သာယာလှပသောနေရာဖြစ်ပါသည်။ ဂေါက်သီးဗန်းအတွင်းမှ ကယ်ရီမိန်းကလေး တည်ပေးသော ဂေါက်သီးကို မိမိနှစ်သက်ရာဂေါက်တံဖြင့် တစ်လုံးပြီးတစ်လုံးရိုက်ထုတ်ပြီး အကွာအဝေးမည်မျှရောက်ပြီး ကျသွားသည်ကို လှမ်းမျှော်ကြည့်ပြီး မျက်စိပသာဒယူနိုင်သည်။

သို့သော် မိမိဘေးခုံမှ ဆရာဝန်၏ လက်ကိုင်ဖုန်းမှာ မကြာခဏမြည်နေသည်။ ဆေးရုံမှသူ၏ကိုယ်ပိုင်ဆေးခန်းမှ မေးသံ၊ ဖြေသံများကို ကြားနေရသည်။ သူ့မှာ ဂေါက်ကွင်းရောက်သော်လည်း အားမရ နောက်ကအရေးပေါ်ဖုန်းများက လိုက်လာနေသည်။ တစ်ခါတစ်ရံ ကစားနေသည့် ဂေါက်တံကိုထား၍ ခပ်ဝေးဝေးတွင် သွားပြောနေသည်။ ပတ်ဝန်းကျင် ကစားသူများကို အားနာ၍ ဖြစ်မည်။ သို့သော် သူ့ကြည့်ရသည်မှာ အနားယူသောနေရာမှာပင် အနားမရဖြစ်နေသည်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိရုံမျှမက သူ့အစား စိတ်မောမိသည်။

လူ့ဘဝတစ်လျှောက်လုံး အသက်ရှင်နေသမျှ အလုပ်လုပ်နေရမည် ဖြစ်သည်။ တာဝန်သိသူအတွက် အလုပ်ဆိုသည်မှာ အိပ်ရာဝင်ချိန်အထိ ရှိနေမည်ဖြစ်သည်။ အလုပ်ပင်ပန်း စိတ်ပင်ပန်းလျှင် ရောဂါရလာတတ်သည်။ အရွယ်ရင့်မှရောဂါရလျှင် မဆန်းပါ။ အရွယ်မတိုင်ခင် ရောဂါရလျှင် ကိုယ်ဖြစ်ချင်သော ဆန္ဒများမှာ အပြီးမသတ်နိုင်ဘဲ ကျန်ခဲ့ရမည်။ ထားခဲ့ရမည်ဖြစ်သည်။

ရခဲလှသည်မှာ လူ့ဘဝဟုဆိုလျှင် ရပြီးနောက်တွင်လည်း ခက်ခဲလှသည်မှာ လူ့ဘဝပင်ဖြစ်သည်။ ကြိုးစားရုန်းကန်ခြင်းများစွာ ဖြင့် ရင်ဆိုင်ဖြေရှင်းကြသော်လည်း ရတာမလို၊ လိုတာမရဖြင့်သာ အဆုံးသတ်ကြရသူက များသည်။ ပင်ပန်းသမျှ ခံစားကြရသူများရှိသော်လည်း ပင်ပန်းသမျှ အရာမထင်ကြသူများလည်းရှိသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရစသောအကြောင်းတရားများကလည်း နေ့စဉ် တိုက်ခိုက်နေမြဲ ဖြစ်သည်။ မည်သူမျှရှောင်လွဲမရ။

ပင်ပန်းနွမ်းနယ်မှုကို မည်သို့ဖြေဖျောက်မည်နည်း။ အလုပ်ကို တစ်ရက်ပင် ပျက်ရန်မလွယ်။ တစ်နှစ်တစ်ကြိမ်ပင် အပန်းဖြေခရီး ထွက်ရန်မလွယ်။ ဤအလုပ် ဤနေရာတွင်ပင် ပိတ်လှောင်နေသလို ခံစားရသည့်အခါ ထွက်ပေါက်ပေးဖို့ လိုပါသည်။

တစ်သက်တာ စိတ်ချမ်းသာလိုလျှင် သစ်ပင်စိုက်ပါဆိုသော စကားကို သတိရမိပါသည်။ ကျွန်တော့်တွင် သစ်ပင်စိုက်စရာ မြေနေရာလည်းမရှိပါ။ သို့သော် ကျွန်တော့်သူငယ်ချင်း အရာရှိစားပွဲပေါ်မှ သစ်ပင်စိမ်းစိမ်းကလေးကို သွားသတိရမိပါ သည်။ ဟုတ်ပြီ။ ကျွန်တော်သစ်ပင်စိုက်ပါမည်။ ကျွန်တော့် စားပွဲပေါ်တွင် သစ်ပင်စိုက်ပါတော့မည်။

**တစ်သက်တာ စိတ်ချမ်းသာလိုလျှင် သစ်ပင်စိုက်ပါဆိုသော စကားကို သတိရမိပါသည်။ ကျွန်တော့်တွင် သစ်ပင်စိုက်စရာ မြေနေရာလည်းမရှိပါ။ သို့သော် ကျွန်တော့်သူငယ်ချင်း အရာရှိစားပွဲပေါ်မှ သစ်ပင်စိမ်းစိမ်းကလေးကို သွားသတိရမိပါသည်။ ဟုတ်ပြီ။ ကျွန်တော်သစ်ပင်စိုက်ပါမည်။ ကျွန်တော့် စားပွဲပေါ်တွင် သစ်ပင်စိုက်ပါတော့မည်**

# ကျပ် ၅၀၀ တန် ထီထိုးရာတွင် အကြိမ်ရေမပါသည့် အရန်ထီကို အက္ခရာစစ်ပြီး သတိပြုဝယ်ရန်လို

**ရန်ကုန် မေ ၄**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ လစဉ်ဖွင့်လှစ်သော ငွေကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်များ ရောင်းချရာတွင် ထုတ်ဝေသည့် အကြိမ်မပါဘဲ အက္ခရာနှင့် ဂဏန်းသာပါရှိသော အရန်ထီစနစ်ကိုပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ ညွှန်ကြားရေးမှူးဦးထွန်းထွန်းအောင်က ပြောသည်။

"ပထမအကြိမ် ထုတ်ဝေတဲ့အကြိမ်မှာ အရန်ထီက အက္ခရာအလုံး ၂၀ လောက်ပါတယ်။ ပထမအကြိမ်မှာ အရန်ထီက အက္ခရာလေးလုံးပဲ ရောင်းရတယ်။ ၁၆ လုံး ပြန်အပ်တယ်။ အဲဒီပြန်အပ်တဲ့ အရန်ထီတွေကို ဆက်ပြီး carry လုပ်လာတာပေါ့။ အရန်ထီကပုံနဲ့ အက္ခရာကွဲသွားတယ်။ ထီထိုးတဲ့ ပြည်သူတွေ စိတ်အနှောင့်အယှက်ဖြစ်ရတဲ့အတွက် ပြုပြင်ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ဒီအတွက် အထက်ကို တင်ပြထားပါတယ်။ ခွင့်ပြုချက်ရတာနဲ့ ပြည်သူလူထုကို အသိပေးကြေညာသွားမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က ပြောသည်။

(၃) ကြိမ်မြောက် ငွေကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်များကို မေ ၁ ရက်မှ စတင်ပြီးရောင်းချပေးလျက်ရှိရာ "က"အက္ခရာမှအစဉ်အလိုက် "န" အက္ခရာအထိ အက္ခရာလုံးရေ ၂၀ နှင့် အရန်ထီ "ကဒ" အက္ခရာ အစဉ်အလိုက် "ကအ" အက္ခရာအထိ ၁၆ လုံး၊ စုစုပေါင်း အက္ခရာ ၃၆ လုံး ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု (၃) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီတွင် အရန်ထီအဖြစ် "ကစ"၊ "ကဒ" နှင့် "ကန" အက္ခရာသုံးလုံး၊ "ကပ"၊ "ကဖ"၊ "ကဗ"၊ "ကဘ" နှင့် "ကမ" အက္ခရာ ငါးလုံး၊ "ကယ"၊ "ကရ"၊ "ကလ"၊ "ကဝ"၊ "ကသ"၊ "ကဟ"၊ "ကဠ"နှင့် "ကအ" အက္ခရာ (၈) လုံးတို့ကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် (၁) ကြိမ်မြောက်နှင့် (၂) ကြိမ်မြောက်တို့တွင် ပါဝင်သော ကက၊ ကခ၊ ကဂ၊ ကဃ၊ ကင၊ ကစ၊ ကဆ၊ ကဇ၊ ကဈ၊ ကည၊ ကဋ၊ ကဌ၊ ကဍ၊ ကပ၊ ကဏ၊ ကတ နှင့် ကထ အက္ခရာများ ဖွင့်လှစ်ပြီးဖြစ်၍ ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် (၃) ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ကြောင်း အောင်ဘာလေထီရုံးမှ အထူးသတိပေးကြေညာချက် ထုတ်ပြန်ထားသည်။

ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များတွင် ပင်မထီလက်မှတ်များတွင်သာ အကြိမ်အရေအတွက်ပါရှိပြီး အရန်ထီများတွင် အကြိမ်အရေအတွက်ဖော်ပြထားခြင်းမရှိဘဲ အက္ခရာများနှင့်ပုံများ ခွဲခြားမှုဖြင့် ရောင်းချခြင်းဖြစ်၍ ထီထိုးသူ မိဘပြည်သူများအနေဖြင့် အရန်ထီကိုထိုးရာတွင် သတိပြုဝယ်ယူသင့်ကြောင်း အသိပေးကြေညာထားသည်။

**မြင့်မောင်စိုး**

# ကသာမြို့ခရီးသွားလာရေးလုပ်ငန်းများအသစ်တိုးချဲ့ရန်တွေ့ဆုံရှင်းလင်းပွဲကျင်းပ

**ကသာ မေ ၄**

ကသာမြို့ရှိ George Orwell ၏ ဝတ္ထုထဲမှအရေးပိုင် Mac Gregor အိမ်ကြီး၌ ဧပြီ ၃၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အဖွဲ့က ကသာမြို့ ခရီးသွားလာရေးလုပ်ငန်းများ အသစ်တိုးချဲ့ရန်အတွက် ရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကသာ၊ အင်းတော်၊ ဗန်းမောက်မြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကသာခရိုင် ခရီးသွားလုပ်ငန်းသစ် ဖော်ဆောင်ရေးမှ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသည်။

၂၀၁၆ ခရီးသွားနှစ်တွင် မြန်မာပြည်အထက်ပိုင်း ဧရာဝတီမြစ်ကြောင်းခရီးစဉ်များတွင် နိုင်ငံခြားသားခရီးသွားများသည် ကသာမြို့ကိုစိတ်ဝင်တစားလာရောက် လေ့လာကြည့်ရှုကြသည်ကို တွေ့ရကြောင်း၊ နိုင်ငံခြားသားခရီးသွားများသည် မန္တလေး၊ ဗန်းမော်ခရီးစဉ်အတွင်း ဗန်းမော်၊ ရွှေကူဒုတိယမြစ်ကျဉ်း၊ George Orwell ၏ ကသာမြို့၊ ဧရာဝတီမြစ်အထက်ပိုင်းရှိ ဆင်စခန်းများ၊ တကောင်းမြို့ဟောင်းနှင့် စဉ့်အိုးပြုလုပ်ရာ နွယ်ငြိမ်းရွာ၊ ရန္တပိုရွာတို့ကိုလေ့လာကြည့်ရှုကြကြောင်း သိရသည်။

ယခုနောက်ပိုင်း ခရီးသွားအင်တာနက်ဝက်ဆိုဒ်များမှ ထူးထူးခြားခြားညွှန်းဆိုနေသည်မှာ ကသာမြို့အတွင်း George Orwell ၏ခြေရာများရှာဖွေခြင်း အစီအစဉ်ဖြစ်သည်။ ၁၉၂၆ ခုနှစ် ကိုလိုနီခေတ်တွင် ကိုလိုနီရဲအရာရှိ George Orwell က ကိုလိုနီစနစ်ဆိုးအား မီးမောင်းထိုးပြသည့် Burmese Days ဝတ္ထုအား ကသာမြို့၌ ရေးသားခဲ့သည်။ ထို့နောက် ကမ္ဘာကျော်စာရေးဆရာကြီးဖြစ်လာသောအခါ သူ၏ပထမဆုံးသောဝတ္ထုဖြစ်သည့် Burmese Days မှာ မြန်မာပြည်သို့ အလည်လာကြသည့် နိုင်ငံခြားသားများ အဖတ်အများဆုံး ဖြစ်လာသည်။ Burmese



Days ဝတ္ထုထဲမှဇာတ်ဝင်ခန်းအိမ်ကြီးများနှင့် ကသာမြို့၌ ယခုထက်တိုင်ရှိနေသည့်အတွက် အခင်း အကျင်းနေရာများမှာ နိုင်ငံခြားသား ခရီးသွားများက ပို၍စိတ်ဝင်စားကြခြင်းဖြစ်သည်။

**ကိုမင်း(အင်းတော်)**

# စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ၏ အောက်မြန်မာပြည် ဓာတ်ခွဲခန်း(ရန်ကုန်) အသစ်တိုးချဲ့ဖွင့်လှစ်

**နေပြည်တော် မေ ၄**

မြေသြဇာ အရည်အသွေးများကို ပိုမိုသွက်လက်မြန်ဆန်စွာ ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ၏ အောက်မြန်မာပြည်ဓာတ်ခွဲခန်း (ရန်ကုန်)အား တိုးချဲ့ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ အဆိုပါ ရုံးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ထို့နောက် မြေအသုံးချရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးစိုးဝင်းက အသစ်ဖွင့်လှစ်သောဓာတ်ခွဲခန်းနှင့် ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်းက အသစ်တိုးချဲ့ ဖွင့်လှစ်သော ဓာတ်ခွဲခန်းတွင် အသုံးပြုရန်အတွက် ကွန်ပျူတာများ၊ လေအေးပေးစက်များ လှူဒါန်းကြသော ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်းနှင့် အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ တို့က မြေအသုံးချရေးဌာနခွဲ၏ အောက်မြန်မာပြည် ဓာတ်ခွဲခန်း (ရန်ကုန်) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်ခွဲခန်း တိုးချဲ့ဖွင့်လှစ်ခြင်းအားဖြင့် ယခင်က ဓာတ်ခွဲစမ်းသပ်မှု မပြုနိုင်သေးသော ဇီဝမြေသြဇာများ (Bio Fertilizer) နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ဓာတ်သတ္တု (Heavy Metal)များကိုလည်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြေသြဇာဥပဒေအရ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတွင် ထုတ်လုပ်ရောင်းချဖြန့်ဖြူးလျက်ရှိသော မြေသြဇာ အရည်အသွေးများကို ပိုမိုသွက်လက်မြန်ဆန်စွာ ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**




# သောက်ရေ အခက်အခဲရှိကျေးရွာသို့ သောက်ရေသန့်များပေးလှူ

**မြောင်းမြ မေ ၄**

မြောင်းမြမြို့နယ်အတွင်း သောက်သုံးရေများ အခက်အခဲဖြစ်ပေါ်နေသော ကျေးရွာများသို့ မေ ၃ရက်က ပြည်ထဲရေးဝန်ကြီးဌာန မြောင်းမြအကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ရွှေနှင့် ဝန်ထမ်းများသည် သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့နေရသော မြောင်းမြမြို့နယ် ကညင်ချောင်းကျေးရွာအုပ်စုကျေးသာတောင်ကျေးရွာသို့ မော်တော်ယာဉ်များဖြင့် သွားရောက်လှူဒါန်းခဲ့သည်။ "ရေရှားပါးပြီး အခက်အခဲရှိတဲ့ ပြည်သူတွေအတွက် သောက်ရေလာရောက်ပေးလှူခြင်း ဖြစ်ပါတယ်" ဟု မြောင်းမြအကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ထိုသို့ပေးလှူရာတွင် သောက်ရေသန့် ၂၀လီတာ ဘူးကြီး ၁၈၀ ကို ကျေးရွာရှိ အိမ်ထောင်စု ၈၁ စု လူဦးရေ ၄၃၆ ဦးတို့အား ပေးဝေခဲ့ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

# လူငယ်မူဝါဒဆိုင်ရာ လှုံ့ဆော်စည်းရုံးခြင်းအလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**မြစ်ကြီးနား မေ ၄**

မြန်မာပါတီစုံ ဒီမိုကရေစီအစီအစဉ်မှ ကြီးမှူးပြုလုပ်သော လူငယ်မူဝါဒဆိုင်ရာ လှုံ့ဆော်စည်းရုံးခြင်းနှင့် ဘတ်ဂျက်ဆိုင်ရာသိကောင်းစရာများ အလုပ်ရုံဆွေးနွေးပွဲကို မေ ၃ ရက်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် Palm Spring ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာပါတီစုံဒီမိုကရေစီအစီအစဉ် ညှိနှိုင်းရေးမှူး ဦးဆလိုင်းဒေးဗစ်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး သတင်းနှင့်မီဒီယာဆက်သွယ်ရေးအရာရှိ ဒေါ်ဆုမွန်အောင်က မြန်မာပါတီစုံဒီမိုကရေစီအစီအစဉ်မှ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ဦးဆလိုင်းဒေးဗစ်ဦးစီးပြီး Consultant အကြံပေးဦးဝဏ္ဏ၊ ကချင်ပြည်နယ် လူငယ်မူဝါဒရေးဆွဲရေး အဖွဲ့ခေါင်းဆောင် ဒေါ်ဆိုင်နူးပန်တို့က ဘတ်ဂျက်တွင်အဓိကပါဝင်ပတ်သက်နေသူများအား လေ့လာခြင်း၊ ဘတ်ဂျက်စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ ကိရိယာများ၊ ပြည်နယ်အစိုးရ၏ ဘတ်ဂျက်လုပ်ငန်းစဉ်များအား အပြန်အလှန်ဆွေးနွေးခြင်း၊ လူငယ်မူဝါဒလုပ်ငန်းဖြစ်စဉ် မြန်မာနိုင်ငံလူငယ်မူဝါဒလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခြင်း မူဝါဒဆိုင်ရာလှုံ့ဆော်စည်းရုံးခြင်းနည်းလမ်းများ၊ မူဝါဒဆိုင်ရာလှုံ့ဆော်စည်းရုံးခြင်းနှင့် ဘတ်ဂျက်လေ့လာစောင့်ကြည့်ခြင်းအား ချိတ်ဆက်ခြင်း ခေါင်းစဉ်များဖြင့် တက်ရောက်လာသော လူငယ်များက အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။



အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီများမှ လူငယ်များ၊ လူမှုရေးအဖွဲ့အစည်းမှ လူငယ်များနှင့် ကချင်ပြည်နယ် လူငယ်မူဝါဒရေးဆွဲရေးအဖွဲ့ဝင်များတက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ကာရာအိုကေလုပ်ငန်းလိုင်စင်အတွက် စည်းကမ်းချက်သုံးချက်ထပ်တိုးမည်

**မကွေး မေ ၄**

ဗီဒီယိုပြသရေးကာရာအိုကေလုပ်ငန်းလိုင်စင်အတွက် သတ်မှတ်ထားသော မူလစည်းကမ်းချက်၁၇ချက်အပြင် စည်းကမ်းချက်သုံးချက် ထပ်တိုးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ မေ ၂ ရက်က ကျင်းပခဲ့သည့် KTV လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

မကွေးမြို့မှ ရွှေမြတ်မင်းသမီး KTV ဆိုင်ဧပြီ ၂ ရက် ညက မီးလောင်မှုကြောင့် လူ ၁၆ ဦးသေဆုံးခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဧပြီ ၁၁ ရက်မှ စတင်ကာ ယာယီပိတ်သိမ်းထားစဉ်အတွင်း ဆိုင်လုပ်ငန်းရှင်နှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ တာဝန်ယူဆောင်ရွက်နေရသည့် အဖွဲ့အစည်းများ အဆင်ပြေရေးအတွက် စည်းကမ်းချက်အသစ်များ ထပ်မံဖြည့်စွက်ခြင်း ဖြစ်သည်။

"လုပ်ငန်းအမည်ပြောင်း၊ လိပ်စာပြောင်းခြင်းကို တိုင်းစိစစ်ကြီးကြပ်မှု ကော်မတီမှာ လျှောက်ထားပြီး တိုင်းအစိုးရအဖွဲ့ကအတည်ပြုရမယ်။ လုပ်ငန်း၊ တည်နေရာနှင့် လိပ်စာအတိအကျဖော်ပြပြီး ပတ်ဝန်းကျင်ရှိနေထိုင်သူများကို တစ်စုံတစ်ရာ အနှောင့်အယှက်မဖြစ်ဖို့ လုပ်ငန်းလုပ်သူတွေက တာဝန်ယူရမယ်။ စည်းကမ်းဖောက်ဖျက်ခြင်းတွေလုပ်ရင် လိုင်စင်ပိတ်သိမ်းမယ်ဆိုတဲ့ အချက်သုံးချက်တိုးဖို့ရှိပါတယ်။ အစည်းအဝေးတက်ရောက်လာတဲ့ လုပ်ငန်းရှင် ၅၆ ဦးလုံးကလည်း လိုက်နာမယ်ဆိုတာ သိရပါတယ်" ဟု မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ပြောသည်။

ကာရာအိုကေလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးဟန်ပိုကလည်း ဆိုင်များပြန်လည်ဖွင့်လှစ်ပေးစေလိုကြောင်း ဆိုင်ဖွင့်ထားစဉ်အတွင်း စစ်ဆေးမှုပြုလုပ်ခြင်း၊ စည်းကမ်းလိုက်နာမှုကြီးကြပ်ခြင်းများပြုလုပ်ပြီး မလိုက်နာပါက အရေးယူခြင်းများ ပြုလုပ်စေလိုကြောင်း ပြောသည်။ **ဇေယျာတု(မကွေး)**

# မန်ယူကို မရှုံးနိုင်တဲ့ အာဆင်နယ်

ပရီမီယာလိဂ်ပွဲစဉ် (၃၆)ကို လာမယ့် မေ ၆ရက်၊ ၇ရက်၊ ၈ ရက်နေ့တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ အာဆင်နယ်နဲ့ မန်ယူတို့ဆုံတွေ့တဲ့ပွဲ ပါဝင်နေသလို လန်ဒန်ဒါဘီပြိုင်ဘက်တွေ ဖြစ်တဲ့ ဝက်စ်ဟမ်းနဲ့စပါးတို့ဆုံတွေ့တဲ့ပွဲလည်း ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် လက်ရှိပရီမီယာလိဂ်က ပြီးဆုံးတော့မှာဖြစ်လို့ တန်းမဆင်းရရေး အားစိုက်လာမယ့်အားပြိုင်မှုတွေကလည်း စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

— ဝေမိုးဆက် —



## အာဆင်နယ် VS မန်ယူ

| | | | | |
|---|---|---|---|---|
| ပကျော့ | မန်ယူ | ၁ | ၁ | အာဆင်နယ် |

ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပါတယ်။ လက်ရှိအချိန်မှာ အာဆင်နယ်ခြေက ပြန်လည်ကောင်းမွန်လာသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ အာဆင်နယ်အနေနဲ့ ဒီပွဲအပြီးမှာ ပွဲကျန်ကစားရဖို့ရှိနေတယ်ဆိုပေမယ့်လည်း မန်ယူက ယူရိုပါလိဂ်ကြောင့် ပွဲပိုပန်းနေနိုင်ပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ မန်ယူရဲ့အဓိကကစားသမားတွေကလည်း ဒဏ်ရာရရှိနေပါတယ်။ အာဆင်နယ်တို့အိမ်ကွင်းမှာ အနိမ့်ဆုံးသရေလောက်ကစားနိုင်ဖို့ရှိပါတယ်။

## ဟားလ် VS ဆန်းဒါးလန်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆန်းဒါးလန်း | ၃ | ၀ | ဟားလ် |

ဆန်းဒါးလန်းက ဘုန်းမောက်ကို ရှုံးနိမ့်ခဲ့ပြီးနောက်မှာ တန်းဆင်းရဖို့သေချာသွားပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း အသင်းလိုက်ရှန်းအားကပါ ကျဆင်းလာနိုင်ပါတယ်။ ဟားလ်ကတော့ တန်းမဆင်းရဖို့အားစိုက်ကစားလာဦးမှာ ဖြစ်သလို အိမ်ကွင်းပွဲတွေမှာတော့ ကစားပုံလည်း ပိုမိုကောင်းမွန်တတ်ပါတယ်။ ပထမအကျော့တုန်းက ဆန်းဒါးလန်းတို့ ဂိုးပြတ်အနိုင်ရရှိခဲ့ပေမယ့်လည်း ဒီပွဲစဉ်မှာတော့ ဟားလ်ကသာ နိုင်ပွဲရသွားမှာပါ။

## လီဗာပူး VS ဆောက်သမ်တန်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆောက်သမ်တန် | ၀ | ၀ | လီဗာပူး |

လက်ရှိအချိန်မှာ ဆောက်သမ်တန်က အမှတ်လိုအပ်ချက် ပြင်းထန်မှု မရှိတော့ပါဘူး။ ဒါကြောင့်လည်း လက်ရှိအချိန်မှာ ဆောက်သမ်တန်ရဲ့ကစားအားက ကျဆင်းလာသလိုတိုက်စစ်ပိုင်းကအစ ဂိုးသွင်းခြေကျဆင်းနေပါတယ်။ လီဗာပူးကတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားစိုက်လာမှာဖြစ်ပြီး အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ခြေစွမ်းပိုင်းအားနည်းနေတဲ့ ဆောက်သမ်တန်တို့ ရှုံးပွဲကြုံသွားနိုင်ပါတယ်။

## ဝက်စ်ဟမ်း VS စပါး

| | | | | |
|---|---|---|---|---|
| ပကျော့ | စပါး | ၃ | ၂ | ဝက်စ်ဟမ်း |

လက်ရှိအချိန်မှာ ဝက်စ်ဟမ်းကတန်းမဆင်းရဖို့ အားစိုက်နေချိန်ဖြစ်တာကြောင့် အခုလို အိမ်ကွင်းပွဲမျိုးမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဝက်စ်ဟမ်းရဲ့ခြေကလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒါပေမယ့်လည်း စပါးက ချယ်လ်ဆီးကို ဖိအားပေးနိုင်ဖို့ အားစိုက်လာမှာဖြစ်တာကြောင့် ဝက်စ်ဟမ်းတို့အခက်တွေ့နိုင်ပါတယ်။ ဒါကြောင့် ဒီပွဲမှာတော့ စပါးကသာ ကပ်ပြီးအနိုင်ရယူသွားဖို့ရှိနေပါတယ်။

## ဘုန်းမောက် VS စတုတ်

| | | | | |
|---|---|---|---|---|
| ပကျော့ | စတုတ် | ၀ | ၁ | ဘုန်းမောက် |

လက်ရှိအချိန်မှာ ဘုန်းမောက်က ဆန်းဒါးလန်းကို အနိုင်ရရှိခဲ့မှုနဲ့အတူ တန်းမဆင်းရဖို့သေချာနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာဘုန်းမောက်တို့ အားစိုက်ကစားမှုလျော့ကျလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ဘုန်းမောက်အနေနဲ့ အိမ်ကွင်းပွဲဖြစ်တာကြောင့် အမှားခံမှာတော့ မဟုတ်ပါဘူး။ အထူးသဖြင့် စတုတ်ကလက်ရှိ အချိန်မှာခြေစွမ်းပိုင်းအားနည်းနေသလို အဝေးကွင်းပွဲတွေမှာလည်း ခြေကျတတ်ပါတယ်။ ဒါကြောင့် ဘုန်းမောက်ပဲ အနိုင်ရမယ်။

## လက်စတာ VS ဝက်ဖို့ဒ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်ဖို့ဒ် | ၂ | ၁ | လက်စတာ |

လက်ရှိအချိန်မှာ လက်စတာက တန်းမဆင်းရဖို့ အနီးစပ်ဆုံးဖြစ်နေပေမယ့်လည်း သေချာမှုတော့ မရှိသေးပါဘူး။ ဒါကြောင့် ဒီပွဲစဉ်မှာလည်း လက်စတာတို့ အားစိုက်ကစားလာဦးမှာဖြစ်ပြီး အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ အထူးသဖြင့် ဝက်ဖို့ဒ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းသာမန်သာ ရှိပါတယ်။ ဒါကြောင့်လည်း ဝက်ဖို့ဒ်အနေနဲ့ ပထမအကျော့ကလို လက်စတာကို အသာရဖို့ ခက်ခဲနိုင်ပါတယ်။ လက်စတာကသာ နိုင်ပွဲရသွားမှာပါ။

## မန်စီးတီး VS ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ပဲလေ့စ် | ၁ | ၂ | မန်စီးတီး |

မန်စီးတီးက ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အမှားမခံတဲ့အခြေအနေမှာရှိနေသလို အခုလိုအိမ်ကွင်းပွဲမျိုးမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ပဲလေ့စ်က တန်းမဆင်းရဖို့အားစိုက်ကစားလာမှာဖြစ်ပြီး လက်ရှိခြေစွမ်းပိုင်းလည်း ကောင်းမွန်နေကာ အသင်းကြီးတွေနဲ့ရင်ဆိုင်ရချိန်မှာ ကစားပုံပိုမိုမာကျောမှုရှိပါတယ်။ မန်စီးတီးတို့ မထင်မှတ်ဘဲအခက်တွေ့နိုင်ကာ ကပ်ပြီးသာ အနိုင်ရဖို့ရှိတယ်။

## ဘန်လေ VS ဝက်စ်ဘရွန်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်စ်ဘရွန်း | ၄ | ၀ | ဘန်လေ |

ဘန်လေက လက်ရှိအချိန်မှာ တန်းမဆင်းရဖို့ သေချာမှုမရှိသေးတာကြောင့် အခုလိုအိမ်ကွင်းပွဲမျိုးမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဘန်လေက အိမ်ကွင်းပွဲတွေမှာဆိုရင် ကစားပုံလည်း ကောင်းမွန်တတ်ပါတယ်။ ဝက်စ်ဘရွန်းကတော့ အမှတ်လိုအပ်ချက် မရှိတော့သလို လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းအားသာချက်ပါရှိနေတဲ့ ဘန်လေပဲ အနိုင်ရမယ်။

## ဆွမ်ဆီး VS အဲဗာတန်

| | | | | |
|---|---|---|---|---|
| ပကျော့ | အဲဗာတန် | ၁ | ၁ | ဆွမ်ဆီး |

ဆွမ်ဆီးက လက်ရှိအချိန်မှာ တန်းမဆင်းရဖို့ မျှော်လင့်ချက်ရှိနေတာကြောင့် အားစိုက်ကစားလာမှာ သေချာနေသလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ အဲဗာတန်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း ကောင်းမွန်နေပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းနဲ့ တိုက်စစ်ကစားပုံ ကျဆင်းတတ်တာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာတော့ အဲဗာတန်တို့ ဆွမ်ဆီးကို ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်ကာ ကပ်ပြီးသာ နိုင်ဖို့ရှိပါတယ်။

## ချယ်လ်ဆီး VS မစ်ဒယ်ဘရော့

| | | | | |
|---|---|---|---|---|
| ပကျော့ | မစ်ဒယ်ဘရော့ | ၀ | ၁ | ချယ်လ်ဆီး |

ချန်ပီယံဆုရယူနိုင်ဖို့အတွက် ချယ်လ်ဆီးတို့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ချယ်လ်ဆီးခံစစ်က ဂိုးပေးရမှုတွေများပေမယ့်လည်း မစ်ဒယ်ဘရော့ရဲ့တိုက်စစ်ပိုင်းက အဆုံးသတ်သေချာမှုမရှိပါဘူး။ ဒါ့အပြင် ချယ်လ်ဆီးရဲ့ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရှိနေတာကြောင့် မစ်ဒယ်ဘရော့ကိုဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ချယ်လ်ဆီးကသာနိုင်ပွဲ ရယူသွားနိုင်မှာပါ။

## ပရီမီယာလိဂ်ပွဲစဉ်(၃၆)

**သောကြာနေ့ (၅-၅-၁၇)**

| | | | | |
|---|---|---|---|---|
| နံနက် ၁း၃၀ | ဝက်စ်ဟမ်း | □ - □ | | စပါး |

**စနေနေ့ (၆-၅-၁၇)**

| | | | | |
|---|---|---|---|---|
| ည ၆း၀၀ | မန်စီးတီး | □ - □ | | ခရစ္စတဲလ်ပဲလေ့စ် |
| ည ၈း၃၀ | ဘုန်းမောက် | □ - □ | | စတုတ် |
| ည ၈း၃၀ | ဘန်လေ | □ - □ | | ဝက်စ်ဘရွန်း |
| ည ၈း၃၀ | ဟားလ်စီးတီး | □ - □ | | ဆန်းဒါးလန်း |
| ည ၈း၃၀ | လက်စတာ | □ - □ | | ဝက်ဖို့ဒ် |
| ည ၁၁း၀၀ | ဆွမ်ဆီး | □ - □ | | အဲဗာတန် |

**တနင်္ဂနွေနေ့ (၇-၅-၁၇)**

| | | | | |
|---|---|---|---|---|
| ည ၇း၀၀ | လီဗာပူး | □ - □ | | ဆောက်သမ်တန် |
| ည ၉း၃၀ | အာဆင်နယ် | □ - □ | | မန်ယူ |

**တနင်္လာနေ့ (၈-၅-၁၇)**

| | | | | |
|---|---|---|---|---|
| နံနက် ၁း၃၀ | ချယ်လ်ဆီး | □ - □ | | မစ်ဒယ်ဘရော့ |

## စပိန်လာလီဂါပွဲစဉ်(၃၆)

**သောကြာနေ့ (၅-၅-၁၇)**

| | | | | |
|---|---|---|---|---|
| နံနက် ၁း၃၀ | ဆီဗီလာ | □ - □ | | ဆိုစီဒက်စ် |

**စနေနေ့ (၆-၅-၁၇)**

| | | | | |
|---|---|---|---|---|
| ညနေ ၅း၃၀ | ဂီဂျွန် | □ - □ | | လက်စ်ပဲလ်မက်စ် |
| ည ၈း၄၅ | အက်သလက် | □ - □ | | အီဘာ |
| ည ၁၁း၀၀ | ဘာစီလိုနာ | □ - □ | | ဗီလာရီးရဲ |
| နံနက် ၁း၁၅ | ဂရန်နာဒါ | □ - □ | | ရီးရဲ |

**တနင်္ဂနွေနေ့ (၇-၅-၁၇)**

| | | | | |
|---|---|---|---|---|
| ညနေ ၄း၃၀ | အလာဗက်စ် | □ - □ | | ဘီဘာအို |
| ည ၈း၄၅ | ဗလင်စီယာ | □ - □ | | အိုဆာဆူနာ |
| ည ၁၁း၀၀ | ဒီပို့တီဗို | □ - □ | | အက်စ်ပန်ညို |
| နံနက် ၁း၁၅ | မာလာဂါ | □ - □ | | ဆဲလ်တာဗီဂို |

**တနင်္လာနေ့ (၈-၅-၁၇)**

| | | | | |
|---|---|---|---|---|
| နံနက် ၁း၁၅ | လီဂါနက်စ် | □ - □ | | ဘက်တစ် |

## စီးရီးအေပွဲစဉ်(၃၅)

**စနေနေ့ (၆-၅-၁၇)**

| | | | | |
|---|---|---|---|---|
| ည ၁၀း၃၀ | နာပိုလီ | □ - □ | | ကယ်ဂလီယာရီ |
| နံနက် ၁း၁၅ | ဂျူဗင်တပ်စ် | □ - □ | | တိုရီနို |

**တနင်္ဂနွေနေ့ (၇-၅-၁၇)**

| | | | | |
|---|---|---|---|---|
| ညနေ ၅း၀၀ | အူဒီးနိစ် | □ - □ | | အတ္တလန္တာ |
| ည ၇း၃၀ | အမ်ပိုလီ | □ - □ | | ဘိုလော့ဂ်နာ |
| ည ၇း၃၀ | ပက်စ်ကာရာ | □ - □ | | ခရိုတိုနီ |
| ည ၇း၃၀ | ဆက်ဆူအိုလို | □ - □ | | ဖီအိုရင်တီးနား |
| ည ၇း၃၀ | ဂျီနိုအာ | □ - □ | | အင်တာမီလန် |
| ည ၇း၃၀ | ချီယေဗို | □ - □ | | ပါလာမို |
| ည ၇း၃၀ | လာဇီယို | □ - □ | | ဆမ်ဒိုးရီးယား |
| နံနက် ၁း၁၅ | အေစီမီလန် | □ - □ | | ရိုးမား |

SERIE A

# ဟယ်ရီကိန်းရဲ့တိုက်စစ်အားနဲ့ စပါးအသင်းရဲ့ ဆုဖလားအိပ်မက်

အောင်က




စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဒီနှစ်ရာသီမှာ တိုက်စစ်အားကောင်းကောင်းနဲ့ ဂိုးတွေဆက်တိုက် သွင်းယူပေးနေခဲ့တယ်။ သူဟာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံး တိုက်စစ်မှူးအဖြစ် ဆက်လက်ရပ်တည်နေတဲ့သူ ဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ သုံးနှစ်ဆက်တိုက် ဂိုး ၂၀ ကျော်သွင်းယူပေးထားပြီး အလန်ရှီးယားရား၊ နစ္စတဲလ် ရှိုင်း၊ အွန်နရီတို့ရဲ့ မှတ်တမ်းကောင်းတွေနဲ့လည်း သူဟာတူညီနေခဲ့ပြီလည်းဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ဟာ အခုလို သုံးနှစ်ဆက်တိုက်ဂိုး ၂၀ ကျော်သွင်းယူထားနိုင်ခဲ့စဉ်မှာ ပရီမီယာလိဂ်ဆုဖလားကို ရယူနိုင်ခဲ့တယ်။ ဒါကြောင့် သူတို့နဲ့ စံချိန်တူနေတဲ့ ဟယ်ရီကိန်းကရော စပါးအသင်းအတွက် ပရီမီယာလိဂ်ဆုဖလားရယူပေးနိုင်မလား။

စံချိန်တင် ကစားသမားတွေထဲမှာတော့ အလန်ရှီးယားရားက ၁၉၉၃ ကနေ ၁၉၉၆ခုနှစ်အတွင်း သုံးရာသီအတွင်း စံချိန်တင် ဂိုး ၃၀ ကျော် သွင်းယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒါဟာ ပရီမီယာလိဂ်သမိုင်းမှာတော့ သုံးနှစ်ဆက်တိုက် ဂိုး ၃၀ ကျော်သွင်းယူပေးနိုင်တဲ့သူဆိုလို့ သူတစ်ဦးတည်းသာရှိပါတယ်။ သူ့ရဲ့ကောင်းမွန်တဲ့ သွင်းဂိုးတွေကြောင့်လည်း ဘလက်ဘန်းအသင်းဟာ ပရီမီယာလိဂ်ဆုဖလား ရယူနိုင်ခဲ့ပါတယ်။

မန်ယူရဲ့ဂန္ထဝင်ကစားသမား နစ္စတဲလ်ရှိုင်းကတော့ မန်ယူအသင်းမှာ ကစားခဲ့စဉ် ၂၀၀၁ခုနှစ် ၂၀၀၄ခုနှစ်အတွင်း ဂိုး ၂၀ကျော် သုံးနှစ်ဆက်တိုက် သွင်းယူနိုင်ခဲ့ပါတယ်။ ဒါဟာ မန်ယူအသင်းကစားသမားတွေထဲမှာတော့ သူတစ်ဦးတည်းရှိတယ်လို့ ပြောရမှာပါ။ သူ့ရဲ့သွင်းဂိုးတွေကြောင့်လည်း မန်ယူအသင်းဟာ ၂၀၀၂-၀၃ ရာသီမှာတော့ ပရီမီယာလိဂ်ဆုဖလားကို ရရှိခဲ့ပါတယ်။

ပြင်သစ်တိုက်စစ်မှူး အွန်နရီကတော့ အာဆင်နယ်အသင်းနဲ့အတူ ကစားနေခဲ့စဉ်အတွင်း စံချိန်တင်ဂိုးတွေသွင်းယူနိုင်ခဲ့သလို အသင်းအတွက် ဆုဖလားတွေလည်း ရယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ အမှန်တကယ်တော့ အွန်နရီဟာ ပရီမီယာလိဂ်မှာ ဂိုး ၂၀ ကျော်သွင်းယူနိုင်တာဟာ ၂၀၀၁ ခုနှစ်ကနေ ၂၀၀၆ခုနှစ်အထိ ငါးနှစ်ဆက်တိုက်သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ သူကလည်း အခုလို စံချိန်တင်ဂိုးသွင်းယူမှုတွေနဲ့အတူ အသင်းအတွက် ပရီမီယာလိဂ် ဆုဖလားကို နှစ်ကြိမ် ရယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ အခုတော့ အွန်နရီရဲ့ငါးနှစ်ဆက်တိုက် ဂိုး ၂၀ ကျော်သွင်းယူတဲ့ စံချိန်ကို ဖြတ်ကျော်နိုင်ဖို့က ဟယ်ရီကိန်းတစ်ဦးပဲ အလားအလာရှိပါတယ်။

ဟယ်ရီကိန်းက စပါးအသင်းမှာ ပထမဦးဆုံး ပါဝင်ကစားခွင့်ရရှိတဲ့ တစ်နှစ်ကလွဲပြီး နောက်ပိုင်း သုံးရာသီလုံး ဂိုး ၂၀ ကျော်သွင်းယူထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ ၂၀၁၄-၁၅ ရာသီကစပြီး ပရီမီယာလိဂ်သွင်းဂိုး ၂၁ ဂိုး သွင်းယူခဲ့တာပါ။ ပြီးခဲ့တဲ့ ရာသီကတော့ သူဟာ စပါးအသင်းမှာ ၂၅ ဂိုးသွင်းယူပေးပြီး ပရီမီယာလိဂ်ရဲ့ရွှေဖိနပ်ဆု ရရှိခဲ့ပါတယ်။ ဒါပေမယ့် အသင်းအနေနဲ့ကတော့ ရာသီကုန်ခါနီးရလဒ်မကောင်းခဲ့တာတွေကြောင့် အဆင့် ၃ နေရာနဲ့ ကျေနပ်ခဲ့ရပါတယ်။ ဒီနှစ်ရာသီမှာလည်း ဟယ်ရီကိန်းဟာ အသင်းနဲ့အတူ ၂၁ ဂိုးသွင်းယူထားပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဟယ်ရီကိန်းဟာ အခြားစံချိန်တင်တိုက်စစ်မှူးတွေလို့ပဲ ဂိုး ၂၀ကျော် သုံးနှစ်ဆက်တိုက် သွင်းယူနိုင်တိုင်း ပရီမီယာလိဂ်ဆုဖလား ရယူနိုင်မလားဆိုတာက စောင့်ကြည့်ချင်စရာပါ။

လက်ရှိအချိန်မှာတော့ စပါးအသင်းရဲ့ရပ်တည်မှုကလည်း ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့အဆင့် ၂ နေရာမှာ ရှိနေတယ်။ ရမှတ်ကလည်း ထိပ်ဆုံးမှာ ရှိနေတဲ့ ချယ်လ်ဆီးအသင်းနဲ့ လေးမှတ်ပဲကွာတယ်။ ဒါကြောင့် ဖြစ်နိုင်ခြေနဲ့ တွက်မယ်ဆိုရင် စပါးအသင်းရဲ့ ပရီမီယာလိဂ် ဖြစ်ခွင့်က အများကြီးရှိနေသေးတယ်။ ဟယ်ရီကိန်း၊ ဒါလီအလီတို့လို ကစားသမားတွေကလည်း ဒဏ်ရာပြဿနာ မရှိသေးဘူး။ ဒါကြောင့် ဒီနှစ်ပရီမီယာလိဂ်က ဘာမဆို ဖြစ်နိုင်တယ်။

ဒါပေမယ့် စပါးအသင်းက လက်ကျန်လေးပွဲမှာ ဝက်စ်ဟမ်း၊ မန်ယူ၊ လက်စတာ၊ ဟားလ်စီးတီးအသင်းတို့နဲ့ကစားရဦးမယ်။ ဒီထဲမှာ အကြိတ်အနယ်ယှဉ်ပြိုင်ရမှာက မန်ယူနဲ့ပွဲက ရှိတယ်။ ကျန်တဲ့ သုံးသင်းထဲမှာတော့ လက်စတာ တစ်သင်းပဲ တန်းဆင်းဇုန်ကနေ လွတ်ကင်းနိုင်ဖို့ ၈၀ ရာခိုင်နှုန်း လောက်သေချာတယ်။ ကျန်တဲ့ နှစ်နှစ်ဖြစ်တဲ့ ဝက်စ်ဟမ်းနဲ့ ဟားလ်စီးတီးတို့က တန်းဆင်းဇုန်ကနေလွတ်ဖို့ မနည်းကြိုးစားရမှာ ဖြစ်တာကြောင့် စပါးအသင်းအတွက်က အနည်းငယ်ခက်ခဲကောင်းခက်ခဲနိုင်ပါတယ်။

ဒါပေမယ့် အရင်ကစားသမားတွေတုန်းက သုံးနှစ်ဆက်တိုက် ဂိုး ၂၀ ကျော်သွင်းယူထားပြီးတိုင်း ပရီမီယာလိဂ်ဆုဖလား ရရှိတဲ့အစဉ်အလာကတော့ ရှိတယ်။ ဒါကြောင့် စပါးအသင်းကလည်း ဟယ်ရီကိန်းရဲ့တိုက်စစ်စွမ်းရည်တွေနဲ့အတူ ဒီနှစ်ပရီမီယာလိဂ်ကို ရယူနိုင်မလား။ ဟယ်ရီကိန်းကရော ဒီနှစ်ရာသီမှာ ပြီးခဲ့တဲ့ရာသီကလို ပရီမီယာလိဂ်ရွှေဖိနပ်ဆုကို ရယူထားနိုင်မလားဆိုတာကတော့ မြက်ခင်းစိမ်းတွေပေါ်က ပြိုင်ပွဲတွေကိုပဲ ရာသီကုန်တဲ့အထိ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ဒုတိယအကျော့

| | | | |
|---|---|---|---|
| အင်္ဂါနေ့ (၉-၅-၁၇) | | | |
| နံနက် ၁း၁၅ | ဂျူဗင်တပ်စ် | - | မိုနာကို |
| ဗုဒ္ဓဟူးနေ့ (၁၀-၅-၁၇) | | | |
| နံနက် ၁း၁၅ | အက်သလက် | - | ရီးရဲ |

## ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ဒုတိယအကျော့

| | | | |
|---|---|---|---|
| ကြာသပတေးနေ့ (၁၁-၅-၁၇) | | | |
| နံနက် ၁း၃၅ | လိုင်ယွန် | - | အိုင်းယက်စ် |
| နံနက် ၁း၃၅ | မန်ယူ | - | ဆဲလ်တာဗီဂို |

## မန်ယူကစားသမားများ လူမှုရေးဝက်ဘ်ဆိုက်အသုံးပြုမှုကို မန်နေဂျာ မော်ရင်ညို ကန့်သတ်ပိတ်ပင်မှုပြုလုပ်



မန်ယူပထမအသင်းနှင့် ပတ်သက်သည့် သတင်းများ ပေါက်ကြားမှုကို ထိန်းချုပ်ရန်အတွက် မန်ယူအသင်း ကစားသမားများအား လူမှုရေး ဝက်ဘ်ဆိုက်များ အသုံးပြုမှုကို ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ယခုနှစ် ဘောလုံးရာသီအတွင်း မန်ယူအသင်းကစားသမားအချို့၏ လူမှုရေး စာမျက်နှာတွင် ဖော်ပြခဲ့မှု အချို့အပေါ် ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။ မန်ယူကစားသမားများဖြစ်သည့် ပေါ့ဂ်ဘာနှင့် လင်ဂတ်တို့က ကာရင်တန် လေ့ကျင့်ကွင်းမှ အဝတ်လဲခန်းအတွင်း ၎င်းတို့ကနေသည့် ဗီဒီယိုကို Instagram တွင် ဖော်ပြခဲ့ခြင်းအပေါ် မန်ယူခံစစ်မှူးဟောင်း ရီယိုဖာဒီနန်က ဝေဖန်မှုပြုလုပ်ခဲ့သည်။ ထို့အပြင် မန်ယူခံစစ်မှူး လုခ်ရှောက ပြီးခဲ့သည့်လများအတွင်း ခြေထောက်ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် သီးခြားလေ့ကျင့်မှုပြုလုပ်နေသည့် ဓာတ်ပုံများကို လူမှုရေး စာမျက်နှာတွင် ဖော်ပြခဲ့ခြင်းနှင့် မကြာသေးမီက ဒူးဒဏ်ရာရရှိနေသူ ခံစစ်မှူး စမောလင်းသည် ရေကုထုံးဖြင့် ကုသသည့် ရေကူးကန်အတွင်း ကိုယ်အလေးချိန် လျှော့ကျစေရန် အပြေးလေ့ကျင့်နေသည့် ဗီဒီယိုတို့ကို ဖော်ပြခဲ့ခြင်းများအတွက် မန်နေဂျာ မော်ရင်ညို အမျက်ဒေါသထွက်ခဲ့ရကာ လူမှုရေးဝက်ဘ်ဆိုက်များ အသုံးပြုမှုကို ကန့်သတ်မှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

မန်နေဂျာ မော်ရင်ညိုက မန်ယူကစားသမားများအား အသင်း၏ လေ့ကျင့်ကွင်းနှင့် ကြံ့ခိုင်မှုပြန်လည်ရရှိရေးအတွက် လေ့ကျင့်ရေးအစီအစဉ်များတွင် လျှပ်တစ်ပြက် ရိုက်ကူးသည့် ဓာတ်ပုံများကို လူမှုရေးစာမျက်နှာများတွင် ဝေမျှခြင်းမပြုရန် တားမြစ်ခဲ့သည်။ ထို့အပြင် ဘောလုံးပွဲတစ်ပွဲ မကစားမီ ၄၈ နာရီအတွင်း မည်သည့်လူမှုရေးဝက်ဘ်ဆိုက်ကိုမှ အသုံးမပြုရန်လည်း ကန့်သတ်ထားကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

## ဂျရူးနှင့်ပတ်သက်သည့် သတင်းများကို အေးဂျင့်ဖြစ်သူ ငြင်းဆို




အာဆင်နယ်အသင်း တိုက်စစ်မှူး ဂျရူးသည် လာမည့် နွေရာသီဈေးကွက်ကာလအတွင်း အာဆင်နယ်မှ ထွက်ခွာရန် ရည်ရွယ်နေသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကို ဂျရူး၏ အေးဂျင့်ဖြစ်သူ မီချဲလ် မန်ယူလိုက ငြင်းဆို လိုက်သည်။ ပြင်သစ်တိုက်စစ်မှူး ဂျရူးသည် ဇာတိနိုင်ငံမှ ကလပ်အသင်းတစ်သင်း ဖြစ်သည့် မာဆေးအသင်းသို့ ပြောင်းရွှေ့ရန် ဆက်သွယ်မှုများ ပြုလုပ်နေသည်ဟု သတင်းများ ထွက်ပေါ်နေသူ ဖြစ်သည်။

တိုက်စစ်မှူး ဂျရူးသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲထွက်ကစား သမားအဖြစ် ကိုးပွဲသာ ပါဝင်ကစားခွင့် ရရှိထားသေးကာ ပုံမှန်ပွဲကစားခွင့် ဆုံးရှုံးနေမှုကြောင့် စိတ်ပျက်နေရဖွယ်ရှိသည်ဟု ထင်ကြေးပေးခံနေရသူ ဖြစ်သည်။ တိုက်စစ်မှူး ဂျရူးသည် ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၃၄ ပွဲ ပါဝင်ကစားထားကာ ၁၃ ဂိုး သွင်းယူပေးထားသူ ဖြစ်သည်။

အေးဂျင့်ဖြစ်သူ မီချဲလ် မန်ယူလိုက "ဂျရူးနဲ့ ပတ်သက်ပြီး ထွက်ပေါ်နေတဲ့ သတင်းတွေက မှန်ကန်မှု မရှိပါဘူး။ ဂျရူးဟာ မာဆေးအသင်းနည်းပြ ရူဒီဂါစီယာနဲ့ ဆက်သွယ်မှုတွေ ပြုလုပ်နေတယ်လို့ ပြောဆိုမှုတွေ ထွက်ပေါ်နေတယ်။ ကျွန်တော် ပြောချင်တာကတော့ ဒါဟာ မှားယွင်းတဲ့သတင်းဖြစ်တယ်ဆိုတာပါပဲ။ မာဆေးအသင်းနဲ့ ကျွန်တော်တို့ကြားမှာ ဘယ်လိုဆက်သွယ်မှုမျိုးမှ မရှိပါဘူး။ ဂျရူးဟာ အာဆင်နယ်အသင်းကို လာမယ့် ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် ကူညီပေးသွားဖို့ ဆန္ဒရှိနေသူ ဖြစ်ပါတယ်"ဟု မီဒီယာတစ်ခုနှင့် တွေ့ဆုံရာတွင် ပြောဆိုခဲ့သည်။

## အေစီမီလန်သို့ ပြောင်းရွှေ့ရန် ဖာဘရီဂက်စ် စိတ်ဝင်စားမှုမရှိ



အီတလီစီးရီးအေကလပ် အေစီမီလန်အသင်း၏ စိတ်ဝင်စားမှုကို ခံနေရသော်လည်း ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်က မိမိအနေဖြင့် အေစီမီလန် အသင်းသို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားမှု မရှိဟု ချယ်လ်ဆီးအသင်း တာဝန်ရှိသူများကို အသိပေး ပြောဆိုထားကြောင်း သတင်းများတွင် ရေးသား ဖော်ပြထားသည်။

စပိန်ကွင်းလယ်ကစားသမား ဖာဘရီဂက်စ် (၂၉နှစ်) သည် ချယ်လ်ဆီးအသင်း မန်နေဂျာ ကွန်တီ၏ လက်အောက်တွင် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပွဲထွက်ကစားသမားအဖြစ် ၁၀ ပွဲ သာ ပါဝင်ကစားခွင့် ရရှိခဲ့ခြင်းကြောင့် ဖာဘရီဂက်စ်၏ ချယ်လ်ဆီးကစားသမားဘဝ အနာဂတ်မှာ မရေမရာဖြစ်နေရသည်။ ပြီးခဲ့သည့်လအတွင်း တရုတ်စီးပွားရေးလုပ်ငန်းစုတစ်ခု၏ ဝယ်ယူခြင်းခံရသည့် အေစီမီလန်အသင်းသည် ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်အား လာမည့်နွေရာသီဈေးကွက်ကာလအတွင်းတွင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ကျော်ပေးချေကာ ခေါ်ယူသွားရန် ပြင်ဆင်နေသည်ဟုဆိုသည်။

သို့သော် ဖာဘရီဂက်စ်၏ မိသားစုများသည် လန်ဒန်တွင် နေထိုင်ကာ အခြေကျနေခြင်းကြောင့် ဖာဘရီဂက်စ်အနေဖြင့် အေစီမီလန်သို့ ပြောင်းရွှေ့ရန်စိတ်ပါဝင်စားမှုမရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်သည် မန်နေဂျာ ကွန်တီ၏ လက်အောက်တွင် အကန့်အသတ်ဖြင့်သာ ပါဝင်ကစားနေရသော်လည်း ပြိုင်ပွဲအရပ်ရပ်တွင် ခြောက်ဂိုးသွင်းယူထားကာ အသင်းများ ဂိုးသွင်းယူနိုင်စေရန် ၁၀ ကြိမ် ဖန်တီးပေးထားနိုင်သူဖြစ်သည်။ အာဆင်နယ်နှင့် ဘာစီလိုနာအသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးသူ ဖာဘရီဂက်စ်နှင့် ချယ်လ်ဆီးအသင်း တို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ လာမည့် ၂၀၁၉ ခုနှစ် နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။

ထက်အောင်

# သောင်ရင်းမြစ် အနောက်ဘက်ကမ်းဆီက တို့နယ်စပ်လမ်းတစ်သွယ်

ဆောင်းပါး - မြင့်စိုး(နတလ)

၂၀၁၇ ခုနှစ် ဧပြီလ ၃၀ရက်နေ့။ လမ်းဖွင့်ပွဲအခမ်းအနားကို ထိုနေ့နံနက် ၁၀ နာရီခွဲအချိန်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ဘားအံ - ကော့ကရိတ် - သင်္ကန်းညိုနောင်လမ်းအတိုင်း မိမိတို့ယာဉ်တန်း မောင်းနှင်လာချိန် အနည်းငယ် နောက်ကျသွားသဖြင့် နေခြည်နွေးနွေးအောက်မှာ သူတို့ စောင့်ခဲ့ရသည်။ သို့တစေ သူတို့မျက်နှာတွင် ပင်ပန်းနွမ်းနယ်မှု၊ စိတ်ညစ်ညူးမှုများ ရှာဖွေမတွေ့ခဲ့ပါ။ လန်းဆန်းတက်ကြွခြင်း၊ ကြည်နူးဝမ်းသာခြင်း၊ ကျေနပ်အားရ ပီတိဖြစ်ခြင်းတို့ဖြင့် ထုံမွမ်းသော စုတ်ချက်များ ရေးခြယ်ရောယှက်နေသည့်နှယ် မျက်နှာသွင်ပြင် အမူအရာတို့ကိုသာ တွေ့မြင်နေရသည်။

သူတို့ဆိုသည်မှာ မဲပလဲ့၊ ကော့ကော်၊ ထိဝါကလေး၊ တာလေ၊ ဝါးမီးကလား၊ ရွှေကုက္ကို ဒေသများမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူ သွေးချင်းများ ဖြစ်ကြသည်။ ဘင်ခရာတီးဝိုင်းအဖွဲ့များ၊ ပန်းပွားအဖွဲ့များ၊ ဒိုးပတ်ဝိုင်း အဖွဲ့သူအဖွဲ့သားများ စသည်ဖြင့် အတီးအမှုတ် အကအခုန် ဖျော်ဖြေရေးအဖွဲ့များကလည်း အစုံအလင်ပင်။ သူတို့အားလုံးသည် ထိုနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ပေးမည့် မဲပလဲ့-ကော့ကော်-ထိဝါကလေး နယ်စပ်ပတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနား၌ ပါဝင်ဆင်နွှဲရန် တပျော်တပါး တက်ရောက်လာကြခြင်းဖြစ်သည်။

အခမ်းအနားအစီအစဉ်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကော့ကရိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဦးက အဆိုပါ နယ်စပ်ပတ်လမ်းနှင့်ပတ်သက်၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် ဒေသခံပြည်သူ ဦးစောတင်နုက လမ်းဖောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်ဦးစောရင်နုနှင့် ပြည်နယ် နယ်ခြားစောင့်တပ် ဗဟိုကွပ်ကဲရေးနှင့်အကြံပေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးစောချစ်သူတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးကြသည်။




**ဆက်လက်၍လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝါးမီးကုးလား-ကလေဖိုးခွီးလမ်း ၁၁ မိုင်တွင် မြေသားလမ်းဖောက်လုပ်ပေးခြင်း၊ တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ များမကြာမီကာလအတွင်း ကလေဖိုးခွီးမှတစ်ဆင့် ခလယ်ဒေး-လေးဝါး-မဲသဝေါဒေသအထိ တစ်ဆက်တစ်စပ်တည်းဖောက်လုပ်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသောကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသော နယ်စပ်ပတ်လမ်းကြီးတစ်ခု ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြိုင်ကြီးငူ-မဲသဝေါလမ်း ၃၁ မိုင်တွင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးထားခဲ့ပြီးဖြစ်ရာ နယ်မြေဒေသတည်ငြိမ်အေးချမ်းခြင်း၏ အကျိုးရလဒ်များပင် ဖြစ်ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။**

ဒေသခံပြည်သူ ဦးစောတင်နုက ကျေးဇူးတင်စကား ပြောကြားရာတွင် ယခင့်ယခင် ကာလများက တစ်နည်းအားဖြင့်ပြောရလျှင် နယ်မြေဒေသတည်ငြိမ်အေးချမ်းခြင်း မရှိသေးသော အချိန်ကာလများက ထိုဒေသ၏ လမ်းပန်းဆက်သွယ်ရေးသည် အလွန့်အလွန်ပင် ခက်ခဲကြောင်း၊ ကားလမ်းမပေါက် ဘာမပေါက်နှင့် ကျန်းမာရေးဆိုင်ရာ ရောဂါဘယများ ဖြစ်ပွားလာ၍ ဆေးဝါးကုသရန် အနီးဆုံး မြဝတီမြို့နှင့် ကော့ကရိတ်မြို့များသို့ သွားလျှင်ပင် နှစ်ညအိပ်ခန့် သွားရကြောင်း၊ လူနာအတော်များများသည် လမ်းမှာပဲ အသက်ဆုံးရှုံးသွားကြသဖြင့် အထူးပင် ဝမ်းနည်းကြေကွဲဖြစ်ခဲ့ကြရကြောင်း၊ ယခု နယ်စပ်ရေးရာဝန်ကြီးဌာနက ဖောက်လုပ်ပေးသော မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းများကြောင့် မိနစ်ပိုင်း၊ နာရီပိုင်းအတွင်းမှာပင် သင်္ကန်းညိုနောင်မှတစ်ဆင့် ကော့ကရိတ်-မြဝတီ အာရှ ကားလမ်းမကြီးသို့ ပေါက်သွားပြီဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေးအတွက်ရော ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက်ပါ များစွာ အထောက်အကူပြုနေသဖြင့် ဒေသခံပြည်သူလူထုကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဝမ်းပန်းတသာ ပြောကြားသွားခဲ့သည်ကို ကြားလိုက်ရပါ၏။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံကာ ကရင်ပြည်နယ်အတွင်း၌ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မိမိတို့ဒေသအတွင်း လမ်းတံတားလုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေး အစရှိသော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တစ်စတစ်စ အကောင်အထည်ပေါ်လာခြင်းသည် ငြိမ်းချမ်းခြင်း၏ အကျိုးရလဒ်များပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နယ်စပ်ပတ်လမ်းသည် သင်္ကန်းညိုနောင်၊ မဲပလဲ့မှ ကလေဖိုးခွီးအထိ ၆၈ မိုင်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မဲပလဲ့-ကော့ကော်-ထိဝါကလေးလမ်း ၁၇ မိုင်ကို ကျောက်ရောမြေခင်းခြင်းနှင့် တံတားများတည်ဆောက်ခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်များတွင် ထိဝါကလေး-တာလေ-ဝါးမီးကုးလားလမ်း မိုင် ၄၀ ကို ကျောက်ခင်းခြင်းနှင့် တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ယနေ့ဖွင့်လှစ်ခဲ့သော မဲပလဲ့-ကော့ကော်-ထိဝါကလေး လမ်းပိုင်းမှ ၁၅ မိုင်ကျော်တွင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ လုပ်ငန်းများအတွက် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်းပေါင်း ၇၈၃၅ ဒသမ ၂၉၁ သန်း ကျခံသုံးစွဲ ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝါးမီးကုးလား-ကလေဖိုးခွီးလမ်း ၁၁ မိုင်တွင် မြေသားလမ်းဖောက်လုပ်ပေးခြင်း၊ တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ များမကြာမီကာလအတွင်း ကလေဖိုးခွီးမှတစ်ဆင့် ခလယ်ဒေး- လေးဝါး- မဲသဝေါဒေသအထိ တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသောကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသော နယ်စပ်ပတ်လမ်းကြီးတစ်ခု ပေါ်ပေါက်လာမည် ဖြစ်ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြိုင်ကြီးငူ-မဲသဝေါလမ်း ၃၁ မိုင်တွင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးထားခဲ့ပြီးဖြစ်ရာ နယ်မြေဒေသတည်ငြိမ်အေးချမ်းခြင်း၏ အကျိုးရလဒ်များပင် ဖြစ်ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

မဲပလဲ့- ကော့ကော်- ထိဝါကလေး- တာလေလမ်း၏ အရှေ့ဘက်တွင်လည်း မဲပလဲ့-ရွှေကုက္ကို- သက္ကာရ-မော်ဖားသူ-မဲလ လမ်းကိုလည်း ဖောက်လုပ်ပေးထားပြီးဖြစ်သည်။ အလားတူ မြဝတီမြို့ကိုဗဟိုပြု၍ တောင်ဘက်သို့ မျှော်ကြည့်လိုက်လျှင် မြဝတီမှ ဝေါလေလမ်းခွဲအထိ ၄၆ မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဖောက်လုပ်ပေးထားပြီး အချို့လမ်းပိုင်းမှာ ကတ္တရာခင်းပြီးဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ဝေါလေမှ စုကလိအထိ ၁၈ မိုင်ကို ကျောက်လမ်းအဆင့် ဖောက်လုပ်ပေးထားပြီး စုကလိမှ စခန်းသစ်အထိကို ၁၂ မိုင် မြေလမ်းဖောက်ပြီးဖြစ်သည်။ စခန်းသစ်နှင့် မဲကသီကြားတွင် ၁၅ မိုင် ဆက်လက်ဖောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ မဲကသီ-အဇင်း-ပိုင်ကလိုင်-တောင်ကလေးလမ်း ၁၉ မိုင်ကျော်ကိုမူ ကျောက်ခင်းလမ်း ဖောက်လုပ်ပေးထားပြီးဖြစ်သည်။

တောင်ကလေးနှင့် ဘုရားသုံးဆူကြားတွင် ၅၃ မိုင်ခန့်ရှိသည့်အနက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြေလမ်း မိုင် ၂၀ ကို ဖောက်လုပ်ထားပြီးဖြစ်ရာ ကျန်လမ်းပိုင်းကို ဘဏ္ဍာနှစ်အလိုက် ဆက်လက်လျာထား ဖောက်လုပ်ပေးသွားမည်ဖြစ်ပါသည်။ ဤကဲ့သို့ သောင်ရင်းမြစ် အနောက်ဘက်ကမ်းတစ်လျှောက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ဖောက်လုပ်ပေးခဲ့သော မြေလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်းများကို တစ်ဆက်တစ်စပ်တည်း ပုံဖော်ကြည့်လိုက်မည်ဆိုပါက တောင်ဘက် ဘုရားသုံးဆူမှ မြဝတီမြို့သို့လည်းကောင်း၊ မြဝတီမှ မြောက်ဘက် တာလေ၊ မဲသဝေါအထိလည်းကောင်း နယ်စပ်ပတ်လမ်းကြီးတစ်သွယ်ကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။

မွန်ပြည်နယ်အတွင်း၌လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ရေး-ဖလံချောင်းဝ-ကျုံကွီးလမ်း ၄၇ မိုင်ကျော်ကို ဖောက်လုပ်၍ မြေ၊ ကျောက်၊ ကတ္တရာခင်းခြင်းကို အပိုင်းလိုက် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း မြေလမ်း၊ ကျောက်လမ်းနှင့် တံတားများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ အဆိုပါလမ်းကြီး အချောသတ် ပြီးစီးသွားလျှင် အထက်ကတင်ပြခဲ့သော ဘုရားသုံးဆူ-တောင်ကလေးလမ်းပိုင်းနှင့် ဆက်စပ်သွားမည်ဖြစ်၍ မွန်ပြည်နယ် ရေးမြို့အထိ ခရီးပေါက်ရောက်သွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်အဖွဲ့သည် ထိုနေ့ နေ့လယ်ပိုင်းတွင် မြဝတီမြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းအုပ်နှင့် နည်းပြများအား တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။ ကရင်ပြည်နယ် မြဝတီ၊ ကော့ကရိတ်ဒေသမှ နေပြည်တော်သို့အပြန် မေလ ၁ ရက်တွင်လည်း မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ မဲလံ-ဖားကဒူးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကိုပါ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသတွင် နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ဟူသော မူဝါဒ(၄)ရပ် ချမှတ်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လမ်းတံတားလုပ်ငန်းများလည်း အပါအဝင်ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာ၌ ဒေသတစ်ခုချင်းအလိုက် လမ်းများ ဖောက်လုပ်ပေးနေသကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခု၊ ပြည်နယ်တစ်ခုနှင့်တစ်ခု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆက်သွယ်သွားလာနိုင်အောင်လည်း ရည်ရွယ်ဖောက်လုပ်ပေးလျက်ရှိသည်။ ထိုအထဲတွင် နယ်စပ်ပတ်လမ်းများလည်း ပါဝင်လျက်ရှိရာ အဆိုပါလမ်းများသည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အရေးကြီးသည့်လမ်းများ ဖြစ်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**မိတ္ထီလာ မေ ၄**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်အတွင်းရှိ (One Stop Shop) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက်ရှိ ပန်းလေပြေ(ဝန်ဇင်း)ဟိုတယ်ခန်းမတွင် မေ ၃ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် OSS ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်က အမှာစကားပြောကြားသည်။

ကော်မတီအတွင်းရေးမှူးက ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများ ကင်းရှင်း၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန် ထိန်းကျောင်းမှုများပြုနိုင်ရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံးများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ မိတ္ထီလာခရိုင် ဖွံ့ဖြိုးရေးအတွက် စေတနာ့ဝန်ထမ်းများ၊ သင်တန်းတက်ရောက်ခွင့်ရသူများက ပြည်သူလူထုအား အသိပညာပေးခြင်း၊ သတင်းအချက်အလက် ဖြန့်ဝေခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း စသည့် အရှိန်အဟုန်မြှင့် လုပ်ဆောင်ချက်များဖြင့် ပူးပေါင်းအကောင်အထည်ဖော်ရန် ယနေ့ အခမ်းအနားကို Action Aid Myanmar ၏ အကူအညီဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံးများ အောင်မြင်စွာ ဆက်လက်ရှင်သန် ဖွင့်လှစ်နိုင်ရေးအတွက် OSS အကောင်အထည်ဖော်ရေး ကော်မတီအဆင့်ဆင့်အနေဖြင့် ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းများတိုးမြှင့်၍ ပြည်သူအပေါ် ဝန်ဆောင်မှုပြုသွားနိုင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသန်က ခရိုင်အတွင်း ဖွင့်လှစ်ထားသော OSS ရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ Action Aid Myanmar မှ အကြံပေး Dr.Sital Kumar က သင်တန်းကို ပူးပေါင်းဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ မိတ္ထီလာမြို့နယ်အုပ်ချုပ်ရေးမှူးက ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ထားရှိမှု အခြေအနေနှင့် ပြည်သူ့အသံအဖြစ် ကျေးရွာအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ Action Aid Myanmar စီမံကိန်းတာဝန်ခံက မိတ္ထီလာမြို့နယ်အတွင်း စီမံကိန်းဆောင်ရွက်ချက်များကိုလည်း ရှင်းလင်းတင်ပြကြပြီး ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးအောင်သိုက်ဝင်းက ပြည်သူ့ဝန်ဆောင်မှုရုံးများတွင် ပါဝင်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်သည့် မန္တလေးတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး၊ Action Aid Myanmar မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးလူငယ်များ၊ စေတနာ့ဝန်ထမ်းလူငယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များက ပြည်သူ့ဝန်ဆောင်မှုစွမ်းရည် မြှင့်တင်နိုင်ရေးအတွက် ကျေးရွာအလိုက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ရွှေတောင်မြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ရွှေတောင် မေ ၄**
ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ရွာမကျေးရွာ၌ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အထောက်အကူဖြစ်စေရန် အခြေခံစက်ချုပ်သင်တန်းကို မေ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်လွင်မာအောင်က သင်တန်းဖွင့်လှစ်ပေးခြင်းကြောင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး တစ်ဦးချင်းဝင်ငွေတိုးပွားကာ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်အပြင် ကိုယ်ပိုင်လုပ်ငန်းငယ်လေးများ ထူထောင်လာနိုင်ကြရန်ပါ ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ သင်တန်းသို့ ဒေသတွင်းကျေးရွာများမှ သင်တန်းသူ ၁၅ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းကာလမှာ မေ ၃ ရက်မှ ဇွန် ၁ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနည်းပညာဆွေးနွေး

**နေပြည်တော် မေ ၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) စပါးသီးနှံဌာနခွဲမှ ၂၀၁၇-၂၀၁၈ မိုးစပါး သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး နည်းပညာဆွေးနွေးပွဲကို မေ ၂ ရက်က မောင်းရမ်းကျေးရွာအုပ်စု တောင်သူပညာပေးစခန်း၌ ကျင်းပခဲ့သည်။



အဆိုပါဆွေးနွေးပွဲသို့ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်ဦး၊ ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးနိုင်၊ ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းကိုနှင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ဆွေးနွေးခဲ့သည်။

ရှေးဦးစွာ စပါးသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်က သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် အခြေခံ အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယညွှန်ကြားရေးမှူး ဦးတိုးမင်းက ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်စနစ်များ ပြောင်းလဲစိုက်ပျိုးကြရန် ပညာပေးဆွေးနွေးသည်။ ယင်းနောက် သက်ဆိုင်ရာသီးနှံအလိုက် ရိတ်သိမ်းလွန်ချိန်နည်းပညာများကို ဘာသာရပ်အလိုက် သင်ကြားပို့ချရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ထမ်းများနှင့် တောင်သူဦးကြီးများက တွေ့ကြုံနေရသည့် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို အပြန်အလှန်မေးမြန်း၊ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# သီပေါမြို့နယ်၌ နွေရာသီကင်းထောက်လူငယ်မောင်မယ်သင်တန်းဖွင့်



**သီပေါ မေ ၄**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပါမြို့နယ်၌ နွေရာသီကင်းထောက်လူငယ်မောင်မယ်များ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁ ရက်က အလက(ခွဲ) အမက (၁) ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ကင်းထောက်တပ်ဖွဲ့မှူး ဦးသန်းလွင်က အခြေခံပညာကျောင်းများသည် လူငယ်များ၏ စာရိတ္တပညာရေးအတွေးအခေါ်၊ အလေ့အကျင့်အပြုအမူတို့ကို လေ့ကျင့်သင်ကြားပေးရသည့် ပညာပေးဌာနများဖြစ်သည့်အလျောက် နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာစေရန် ကင်းထောက်အတတ်ပညာ၊ ကင်းထောက်အဖွဲ့၏ ဥပဒေ၊ ဖွဲ့စည်းပုံအဆင့်ဆင့် လှုပ်ရှားဆောင်ရွက်ပုံတို့ကို သိရှိနိုင်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ကင်းထောက်သင်တန်းဖွင့်ပွဲသို့ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကင်းထောက်ကြီးများဖြစ်သော ဦးစိုင်းသာလှိုင်၊ ဦးလှမြင့်နှင့် ကင်းထောက်ဆရာ ဆရာမများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ သင်တန်းနည်းပြများ၊ ကင်းထောက်လူငယ်မောင်မယ်များ စုစုပေါင်း ၁၀၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တိုက်ကြီးမြို့နယ်တွင် စနစ်ကျစက်မှုလယ်ယာမြေများ ဖော်ထုတ်လျက်ရှိ

**တိုက်ကြီး မေ ၄**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရင်တိုက်ကွင်းကျေးရွာအုပ်စုနှင့် ကျိုက်စကိုင်းကျေးရွာအုပ်စုတို့တွင် တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားမှုဖြင့် အဆင့်မြင့် စနစ်ကျ စက်မှုလယ်ယာမြေများကို ဖော်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့် စက်မှုလယ်ယာမြေများ ဖော်ထုတ်လျက်ရှိသော ကျေးရွာအုပ်စုများတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို တိုက်ကြီးမြို့နယ် လယ်ယာမြေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ ကော်မတီအတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းစန်းမြင့် တို့နှင့်အတူ ကော်မတီဝင်များဖြစ်သော မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ ဦးစီးမှူးများ ပါဝင်သောအဖွဲ့က မေ ၃ ရက်တွင် ကွင်းဆင်းသွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ရင်တိုက်ကွင်း ကျေးရွာအုပ်စုတွင် လယ်သမား ၅၇ ဦး၏ လယ်မြေဧက ၂၈၃ ဒသမ ၃၈ ဧကကို မြဘုန်းသခင်ကုမ္ပဏီက တာဝန်ယူပြီး စနစ်ကျစက်မှုလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းဖြစ်သည့် ကေကွက်များဖော်ထုတ်ခြင်း၊ ရေသွင်း/ရေထုတ်မြောင်းများ တူးဖော်ခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကုမ္ပဏီဒါရိုက်တာ ဦးအောင်ကျော်သန်းက ရှင်းလင်းတင်ပြခဲ့သည်။ ရင်တိုက်ကွင်းကျေးရွာအုပ်စုတွင် စနစ်ကျ စက်မှုလယ်ယာမြေဖော်ထုတ်ခြင်းမှာ ပြီးစီးနေပြီဖြစ်၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လယ်သမားများအား ခွဲဝေပေးရန် မြို့နယ် လယ်ယာမြေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ကျေးရွာကော်မတီဝင်များအား မှာကြားခဲ့သည်။

ကျိုက်စကိုင်း ကျေးရွာအုပ်စုတွင် လယ်သမား ၂၄ ဦး၏ လယ်မြေ ၁၆၈ ဒသမ ၈၄၆ ဧကကို ထွန်းမြန်မာကုမ္ပဏီက တာဝန်ယူ၍ စနစ်ကျ စက်မှုလယ်ယာမြေ ဖော်ထုတ်နေမှုကိုလည်း မြို့နယ်လယ်ယာမြေကြီးကြပ်မှု ကော်မတီဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး ကုမ္ပဏီတာဝန်ခံနှင့် ကျေးရွာကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။ မြို့နယ်လယ်ယာမြေကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက မိုးကျတော့မည်ဖြစ်၍ လုပ်ငန်းများကို အမြန်ဆုံး လက်စသတ်နိုင်အောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းပြီးစီးပါက လယ်သမားများထံ စနစ်တကျခွဲဝေပေးရန် မှာကြားခဲ့သည်။



ရင်တိုက်ကွင်း ကျေးရွာအုပ်စုနှင့် ကျိုက်စကိုင်းကျေးရွာအုပ်စုတွင် စနစ်ကျ စက်မှုလယ်ယာမြေ ဖော်ထုတ်မှုမှာ စုစုပေါင်း ၄၅၃ ဒသမ ၁၂၈ ဧကဖြစ်ပြီး ထိုအဆင့်မြင့် စနစ်ကျ စက်မှုလယ်ယာမြေများကို တာဝန်ယူဖော်ထုတ်ပေးနေသော ကုမ္ပဏီများအနေဖြင့် တစ်နှစ်အတွင်း လယ်ကန်သင်းများ၊ ရေသွင်း/ရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများ ပျက်စီးမှုများရှိလာပါက အခမဲ့ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ခရိုင်နှင့် မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့အဆင့်ဆင့်ကို ကျစ်လျစ်သိပ်သည်းစွာ ပြင်ဆင်ဖွဲ့စည်းသွားမည်

**မိတ္ထီလာ မေ ၄**

မိတ္ထီလာခရိုင် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ တပ်ဖွဲ့အဆင့်ဆင့်ကို ကျစ်လျစ်သိပ်သည်းစွာဖြင့် ပြင်ဆင်ဖွဲ့စည်းသွားရန် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရဲ့ လမ်းညွှန်ကြီးကြပ်မှုနဲ့ အညီ မိတ္ထီလာခရိုင်နဲ့ ခရိုင်အတွင်းမှာ ပါဝင်တဲ့ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်နဲ့ သာစည်မြို့နယ် သူနာပြုတပ်ဖွဲ့ အဆင့်ဆင့်ကို ကျစ်လျစ်သိပ်သည်းစွာနဲ့ ဇွန်လအတွင်း ပြီးစီးအောင် ပြင်ဆင်ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ပြန်လည်ပြင်ဆင်ရတဲ့ အကြောင်းရင်းတွေထဲမှာ ယခင်ဖွဲ့စည်းထားတဲ့ ခရိုင်၊ မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အဆင့်ဆင့်မှာ ပါဝင်တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒုတပ်ခွဲမှူး၊ တပ်စုမှူးစတဲ့နေရာက လူတွေပြောင်းရွှေ့သွားတာမျိုး၊ ပြီးတော့ တပ်ဖွဲ့မှာ ဆက်လက်တာဝန်ထမ်းဆောင်ဖို့ မသင့်လျော်တော့တဲ့သူမျိုးတွေ ရှိတာကြောင့် အဲဒီနေရာတွေမှာ အစားထိုး ဖြည့်ဆည်းဖို့ ပါဝင်သလို အခု အသစ်ပြန်လည်ဖွဲ့စည်းပြင်ဆင်လိုက်တဲ့ မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဥပဒေနဲ့ ညီညွတ်ဖို့အတွက် တပ်ဖွဲ့အဆင့်ဆင့်ကို ကျစ်လျစ်သိပ်သည်းစွာနဲ့ ပြင်ဆင်ဖွဲ့စည်းပြီး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မိတ္ထီလာခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး(ဒုတိယတန်း) ဦးနေဦးက ပြောသည်။

ယခင်က ခရိုင်နှင့် မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တစ်ဖွဲ့တွင် တပ်ခွဲငါးခွဲဖြင့် ဖွဲ့စည်းခဲ့ပြီး တပ်ခွဲတစ်ခုတွင် တပ်ဖွဲ့ဝင်နှင့် အခြားအဆင့် စုစုပေါင်း ၁၁၀ ဦး ပါဝင်ရာ တပ်ဖွဲ့တစ်ဖွဲ့လျှင် စုစုပေါင်း တပ်ဖွဲ့ဝင်အင်အားမှာ ၅၅၀ ဦးအထိ ရှိခဲ့သည်။

ယခု ပြင်ဆင်ဖွဲ့စည်းမည့် ပုံစံသစ်အရ ခရိုင်နှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့တစ်ဖွဲ့တွင် တပ်ခွဲသုံးခုသာ ပါဝင်ပြီး တပ်ခွဲတစ်ခုတွင် တပ်ဖွဲ့ဝင်နှင့် အခြားအဆင့် စုစုပေါင်း ၄၃ ဦးသာ ရှိမည်ဖြစ်၍ တပ်ဖွဲ့တစ်ဖွဲ့ အင်အားမှာ ရုံးအဖွဲ့အပါအဝင် ၁၃၄ ဦးသာ ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးသူများအား ဆန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**လေးမျက်နှာ မေ ၄**

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာအုပ်စုတွင် လေပြင်းတိုက်ခတ်ခဲ့ခြင်းကြောင့် နေအိမ်များ ပြိုကျပျက်စီးခဲ့ရသည့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများ မေ ၂ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ပန်းတောကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည့် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲတွင် လေဘေးဒဏ်ခံခဲ့ရသည့် အိမ်ထောင်စု ၁၄ စုအတွက် ထောက်ပံ့ငွေ ကျပ် ၁၇ သိန်း၊ ဆန်ရိက္ခာအတွက် ကျပ် ၁၁၁၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးစီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဟင်္သာတခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဒေါ်မာမာအေး ဦးဆောင်သည့် ဝန်ထမ်းများက လေဘေးကြောင့် နေအိမ်ပျက်စီးခဲ့သည့် ဒေသခံပြည်သူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# နားလုံရေလွှဲဆည်နှင့် ဖိုင်မိန်းရေလွှဲဆည် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**မိုင်းကိုင် မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်အတွင်းရှိ နားလုံရေလွှဲဆည်နှင့် ဖိုင်မိန်းရေလွှဲဆည်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ဒေသခံတောင်သူများထံသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၁ ရက်က နားလုံရေလွှဲဆည်၌ ကျင်းပခဲ့ကြောင်း သိရသည်။



မိုင်းကိုင်မြို့နယ်တွင် ဒေသလက်လုပ်ဆည် ၂၁ ခုရှိသည့်အနက် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဖိုင်မိန်းကွန်ကရစ်ရေလွှဲဆည် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ် ၂၁၅ သန်းအသုံးပြု၍ ဆောင်ရွက်ခဲ့ကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နားလုံဆည်နှင့် ရေထိန်းတံခါး တည်ဆောက်သည့်လုပ်ငန်းနှင့် ဖိုင်မိန်း ကွန်ကရစ်ရေလွှဲဆည် အဝင်ချောင်းဘေး တစ်ဖက်တစ်ချက်တွင် ကျောက်စီနံရံတည်ဆောက်ခြင်း လုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၅၅၀ ဖြင့် လွိုင်လင်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူ၍ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် ဒေသခံပြည်သူများထံ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်ပွဲတွင် လွိုင်လင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် ရှမ်းပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်တိုးတို့က အမှာစကားပြောကြားပြီး ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိဦးသက်နိုင်က ဆည်နှင့် ပတ်သက်သည့် အချက်အလက်များကို ဆည်ကော်မတီဥက္ကဋ္ဌ ဦးမန်ခမ်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ဆည်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ဒေသခံတောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် နှစ်စဉ်လုပ်နေကျဖြစ်သည့် ဒေသလုပ် သစ်ရိုက်ဆည်များ ပြုလုပ်ရန် မလိုတော့သဖြင့် ငွေကြေးအကုန်အကျသက်သာခြင်း၊ ရေအခက်အခဲ ပြဿနာများ မကြုံတွေ့ရတော့သဖြင့် လယ်ယာလုပ်ငန်းခွင်များ အဆင်ပြေချောမွေ့ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# တာချီလိတ်ခရိုင်၌ မြို့နယ်ကြက်ခြေနီအသင်းခွဲများ စနစ်တကျဖွဲ့စည်းဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေး

**တာချီလိတ် မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင်အတွင်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးပွဲနှင့် ရန်ပုံငွေ ထောက်ပံ့လှူဒါန်းပွဲကို မေ ၂ ရက်က မိုင်းဖြတ်မြို့ရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် တာချီလိတ်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က မြို့နယ်အသင်းခွဲများ ဖွဲ့စည်းမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ အသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြက်ခြေနီလှုပ်ရှားမှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး ကော်မတီအတွင်းရေးမှူး ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး(ဒုတိယတန်း) ဦးဘမိုးမြင့်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းမှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မိုင်းဖြတ်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတပ်ရင်းမှူး ဒေါ်မာလာယော်က အသင်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်က ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မေ ၈ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ကြက်ခြေနီနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီက မြို့နယ်ကြက်ခြေနီအသင်းသို့ ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**



# လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့်ထောက်ပံ့ငွေများ ပေးအပ်

**အင်္ဂပူ မေ ၄**

ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကံဘက်ကျေးရွာအုပ်စု၊ သက္ကယ်ပြင်(သံ)ကျေးရွာအုပ်စုနှင့် ဝက်သေကျေးရွာအုပ်စုအတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲကို မေ ၂ ရက်က ကံဘက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေအိမ်၌ ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲတွင် ဟင်္သာတခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် အင်္ဂပူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်တို့က လေဘေးသင့်ပြည်သူများအား အားပေးနှစ်သိမ့်စကားပြောကြားပြီး ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဦးစီးဌာနမှူး ဦးသန်းစိုးက လေဘေးသင့်ပြည်သူများအား နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်နိုင်သည့် အခြေအနေနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက လေဘေးသင့်ဒေသခံပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ရာတွင် ဟင်္သာတခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ပြိုကျပျက်စီးသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအတွက် ထောက်ပံ့ငွေ ကျပ်သုံးသိန်း၊ သစ်သားအိမ်လေးလုံး ပြိုကျပျက်စီးမှုအတွက် တစ်အိမ်ထောင်လျှင် ကျပ်နှစ်သိန်းနှုန်း၊ ဝါးအိမ်တစ်လုံး ပြိုကျပျက်စီးမှုအတွက် ကျပ်တစ်သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးစီကို ပေးအပ်ခဲ့ပြီး အမိုးလန်ပျက်စီးသောအိမ်ခုနစ်လုံးအတွက် တစ်အိမ်လျှင် ကျပ်တစ်သိန်းနှုန်း၊ ပျက်စီးမှုအနည်းငယ်ရှိသော အိမ်ထောင်စု ၇၈ စုအတွက် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးတို့ကို ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် လေဘေးသင့်ပြည်သူပေါင်း ၃၁၃ ဦးအတွက် တစ်ဦးလျှင် ခုနစ်ရက်စာ ဆန်ဖိုး ကျပ် ၂၁၀၀ နှုန်းဖြင့် ထောက်ပံ့ငွေ ၂၉၅၇၃၀၀ ကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအတွက် အမှတ်(၅) တပ်မတော်လေ့ကျင့်ရေးသင်တန်းကျောင်းမှ ဗိုလ်မှူးသော်ဇင်နိုင် ဦးဆောင်သော တပ်မတော်သားများ၊ အင်္ဂပူမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးကျော်ထွန်းအေး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကံဘက်ကျေးရွာမှ ပရဟိတအဖွဲ့များကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်မြင့်စိုး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# နွား ၁၂ ကောင်ကို မောင်ခိုသယ်လာသူငါးဦးအား ဖမ်းဆီးရမိ

**အင်းတော် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အောင်းကုန်းကျေးရွာအနီး၌ နွား ၁၂ ကောင်ကို တရားမဝင် မောင်ခိုသယ်ဆောင်လာသူငါးဦးအား မေ ၃ ရက် နံနက် ၂နာရီခွဲခန့်က ဖမ်းမိခဲ့ကြောင်း သိရသည်။

ကသာခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်အောင်အောင်သန်းနှင့်အဖွဲ့၊ အင်းတော်မြို့ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သန်းထွန်းလှိုင်နှင့်အဖွဲ့များက အောင်းကုန်းကျေးရွာအနီး တောလမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် အလယ်ဆိပ်ကျေးရွာဘက်မှ နွား ၁၂ ကောင်ကို မောင်းနှင်လာသော စိုးမောင်၊ အောင်ကိုထူး၊ သန်းနိုင်၊ ဝင်းနိုင်နှင့် ဖိုးထွန်းတို့အား တွေ့ရှိစစ်ဆေးရာ ခွင့်ပြုချက်စာရွက်စာတမ်း တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံရေးသွင်းကာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ နွားများကို မောင်ခိုသယ်ဆောင်လာသူငါးဦးအား အင်းတော်မြို့ရဲစခန်း၌ အရေးကြီးကုန်စည်ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

(၀၆၇)

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက်ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်ကြေညာလွှာတင်သွင်းရန် နိုးဆော်ခြင်း

၁။ ၂၀၁၆ခုနှစ် ဧပြီ (၁)ရက်မှ ၂၀၁၇ခုနှစ် မတ် (၃၁)ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်းကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရရှိသည့် ပြည်ထောင်စုအစိုးရ၏စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များစုပေါင်း ထားသည့် အဖွဲ့အစည်း (သို့မဟုတ်) အသင်း၊ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းများအပါအဝင် မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်း၊ ကြေညာလွှာ(သို့မဟုတ်)နှစ်ချုပ် ဝန်ဆောင်မှု ကြေညာလွှာကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ ကြေညာလွှာတွင် ဖော်ပြထားသည့်ရှင်းလင်း ချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံး (သို့မဟုတ်)အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေပေးပို့နိုင်ပါသည်။လူကိုယ် တိုင် ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း ဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံ ထားရန် အသိပေးနိုးဆော်အပ်ပါသည်။

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း
(ခ) ကုန်စည်တင်သွင်းခြင်း
(ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း
(ဃ) ဝန်ဆောင်မှုဆောင်ရွက်ခြင်း

၂။ ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည် အမျိုးအစားများနှင့်ဝန်ဆောင်မှုလုပ်ငန်းများမှအပ၊ သမဝါယမကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများအတွက် အခွန် မစည်းကြပ်ထိုက်သည့် ရောင်းရငွေသို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာ နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ
(ခ) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀တိတိ
(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀တိတိ

၃။ တင်သွင်းရမည့်နောက်ဆုံးရက်။ ၂၀၁၇ခုနှစ် ဇွန် ၃၀ရက် (သောကြာနေ့)

၄။ ပျက်ကွက်မှုအတွက်ပြစ်ဒဏ်။ လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှ သောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၅။ ကြေညာလွှာပုံစံရယူရန်။ ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ် အခွန် ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတို့တွင် အခမဲ့ ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၆။ စုံစမ်းရန်။ မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး ရုံး(သို့မဟုတ်) အလယ် အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ (သို့ မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင် မှုရုံး၊(Tax Srevice Unit) (ရန်ကုန်)၊ အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(Tax Service Unit) (မန္တလေး)၊ ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
## ဝင်ငွေကြေညာလွှာတင်သွင်းရန်နိုးဆော်ခြင်း

၁။ ၂၀၁၆ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၇ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်း ရရှိသောဝင်ငွေ အပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူရမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်း၊ သမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ် (လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့်အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ် အရ မှတ်ပုံတင်၍ဖွဲ့စည်းထားသည့် အဖွဲ့အစည်း(သို့မဟုတ်)အသင်းအဖွဲ့တို့သည် ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာ လွှာ၏ မှတ်ချက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)၊ (၃) သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်ထောက်ခံထားရန် အသိပေးနိုးဆော်အပ်ပါသည်။

၂။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)ရှိ အခွန် ထမ်းများအနေဖြင့် ကိုယ်တိုင်အခွန်တွက်ချက် စည်းကြပ်၍ ဝင်ငွေကြေညာလွှာများကို အခွန်ထမ်းကြီး များဆိုင်ရာ အခွန်ရုံးနှင့်အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁) သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် ကြေညာလွှာတွင်ပူးတွဲပါရှိသော ညွှန်ကြားချက်များကို သေချာစွာဖတ်ရှုလိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး နှစ်ချုပ်ရှင်းတမ်းတင်သွင်းရန်မလိုအပ်ပါ။

၃။ ဝင်ငွေနှစ်အတွင်း လစာခေါင်းစဉ်မှသာ ဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ် ပါ။ သို့ရာတွင် အလုပ်ရှင်သည် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန်လိုအပ်ပါသည်။

၄။ ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရန် အခွန်ထမ်း၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန် စည်းမျဉ်းများအရ ထားရှိရမည့်စာရင်းများအပါအဝင်ဖြစ်သော သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်း ရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့်ပူးတွဲ တင်ပြရန်လိုအပ်ပါသည်။

၅။ ပေးပို့ရမည့် နောက်ဆုံးရက် ၂၀၁၇ခုနှစ် ဇွန် ၃၀ရက် (သောကြာနေ့)

၆။ ဝင်ငွေကြေညာလွှာတင်သွင်းရန် ပျက်ကွက်မှုအတွက်ပြစ်ဒဏ်ပေးဆောင်ရမည့် အခွန်အပြင် ယင်းအခွန် ၏ တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်ပါသည်။

၇။ ကြေညာလွှာပုံစံနှင့် လစာနှစ်ချုပ်ပုံစံရယူရန်
ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)(သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်း အခွန်များဦးစီးဌာန၏ website ဖြစ်သည့် http//www.irdmyanmar.gov.mm မှလည်းရယူနိုင်ပါသည်။

၈။ စုံစမ်းရန် မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ် အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)(သို့မဟုတ်)အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(မန္တလေး)၊ ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင် ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

### မွေးသက္ကရာဇ်အမှန်
ပန်းတနော်မြို့နယ်၊ ခရေကန်အုပ်စု၊ တိုက်ကုန်းကျေးရွာနေ ဦးကျင်ရှိန်၏ သမီး မမြတ်မြတ်စန်း ၁၄/ပတန(နိုင်) ၁၁၆၅၈၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၂-၁၉၈၂ ဖြစ်ပါသည်။

### မိဘအမည်မှန်
ဗန်းမော်မြို့၊ အထက(၃)နဝမတန်း (A)မှ မငွါးရီမီး၏ မိဘအမည်မှန် မှာ ဦးငွါးလဲ ၁/ဗမန(နိုင်)၀၄၆၃၀၈ နှင့် ဒေါ်အားဆာမီး ၁/ဗမန(နိုင်) ၀၈၀၀၆၃ ဖြစ်ပါကြောင်း။
**ဦးငွါးလဲ-ဒေါ်အားဆာမီး**

### ဖခင်အမည်မှန်
ပုဂံညောင်ဦးမြို့နယ်၊ အလက၊ ဖွားစော(န) အဌမတန်းမှ မသီသီ အောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်း ထွန်းဝင်း ၉/ညဥန(နိုင်)၂၃၄၁၃ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းဝင်း**

### ကန့်ကွက်နိုင်ပါကြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်း ရပ်ကွက် အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၈၅၄)၊ ဧရိယာ(သုည ဒသမ ၁၄၆)ဧက၊ ဒေါ်သန်းဌေး၁၂/ဗဟန(နိုင်)၀၁၂၂၃၆ အမည် ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၂၅/၂၀၁၇ (၃၀-၃-၂၀၁၇)ဖြင့် ဝယ်ယူ ထားသူ ဒေါ်အေးအေးခိုင် မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၀၆၈၆၈၇၊ အဘအမည် ဦးကံညွန့်မှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း
ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊မြေကွက်အမှတ်(၉၃)၊မြေကွက်တည်နေရာ (၉၃)၊ စက်မှု(၆)လမ်း၊ ဇုန် ၁ ရပ်ကွက်၊ ရွှေပြည် သာ၊ နို့နှင့် နို့ထွက်ပစ္စည်း ကုန်ထုတ်သမဝါယမ အသင်းလီမီတက် အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား ဒေါ်မေရီ(ဦးစီးအရာရှိ)ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၇၁၅/၂၀၁၇)(၂၀-၁-၂၀၁၇)ရရှိသူ G.P ဦးစိုးမင်း ၁၂/ကမရ(နိုင်) ၀၁၃၆၄၇ မှ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ်ရုံး၏ နို့နှင့် နို့ကုန်ထုတ်သမဝါယမအသင်း လီမီတက်မှ လင်းရှင်းအထွေထွေ စီးပွားရေး သမဝါယမအသင်းသို့ အမည်ပြောင်းလျှောက် ထားခြင်းအား ကန့်ကွက်ရန်မရှိကြောင်း ထောက် ခံစာ၊ လင်းရှင်းအထွေထွေစီးပွားရေးသမဝါယမ အသင်းသို့ အမည်ပြောင်းလျှောက်ထားနိုင်ရေး၊ ရွှေပြည်သာမြို့နယ်၊ သမဝါယမဦးစီးဌာန၏ စီမံ ကော်မတီအစည်းအဝေးမှတ်တမ်း၊ နို့နှင့် နို့ထုတ် ကုန်သမဝါယမအသင်းအား စာရင်းရှင်းလင်း ရာတွင် ရွှေပြည်သာမြို့နယ်သမဦးစီးဌာနမှ ဦးစီး အရာရှိအား စာရင်းရှင်းတာဝန်ခံခန့်အပ်ကြောင်း နှင့် သမဝါယမအသင်း နည်းဥပဒေ အခန်း(၁၄)၊ ပုဒ်မ(၇၄)အရ ဦးစီးအရာရှိလုပ်ပိုင်ခွင့်အရ လုပ်ကိုင်ခဲ့ကြောင်း ဒေါ်မေရီ ဦးစီးအရာရှိ၏ တင်ပြစာတို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက် ထားလာရာ တရားဝင် ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### အလုပ်ပိတ်ရက်ကြော်ငြာ
ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလံရုံး များကို ၂၀၁၇ခုနှစ်၊ မေ (၁၀)ရက် (ကဆုန်လပြည့်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ် ပါသည်။







**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 6H/7071 Daihatsu Hijet SHOP P/U(4×4)R.H.D ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လှ ၁၂/ သလန(နိုင်)၀၁၃၇၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**



သမဝါယမတက္ကသိုလ် (သန်လျင်) နှင့် **WISE College** တို့ပူးပေါင်းဖွင့်လှစ်သော
Business Management Higher Diploma (အမှတ်စဉ် - ၇) နှင့်
Advanced Diploma (အမှတ်စဉ် - ၆) သင်တန်းအတွက်
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း
**WISE College**

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းများ စတင်အပ်နှံနိုင်ပါပြီ..........

- **Business Management Higher Diploma** • **Business Management Advanced Diploma**

၁။ Business Management Higher Diploma သင်တန်းများကို အသက် ၁၆ နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများ၊ ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင် စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းများကို အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် တက်ရောက်ရမည်ဖြစ်ပါသည်။ ဖြေဆိုအောင်မြင်ပြီးပါ က သမဝါယမတက္ကသိုလ်(သန်လျင်) နှင့် WISE College တို့ ပူးပေါင်းပေးအပ်သော Diploma လက်မှတ်ရရှိ မည်ဖြစ်ပါသည်။
၃။ ၎င်း Diploma သင်တန်းအောင်မြင်ပြီးဆုံးပါက abe (UK) Diploma များကို ဆက်လက်တက်ရောက်ဖြေဆို နိုင်ပါသည်။
၄။ ထူးချွန်စွာအောင်မြင်သူများကို On Job Training (OJT) နှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တာဝန်ယူ ရှာဖွေပေးသွားပါမည်။
၅။ သင်တန်းကြေးကို (၆)လ (သို့) (၁)နှစ် အရစ်ကျစနစ်ဖြင့် CB Bank နှင့် ချိတ်ဆက်၍ လစဉ်ပေးသွင်းနိုင်ပါသည်။

ပညာအရည်အချင်းအထောက်အထားမူရင်းနှင့် မိတ္တူ(၂)စုံ၊ ဓာတ်ပုံ(၃)ပုံတို့နှင့်တကွ WISE College တွင် (၂၈.၄.၂၀၁၇) ရက်နေ့ မှစ၍ (၁၅.၅.၂၀၁၇) ထိ နောက်ဆုံးထားအပ်နှံနိုင်ပါသည်။

**WISE College** : (1009 A/B), ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊
Ph : 09-253 528 521, 09-253 528 520




## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ အဋ္ဌမတန်း(D)အောင်မှ မဖူးဖူးပွင့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းစိုး ၁၁/ပတန(နိုင်)၀၂၆၃၄၃ ဖြစ်ပါသည်။

## ဖခင်အမည်မှန်နှင့် အမည်မှန်

ပိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၊ အထက(ခတ်ချို)၊ နဝမတန်း($A_1$) အောင်မှ မောင်သိန်းဇော်မိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဦးဖြစ်ပြီး၊ အဋ္ဌမတန်း(A)အောင်မှ မောင်ဆန်းတီ၏အမည်မှန်မှာ မောင်ဝင်းလှိုင် ဖြစ်ပါသည်။

## ဖခင်အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

သံတောင်ကြီးမြို့နယ်၊ ဇလဲကျေးရွာအုပ်စု၊ တောင်ဇလဲကျေးရွာနေ နော်မအုန်းမြင့်(ခ)နော်အေးမြကြယ်စင်၏ဖခင်အမည်မှန်မှာ ဦးကျော်ရွှေအေးဖြစ်ကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁-၅-၁၉၉၉) ဖြစ်ပါသည်။

## အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၂)၊ နဝမတန်းအောင်မှ မအားမွေး၏ အမည်မှန်မှာ မအားမွေဖွမ် (KTG-၁၄၈၂၀၃)ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးလောက်လို ၁၃/ကတန(နိုင်)၁၀၄၃၅၃ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးခြင်း

ကျွန်မ ဒေါ်အားလင်းလျှံ ၁၃/ကတန(နိုင်)၀၁၄၀၆၈ အမည်ဖြင့် ပြုလုပ်ထားသော အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ် (ထောက်ခံချက်အမှတ်-စ၁/၀၁၀၇၅/ထလ) မူရင်းမှာ ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန် ဖုန်း-၀၈၄-၂၁၄၅၅**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်း၊ အဝေယျာလမ်း၊ အမှတ်(၅၁၈/အေ)နေ အဘ-ဦးမောင်မောင်ကြီး၏ သမီး ဒေါ်သင်းသင်းမောင် (၁၂/ဒဂန(နိုင်)၀၀၀၃၉၇)၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

TREND®

**မှတ်ပုံတင်အမှတ် - ၂၀၂၅/၂၀၀၅**

အထက်တွင် ယှဉ်တွဲပါ မှတ်ပုံတင်အမှတ်ဖြင့် တရားဝင်မှတ်ပုံတင်သွင်းပြီးသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အဝတ်အထည်အမျိုးမျိုး၊ ဦးထုပ်၊ ဖိနပ်စသည့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများဖြစ်စေ၊ တစ်စိတ်တစ်ဒေသသော်လည်း ကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ထင်ယောင်ထင်မှားသော်လည်ကောင်း၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ မှာယူထုတ်လုပ်လက်ဝယ်ထားရှိ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ပါရန် တားမြစ်အပ်ပါသည်။ အကယ်၍ တုပပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တရားမကြောင်းအရ သော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရ သော်လည်းကောင်း တရားစွဲဆိုအရေးယူကာ တရားစရိတ်နှင့်တကွ လျော်ကြေးငွေများတောင်းခံသွားမည့်အပြင် တုပပြုလုပ်သူတို့၏ လုပ်ငန်းအား အပြီးအပြတ်ပိတ်သိမ်းပြီးဖြစ်သည့်တိုင် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခင်မောင်ချို (စဉ်-၆၃၂၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၆၆၊ နတ်ရှင်နောင်လမ်း၊ ၁-ရပ်ကွက်**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၃၀၈၈၅၄၉**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဗဟိုရ်စည်အိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၃၉/၄၀)နေ အဘ-ဦးတင်အောင်၏ သမီး ဒေါ်အေးအေးအောင် (၁၂/အလန(နိုင်)၀၂၈၃၇၅)၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

Hello Myanmar Call Center

**မှတ်ပုံတင်အမှတ် - ၄၅၇၆၂၀၁၇**

အထက်တွင် ယှဉ်တွဲပါ မှတ်ပုံတင်အမှတ်ဖြင့် တရားဝင်မှတ်ပုံတင်သွင်းပြီးသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် Call Center လုပ်ငန်း(သတင်းအချက်အလက်များကို အလွယ်တကူ အချိန်မရွေး မေးမြန်းနိုင်သော ဝန်ဆောင်မှုလုပ်ငန်း)နှင့် ပရဟိတအသင်းစသည့်လုပ်ငန်း အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဝန်ဆောင်မှုလုပ်ငန်းပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိတစ်ဦးတည်းမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများဖြစ်စေ၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ထင်ယောင်ထင်မှားသော်လည်ကောင်း၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တရားမကြောင်းအရ သော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခင်မောင်ချို (စဉ်-၆၃၂၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၆၆၊ နတ်ရှင်နောင်လမ်း၊ ၁-ရပ်ကွက်**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၃၀၈၈၅၄၉**

## အမည်ပြောင်း

မင်းဘူးမြို့၊အထက(၂)မှ နဝမတန်းအောင်မြင်ခဲ့သော ဦးကျော်နေမျိုး ၈/ပခက(နိုင်)၁၅၂၆၉၁ ၏ သား မောင်စွမ်းရည်ထက်အား မောင်စွမ်းရည်ရဲထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စွမ်းရည်ရဲထက်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ နတ်စင်ကုန်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာ၊ ဆည်မြောင်းဝင်းနေ ဦးကံ၏ သား ဦးသောင်းဆွေနှင့် ဦးကျော်ရွှေ ၁၂/ရကန(နိုင်)၀၃၃၀၆၉ မှာ တစ်ဦးတည်းဖြစ်ပါသည်။ **ဦးသောင်းဆွေ(ခ)ဦးကျော်ရွှေ**

## အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ ပေတုန်းမြောင်အုပ်စု၊ ကုန်းပေါ်စုရွာနေ ဦးညွန့်ဝေ ၉/လဝန(နိုင်)၀၅၇၀၉၄၏သား ကန်လှ အထက(ခွဲ) သတ္တမတန်း (A)မှ မောင်ဟန်ဇော်ဖြိုးအား မောင်ဟန်ထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာနေ ဦးဇော်ဝင်းနှင့် ဒေါ်ခင်သန်းဝင်းတို့၏သား မောင်သစ်လွင် ၅/ဆလက(နိုင်)၀၆၇၆၀၈သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမလိုက်နာဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ဒုက္ခပေးနေခြင်းကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးဇော်ဝင်း ၅/ဆလက(နိုင်)၀၂၂၇၉၈**

## သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၈)ရပ်ကွက်၊ အိုးကုန်း ဦးသာကျော်လမ်းနေ ကျွန်မ ဒေါ်မြနှစ်၏ အိမ်ထောင်ခွဲသမီးများဖြစ်ကြသော မလေးလေးမြင့်နှင့် မမေနှင်းထွေး ၇/တငန(နိုင်)၁၄၄၇၈၂ တို့သည် မိခင် မုဆိုးမအိုကြီးအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် နေ့စဉ်လိုလို လာရောက်ခြိမ်းခြောက်ကြိမ်းမောင်းနေကြသဖြင့် ယနေ့မှစ၍ ၎င်းသမီးနှစ်ဦးတို့အား အမွေစားအမွေခံသမီးများအဖြစ်မှ အပြီးတိုင် အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာပါသည်။

**မိခင်-ဒေါ်မြနှစ် ၇/တငန(နိုင်)၀၅၇၃၇၁ (တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ် ၄၉၊ အကွက်အမည် မူလတန်းကျောင်းရှေ့၊ ဦးပိုင်အမှတ် ၁၁၃၊ ဧရိယာ ၀.၁၁၄ ဧက၊ ဂရန်အမှုတွဲအမှတ် ၇၁/၂၀၀၀-၂၀၀၁ အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှဘော်သူ ဆိုသူထံမှ ၁၂-၂-၂၀၁၀ရက်တွင် ဦးအောင်သာဇံက ဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။ အဆိုပါ မြေကွက်ဥပစာနှင့်ပတ်သက်၍ အမည်ပြောင်း ဂရန်လျှောက်ထားရန်အတွက် မှတ်ပုံတင်စာချုပ်စာတမ်းများချုပ်ဆိုရန် ကန့်ကွက်မည့်သူများရှိပါက အထောက်အထားစုံလင်စွာဖြင့် နာမည်ပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်သာဇံ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သရဖီထွန်း LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၄၅၈၇)**
**အမှတ် ၃/၂၀၀၊ ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၅၅)၊ (၂၅ပေ×ပေ ၅၀)ရှိ ငါးလွှာ ရေ၊ မီးအစုံအခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တိုက်ခန်းပိုင်ဆိုင်သူ ဦးခွန်သန်းထွန်း ၁၂/စခန(နိုင်)၀၀၄၈၄၀ ထံမှ ဒေါ်ခင်သန်းဝင်း ၁၃/နမတ(နိုင်)၀၁၃၄၂၅က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းဝင်း ၁၃/နမတ(နိုင်)၀၁၃၄၂၅**
**၁၅/သုံးလွှာ၊ သုခမိန်လမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၆၂၁၃၂၅၂၇**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆ/ရပ်ကွက်၊ မေဓာဝီ ၁ လမ်း၊ အမှတ်(၁၁၅)နေ ဦးတင်လတ်၊ ဒေါ်ဘေဘီ(ခ)ဒေါ်တင်တင်အေးတို့၏ သမီး မရတနာတင်လတ် ၁၂/ဥကမ(နိုင်)၂၃၈၂၈၃ သည် မိဘများ၏ ပြောဆိုဆုံးမမှုများကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကို လုပ်ဆောင်သွားပါသဖြင့် ယနေ့မှစ၍ ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို မိဘများမှ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင် ဒေါ်ဘေဘီ(ခ)ဒေါ်တင်တင်အေး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၂၀၈၂ Honda CB-400 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဇော်လှ ၁၀/ပမန(နိုင်)၀၉၃၃၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

# AUTRON နားကြားကိရိယာ



**BIG SALES!**
(2~9.MAY.17)

ဆိုင်ဖွင့်ချိန်
9:00 am to 6:00 pm

AUTRON Hearing Care Centre မှ နားမကြားသူ မိဘပြည်သူများ၏ နားလေးနှုန်း မည်မျှရှိသည်ကို ခေတ်မီနားတိုင်းစက်များဖြင့် "အခမဲ့" တိုင်းတာပေးပြီး နားကြားကိရိယာများကို အထူးဈေးနှုန်း (5% to 10%)ထိ လျှော့ချပေး၍ "ကံစမ်းမဲ" များကိုလည်း မေတ္တာလက်ဆောင် ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် ၃၇၇၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ -၂၄၃၆၄၄ ၊ ၃၈၅၂၄၅
အမှတ် (၄၃၂) ၊ မြေညီထပ်၊ ဗညားဒလလမ်း၊ ရန်ကုန်။ ဖုန်း -၀၉ ၄၅ ၅၂၀ ၇၄၄၀ ၊ ၀၉ ၅၁ ၂၉၅၆၈

# ယာဉ်မောင်းများနှင့် ရုံးဝန်ထမ်းများ အမြန်အလိုရှိပါသည်

| | | |
|---|---|---|
| ၁။ | ၁၂ဘီး ကုန်တင်ယာဉ်မောင်း | ကျား (၂)ဦး |
| ၂။ | ၆ဘီး (၆တန်) ယာဉ်မောင်း (လိုင်စင်အနီ) | ကျား (၂)ဦး |
| ၃။ | ၆ဘီး (၄တန်) ယာဉ်မောင်း (လိုင်စင်အနီ) | ကျား (၂)ဦး |
| ၄။ | ရုံးဝန်ထမ်း | ကျား/မ (၄)ဦး |

လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ အမှတ်(၄၄+၄၅)၊ ကနောင်မင်းသားကြီးလမ်းနှင့် မြတောင်ဝန်ကြီးဦးမှိုလမ်းထောင့်၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်တွင် တာဝန်ထမ်းဆောင်ရန် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

**1 Sqft = 4000Ks**

လန(၃၉)ကျပြီး မြေပြုပြင်ပြီး
ရန်ကုန်-ပုသိမ်လမ်းအနီး ၉မိုင်၊ ငဖလုံ
ဂိုဒေါင်၊ အသေးစားစက်မှု/လက်မှု နေရာကောင်း
(၉) ဧက ၊ ဧက ခွဲရောင်းသည်။

**Ph: 09-797920009**

# ရွှေလမ်းခရီး

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

မြန်မာ-ဂျပန်စက်မှုဇုံအနီး
ကမ်းမေးတင်(၃၂ဧက)
ရောင်းရန်ရှိသည်။
09-49227270

# အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

# San brotherhood

ဇုဒ္ဓီ မဖွဲ့ သံယံ

"စစ်ဆေးစမ်းသပ် (အခမဲ့)"

**Air-Con,** ရေခဲသေတ္တာ၊ အဝတ်လျှော်စက် များကို မြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။



Water Cooler 55,000Ks
Air Cooler 65,000Ks
အဝတ်လျှော်စက် 140,000Ks
အဝတ်လျှော်စက် 190,000Ks

(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း



1HP 265000Ks

ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

# ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

# ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
မြောက်ပိုင်း၊
ရွှေပြည်သာမြို့နယ်
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

# Back @ MCC

The 4th International Exhibition for Food & Drink, Hotel, Restaurant Bakery & Food Service Equipment, Supplies & Services
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ အစားအသောက် နှင့် အဖျော်ယမကာ၊ ဟိုတယ် ၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်း၊ အထောက်အကူပစ္စည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ကုန်စည်ပြပွဲ

FOOD & HOTEL 2017 Myanmar

**7- 9 JUNE 2017**
Myanmar Convention Centre (MCC)
Yangon (10.00 -18.00 Hrs.)

Including: ပါဝင်ပြသသူ
MCAC 2017
MNBC 2017

Including: Over 200 Exhibitors • 24 countries • 500 Products • 6 International Pavilions from Korea, Singapore, Taiwan, Thailand, Turkey and USA



The Industry's Choice

Admission • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

Register at www.foodandhotelmyanmar.com
Info Hotline : +95-1 513 515-519

Supported by
FoSTA
MFPEA
Endorsed by
Organised by: UBM

# BLUE DIAMOND CEMENT

ဘိလပ်မြေ (header): ဘလူးဒိုင်းမွန်းဘိလပ်မြေ

BLUE DIAMOND CEMENT
STRENGTH FOREVER



ဘလူးဒိုင်းမွန်းဘိလပ်မြေကို ကိုရီးယားမှ ထိပ်တန်းအင်ဂျင်နီယာများနှင့်
ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့်
မြန်မာပြည်တွင် ဂုဏ်ယူစွာဖြင့်ကြီးစွာ ထုတ်လုပ်ပါသည်။

WWW.BLUEDIAMONDCEMENT.COM | 09-777-777-688 | WWW.FACEBOOK.COM/BLUEDIAMONDCEMENT

# ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံရဲ့ အဓိကမိတ်ဖက်ဖြစ်သလို ခေတ်သစ်မြန်မာနိုင်ငံမှာနေထိုင်တဲ့ မြန်မာပြည်သူများကို မိမိတို့ရဲ့ ခိုင်မာတဲ့ချစ်ကြည်ရင်းနှီးမှုကို ပြသနိုင်မယ့် အခွင့်အလမ်းတစ်ရပ်ဖြစ်

မြန်မာအစိုးရအဖွဲ့ စတင်တာဝန်ယူပြီး တစ်နှစ်အကြာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဆုံးအကြိမ် ဘရပ်ဆဲလ်မြို့ရှိ ဥရောပသမဂ္ဂ တရားဝင်ခရီးစဉ်ကို ကြိုဆိုခွင့်ရတဲ့အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ အထူးသဖြင့် သူမရဲ့ဥရောပသို့ လာရောက်တဲ့ ပထမဆုံးအကြိမ်ခရီးစဉ်အတွင်း ဥရောပသမဂ္ဂသို့ လာရောက်ခြင်းကို ဂုဏ်ယူမိပါတယ်။

**အသိအမှတ်ပြုတဲ့ ပြယုဂ်ဖြစ်**

ယခုခရီးစဉ်သည် မိမိတို့ရဲ့ခိုင်မာတဲ့ ချစ်ကြည်ရင်းနှီးမှု၊ နက်ရှိုင်းစွာ တည်ရှိတဲ့ မိတ်ဖက်ဆက်ဆံရေးနဲ့ အတူတကွလက်တွဲဆောင်ရွက်လျက်ရှိတဲ့ ခိုင်လုံတဲ့အချက်များကို အသိအမှတ်ပြုတဲ့ ပြယုဂ်လည်း ဖြစ်ပါတယ်။ မိမိတို့ရဲ့ ဆွေးနွေးမှုကို ဥရောပသမဂ္ဂဖွဲ့စည်းသည့် ရောမစာချုပ် နှစ်(၆၀) မြောက် အခါသမယသို့ ဒေါ်အောင်ဆန်းစုကြည်မှပေးပို့ခဲ့တဲ့ နွေးထွေးမှုရှိတဲ့ အမှာစကားအတွက် ကျေးဇူးတင်ရှိကြောင်းဖြင့် စတင်ခဲ့ပါတယ်။

**အထူးအလေးထားစရာဖြစ်**

ယင်းသည် ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေး၏ အဓိက မဟုတ်သော်လည်း ကမ္ဘာတစ်ဝန်းရှိ မိတ်ဆွေများနဲ့ မိတ်ဖက်များမှ ဥရောပသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်မှုများအပေါ် မည်မျှအလေးထားသည်ကို တွေ့မြင်ရခြင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်မှ ယင်းအခမ်းအနားအတွက် ပေးပို့ခဲ့တဲ့ အမှာစကားကို ကြားခွင့်ရခဲ့ခြင်းများဟာ မိမိအတွက်သာမက မိမိတို့အားလုံးအတွက်ပါ အထူးအလေးထားစရာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

## ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအတွက် မည်သည့်အကောင်းဆုံးနည်းလမ်းများဖြင့် ဆက်လက်အားပေးကူညီ ပံ့ပိုးပေးသွားနိုင်မည်ကို ဆွေးနွေးခဲ့


ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များပြီးဆုံး

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် မေ ၄**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲ ပထမအဆင့် (တတိယနေ့)ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မဟာယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့ ဒုတိယအဆင့် တက်ရောက်သွားကြသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မဟာယူနိုက်တက်အသင်းက တက္ကသိုလ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ယခုပွဲတွင် ခြေအသာဖြင့်ကစားကာ ဂိုးပြတ်သွင်းယူပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်အသင်းသည် ပွဲအစပိုင်းသာ မဟာအသင်းကို အပြန်အလှန်ကစားကာ ခြေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း

စာမျက်နှာ ၅ ကော်လံ ၃ ❍


မဟာယူနိုက်တက်နှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်

# ၆၆ ကေဗွီ ဓာတ်အားခွဲရုံများ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောတို့တွင် တည်ဆောက်မည်

**သတင်း- မောင်စိန်လွင်၊ လှကျော်(ဘူးသီးတောင်)**

**ဘူးသီးတောင် မေ ၄**

ရခိုင်ပြည်နယ်အတွင်းရှိ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်သော ဒေသမြို့များဖြစ်သည့် ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့များတွင် ပြည်သူလူထု လျှပ်စစ်မီး အပြည့်အဝ ပေးနိုင်ရေးအတွက် ၆၆ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်ပေးသွား မည်ဖြစ်ကြောင်း လက်ထောက်မန်နေဂျာ ဦးဟိန်းမိုးထက် (မောင်တောခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး)က ပြောသည်။

"ဒီမှာက System မီးရမယ်ဆိုရင်တော့ ပြည်သူတွေကို မီးလုံလုံလောက်လောက် ပေးနိုင်မှာပါ။ အခုကတော့ မီးစက်ရဲ့ သုံးနိုင်အားပေါ်မှာ မူတည်ပြီးတော့ မီးပေး နေရ တယ်။ ဘူးသီးတောင်၊ ရသေ့တောင်နဲ့ မောင်တော သုံးမြို့စလုံး မီးစက်နဲ့ ပြည်သူကို မီးပေးနေရတာ။ အခုလျာထားဆောက်ရွက်နေတဲ့ ၆၆ ကေဗွီ ဓာတ်အားခွဲရုံတွေကိုတော့ အမြန်ဆုံး အကောင်အထည်ဖော်ဖြစ်မှာပါ။

စာမျက်နှာ ၁၂ ကော်လံ ၁ ▲

